# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၅။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၅ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၄၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး တက်ရောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
# ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ပြပါမယ်။

ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ တောင်သူလယ်သမား အခက်အခဲကိစ္စ၊ ဦးဖေသောင်း၊ ကချင်(၆)၊ တောင်သူလယ်သမား အခက်အခဲကိစ္စ၊ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ၎င်းကိစ္စ၊ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ၎င်းကိစ္စ၊ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ၎င်းကိစ္စ၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ၎င်းကိစ္စ၊ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ၎င်းကိစ္စ၊ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ၎င်းကိစ္စ၊ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ၎င်းကိစ္စ၊ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ၎င်းကိစ္စ၊ ဗိုလ်မှူးနေလင်းအောင်၊ တပ်မတော်သား၊ ၎င်းကိစ္စ၊ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ၎င်းကိစ္စ၊ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ မိသားစုကိစ္စ၊ ဦးထွန်းလွင်၊ ကချင်(၉)၊ မိသားစုကိစ္စ၊ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ မိသားစုလုပ်ငန်းကိစ္စ၊ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒုတိယဗိုလ်မှူးကြီးထွန်းလင်းအောင်၊ တပ်မတော်သား၊ အရေးကြီးတာဝန်၊ ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်သား၊ ကျန်းမာရေး၊ (လေ) ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်သား၊ ဇနီးသည်ဖွားမြင်၊ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ နေမကောင်း၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဖခင်ကျန်းမာရေး၊ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ဒေသရှိရှမ်းလူငယ်များကိစ္စ၊ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ဆေးစစ်ခံ၊ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးကျော်ကျော်၊ ရခိုင်(၂)၊ သမီးကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၄၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မိတ္ထီလာမြို့နယ်ရှိ မုံတိုင်ရေလှောင်တမံမှ မိတ္ထီလာတောင်ကန်သို့ ရေကူပေးသော မြေသားမြောင်း အား အုတ်စီမြောင်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မိတ္ထီလာမြို့နယ်ရှိ မုံတိုင်ရေလှောင်တမံမှ မိတ္ထီလာတောင်ကန်သို့ ရေကူပေး သော မြေသားမြောင်းအား အုတ်စီမြောင်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏

ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမြို့နယ်ရှိ မုံတိုင်ရေလှောင်တမံမှ မိတ္ထီလာတောင်ကန်သို့ ရေကူပေးသော မြေသားမြောင်း အား အုတ်စီမြောင်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာကန်ကြီး တည်ရှိပါတယ်။ အဆိုပါ မိတ္ထီလာကန်ဟာ စိုက်ပျိုးရေနဲ့ လူထုသောက်သုံးရေအတွက် ရှေးမြန်မာမင်းများ အဆက်ဆက် ပြုပြင်ဆယ်ဖို့ ခဲ့သော ကန်တော်ကြီးဖြစ်ပါတယ်။ မိတ္ထီလာကန်ဟာ သဲနုန်းပို့ချမှုကြောင့် ကန်တိမ်ကောမှု လျော့နည်းစေရန်နှင့် ရေကူပေးနိုင်ရန်အတွက် မိတ္ထီလာကန်၏ အထက်ဘက်တွင်ရှိသော မုံတိုင် ရေလှောင်တမံကို ၁၉၆၆-၁၉၆၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး မုံတိုင်ချောင်းအတိုင်း မိတ္ထီလာကန်သို့ ရေကူပေးခဲ့ပါတယ်။ ချောင်းအတိုင်း ရေကူပေးရာမှာ ရေဆုံးရှုံးမှု၊ လေလွင့်မှု များပါသဖြင့် ရေဆုံးရှုံးမှု လျော့နည်းစေရန်အတွက် မုံတိုင်ရေလှောင်တမံမှ မိတ္ထီလာတောင်ကန် သို့ ဆက်သွယ်သော (၈.၃၈)မိုင်ရှိသော ရေသွယ်မြောင်းကို ၁၉၉၁ ခုနှစ်တွင် ဖောက်လုပ်ပေးခဲ့ ပါတယ်။ ရေသွယ်မြောင်း အလျား(၈.၃၈)မိုင်နဲ့ အချို့နေရာများမှာ ကွန်ကရစ်မြောင်းအဖြစ် လည်းကောင်း၊ အုတ်စီမြောင်းအဖြစ်လည်းကောင်း ဆောင်ရွက်ထားကြောင်း တွေ့ရှိရသော်လည်း မိတ္ထီလာတောင်ကန်သို့ ဝင်သောအပိုင်းတွင် မြေသားမြောင်းအဖြစ်သာ တည်ရှိနေကြောင်း တွေ့ရှိ ရပါတယ်။ ရေဆုံးရှုံးမှု နည်းပါးစေရန်နှင့် ကူပေးသောရေ သန့်ရှင်းမှု ရှိစေရန်အတွက် အဆိုပါ ကျန်ရှိသော မြေသားမြောင်းအား အုတ်စီမြောင်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ကျန်ရှိသော မြေသားမြောင်းအား အုတ်စီမြောင်းအဖြစ် ပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ရခိုင်ပြည်နယ်အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က ရခိုင်ပြည်နယ်အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ဦးခင်မောင်၊ ရခိုင် မဲဆန္ဒနယ် အမှတ်(၃)မှ ကိုယ်စားလှယ်က တလေးတစားနဲ့ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးချင်တဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်မှာ စိုက်ပျိုးရေးအတွက် အရေးကြီးတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးလိုပါတယ်။

ရခိုင်ပြည်နယ်ဟာ ဆန်စပါး အဓိကစိုက်ပျိုးတဲ့ ဒေသဖြစ်ပါတယ်။ ရခိုင်ပြည်နယ် လူဦးရေ (၇၀)ရာခိုင်နှုန်း၊ မြန်မာပြည်ရဲ့ (၇၀)ရာခိုင်နှုန်း လူဦးရေဟာ အဲဒီမှာ ဆန်စပါးကိုပဲ အဓိက ထားပြီးတော့ စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ အခုအချိန်မှာ ဆန်စပါးဈေးနှုန်းကလည်း ကျဆင်း ပြီးတော့ ရာသီဥတု ဖောက်ပြန်ခြင်း၊ သီးနှံအထွက်ကျဆင်းခြင်းအတွက်နဲ့ လယ်သမား တွေဟာ ဒုက္ခရောက်ပြီးတော့ လယ်ယာကိုင်းကျွန်းကို စွန့်လွှတ်ပြီး တစ်ရပ်တစ်ဒေသကို ရွှေ့ပြောင်း လုပ်သားအဖြစ်နဲ့ ပြောင်းရွှေ့လုပ်ကိုင်နေကြရပါတယ်။ အဲဒါကြောင့် ဒီလယ်ယာလုပ်ငန်းမှာ လုပ်သား ရှားပါးခြင်း ပြဿနာပါ ဆက်တိုက်ဖြစ်ပေါ်လာပါတယ်။ လယ်သမားတွေရဲ့ သားသမီး တွေဟာလည်းပဲ စီးပွားရေး မပြေလည်တဲ့အတွက် ပညာတစ်ပိုင်းတစ်စနဲ့ ရပ်ဆိုင်းပြီးတော့ ရရာ အလုပ်ကို လုပ်နေရတဲ့ဘဝ ဖြစ်နေပါတယ်။ မြန်မာနိုင်ငံတော်ရဲ့ လယ်သမားဘဝ၊ လူနေမှုဘဝ မြင့်မားရေးနှင့် ဆင်းရဲမှုလျှော့ပါးရေး ရည်မှန်းချက်များဟာ အဓိပ္ပာယ်မဲ့လာပါတယ်။

လယ်ယာလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ (၇၀)ရာခိုင်နှုန်းဖြစ်တဲ့ ပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့အပြင် နိုင်ငံတော်ရဲ့ နိုင်ငံခြားပို့ကုန် အနေနဲ့လည်း အင်မတန်မှ အရေးကြီးတဲ့ ပို့ကုန်ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း ဆိုတာကလဲ Green Economy, Green Environment အတွက် အဓိက မဖြစ်မနေ ဆောင်ရွက်ရမယ့် လုပ်ငန်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးဟာ ဖေဖော်ဝါရီလ ၂ ရက်နေ့က စိုက်ကွင်းတစ်ခုကို လေ့လာရင်းနဲ့ အဲဒီမှာ မိန့်ကြားခဲ့တာ ရှိပါတယ်။ စိုက်ပျိုးရေး ပညာရှင်တွေနဲ့ စံပြစိုက်ပျိုးရေးစခန်းတွေကို တည်ထောင်ပြီးတော့ တောင်သူတွေအတွက် ဈေးကွက်လိုအပ်ချက်နှင့်အညီ ပြောင်းလဲ ရွေးချယ်စိုက်ပျိုးတတ်ဖို့ ပံ့ပိုးပေးရမယ်။ လယ်သမား ချမ်းသာမှ တိုင်းပြည်ချမ်းသာမယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေဟာ ကိုယ့်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ပနိုင်ငံတွေ၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်။ သမားရိုးကျ မဟုတ်ဘဲ ပြောင်းလဲဆောင်ရွက်မှသာ လယ်သမားဘဝ တိုးတက်နိုင်မှာဖြစ်တယ်လို့ လမ်းညွှန်မိန့်ကြားခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ဆန်တန်ချိန် (၁)သန်းသာ ပြည်ပကို တင်ပို့နိုင်သေးတယ်ဆိုတာဟာ အင်မတန်မှ ကျွန်တော်တို့ ဝမ်းနည်းစရာကောင်းပါတယ်။ စိုက်ပျိုးရေးထွက်ကုန်ဟာ တစ်ဆကနေ သုံးဆအထိ ကျွန်တော်တို့ တိုးတက်လုပ်ကိုင်ဖို့ ကြိုးစားနေတဲ့အချိန်မှာ ကျွန်တော်တို့ ဒီကဏ္ဍကို အားသွန်ပြီးတော့ လုပ်ပေးရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကျောင်း တစ်ကျောင်းဆိုတာဟာ ဒီဒေသအတွက်သာမက တိုင်းပြည်အတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာကို ဒီကနေ့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ဗီယက်နမ်တို့၊ အိန္ဒိယတို့ဟာ အားသွန်ခွန်စိုက်နည်းပညာတွေနဲ့ ကြိုးစားနေကြတဲ့အတွက် ထိပ်တန်းကို ရောက်နေတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့မှာ ၁၉၇၃ ခုက စိုက်ပျိုးရေး အထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၉ ခုမှာ ရပ်ဆိုင်းသွားခဲ့ရပါတယ်။ အခုအခါမှာ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး တက္ကသိုလ်တစ်ခုနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း (၉)ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။ ကျွန်တော် အသေးစိတ် မပြောတော့ပါဘူး။ အဲဒီကျောင်းတွေကတော့ များသောအားဖြင့် ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပွင့်ဖြူ၊ ပုသိမ်ကြီး၊ သာယာဝတီ၊ ဟဲဟိုး၊ မြိတ်၊ အခု မြစ်ကြီးနားမှာ စိုက်ပျိုးရေး အထက်တန်းကျောင်း တစ်ကျောင်းဖွင့်လှစ်ဖို့ လုပ်ဆောင်နေကြတယ်လို့ သိရှိရပါတယ်။

စိုက်ပျိုးရေးသိပ္ပံကျောင်း မရှိတဲ့အတွက် ရခိုင်ပြည်က ကျောင်းသူ၊ ကျောင်းသားတွေဟာ ပဲခူးတိုင်း၊ သာယာဝတီ၊ သထုံ၊ မြောင်းမြ၊ ပွင့်ဖြူ၊ အောင်ပန်း တို့မှာ သွားပြီးတော့ တက်ရောက် သင်ကြားနေရပါတယ်။ ကိုယ့်ဒေသမှာသာ သိပ္ပံကျောင်းရှိမယ်ဆိုလို့ရှိရင် စရိတ်စကကုန်ကျ သက်သာတဲ့ အပြင် ကျောင်းသူ၊ ကျောင်းသား အမြောက်အမြားတက်ရောက် သင်ကြားနိုင်မှာ ဖြစ်ပါတယ်။ တီထွင်တဲ့၊ ခေတ်မီတဲ့ နည်းစနစ်တွေနဲ့ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးကို မြှင့်တင်ဖို့ ဆိုလို့ရှိရင် ဒီလိုပညာပေးမှုတွေ ရှိမှသာလျှင် ကျွန်တော်တို့ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မဖြစ်မနေ လုပ်ဆောင်ဖို့ လိုအပ်လာတဲ့အတွက် ကျွန်တော်တို့ ဆင်းရဲမှု လျှော့ချရေး၊ လုပ်သားပြည်သူ၊ ကျေးလက်ပြည်သူတွေရဲ့ ဘဝမြင့်မားရေးအတွက် လုပ်ရမှာ ဖြစ်တဲ့အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ခြင်း ရှိ/မရှိ ဆိုတာကို တလေး တစားနဲ့ မေးမြန်းရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းစံပြကျေးရွာနှင့် ဝမ်းတွင်းမြို့သို့ ဆက်သွယ်ထားသည့်လမ်းအား ဂန့်ဂါးအပါအဝင် မြေသား၊ ပြွန်များ တပ်ဆင်ရန်အတွက် လိုအပ်ငွေကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် က ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းစံပြကျေးရွာနှင့် ဝမ်းတွင်းမြို့သို့ ဆက်သွယ် ထားသည့်လမ်းအား ဂန့်ဂါးအပါအဝင် မြေသား၊ ပြွန်များ တပ်ဆင်ရန်အတွက် လိုအပ်ငွေကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဒုတိယ ဝန်ကြီးများ၊ တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြား ထားသော အထူးဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးရမယ့် မေးခွန်းကတော့ ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းစံပြကျေးရွာနှင့် ဝမ်းတွင်းမြို့သို့ ဆက်သွယ်ထားသည့်လမ်းအား ဂန့်ဂါးအပါအဝင် မြေသား၊ ပြွန်များ တပ်ဆင်ရန်အတွက် လိုအပ်သောငွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ချပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

သဘွတ်ကုန်းစံပြကျေးရွာနဲ့ ဝမ်းတွင်းမြို့ ဆက်သွယ်တဲ့ လမ်းဟာ အရှည်အားဖြင့် (၅)မိုင် (၂)ဖာလုံ ကွာဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးဟာလည်း ခက်ခဲလှပါတယ်။ အဆိုပါလမ်းဟောင်းမှာ စမုံမြောင်းပေါင်ကို အသုံးပြုခဲ့ရပါတယ်။ ၂၀၁၀ ခုနှစ်က မိုးရာသီမှာ မိုးများစွာရွာသွန်းတဲ့အတွက်ကြောင့် ဒီတာပေါင်ဟာ ကျိုးပဲ့ပျက်စီးလျက် ရှိတဲ့အတွက်ကြောင့် သွားလာရေးမှာ ခက်ခဲမှုရှိလှပါတယ်။ ယခုအခါ အဲဒီလမ်းဟောင်းကို အသုံးမပြုတော့ဘဲ စမုံလက်ယာမြောင်းပေါင်၏ လက်ယာဘက်ဘေးမှ အမြင့်(၂)ပေ၊ အကျယ်(၁၂)ပေ၊ အရှည်(၅)မိုင် (၂)ဖာလုံခန့်ရှိသော မြေသားလမ်း ဖောက်လုပ်ခဲ့ရာ (၁)မိုင် (၂)ဖာလုံခန့်ကို အမြဲမပြတ် သွားလာနိုင်တဲ့ အနေအထားမျိုး ဖြစ်စေရန် ပြည်သူလူထု၏ ထည့်ဝင်ငွေကျပ် သိန်းပေါင်း(၂၂၀) စိုက်ထုတ်၍ ဂန့်ဂါးခင်းပြီးဖြစ်ပါတယ်။ ကျန်နေတဲ့ (၄)မိုင်ကိုတော့ ဂန့်ဂါး အပါအဝင် မြေသားခင်းရန် လိုအပ်လျက်ရှိနေခြင်း၊ လမ်းတွင် လိုအပ်သော ပြွန်များ တပ်ဆင်ခြင်း တို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာများနဲ့ တွက်ချက်ရာ ငွေကျပ်သိန်း (၈၈၀)ခန့် ကုန်မယ်လို့ သိရပါတယ်။ အဲဒီလိုအပ်တဲ့ငွေဟာ ယခုနှစ်မှာတော့ ရာသီဥတု မကောင်းမွန်သဖြင့် သီးနှံများရရှိမှုနည်းပါးခြင်းအတွက် ကျေးရွာလူထုမှာ အခက်အခဲ ရှိပါတယ်။

သို့ဖြစ်ပါ၍ ထိုလမ်းကို ပြုပြင်ပေးပါရန်အတွက်၊ ပြွန်များ တပ်ဆင်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပံ့ပိုးမှု ရှိ/မရှိ သိလိုပါဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၁။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကျွန်တော် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးသုံးဦး မေးမြန်းထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တစ်ခုချင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်ရှိ မုံတိုင်ရေလှောင်တမံမှ မိတ္ထီလာတောင်ကန်သို့ ရေကူပေးသော မြေသားမြောင်းအား အုတ်စီမြောင်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် စတင်ဖြေကြားပါမယ် ခင်ဗျား။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာကန်သို့ ရေကူပေးနိုင်ရန်အတွက် မုံတိုင်ရေလှောင်တမံကို ၁၉၆၆-၁၉၆၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး မုံတိုင်ချောင်းအတိုင်း မိတ္ထီလာကန်သို့ စိုက်ပျိုးရေနှင့် မြို့လူထု သောက်သုံးရေအတွက် ရေကူပေးလျက် ရှိပါတယ် ခင်ဗျား။ မိတ္ထီလာတောင်ကန်သို့ ရေကူပေးရာတွင် ရေဆုံးရှုံးမှုနည်းပါးစေရန်နှင့် သဲနုန်းပို့ချမှု သက်သာစေရန်အတွက် မုံတိုင်-မိတ္ထီလာ ဆက်သွယ်မြောင်းအသစ်ကို ၁၉၈၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပါတယ်။ မြောင်းတစ်လျှောက် လယ်ယာမြေ (၁၃၇၂)ဧကကိုလည်း ရေပေးဝေနိုင်ခဲ့ပါတယ်။ ယင်းဆက်သွယ်မြောင်းသည် အလျား(၈.၃၈)မိုင်ရှိ၍ ရေထုတ်ပွင့်(၇)ခု ပါရှိပါတယ်။ ရေသွယ်မြောင်းအလျား (၈.၃၈)မိုင်ရှိသည့်အနက် အလျား(၅.၉၈)မိုင်ကို လိုင်နင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသဖြင့် အလျား(၂.၄)မိုင်သာ မြေသားမြောင်းအဖြစ် ကျန်ရှိပါတယ်။ ကျန်ရှိတဲ့ မြေသားမြောင်း (၂.၄)မိုင် အုတ်လိုင်နင်စီခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြ

တောင်ခံထားပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းအနေနဲ့ကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ရဲ့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်း တစ်ကျောင်းကို နေပြည်တော်ကောင်စီ နယ်မြေ၊ ဇေယျာသီရိမြို့နယ်တွင် ဖွင့်လှစ်ပေးထားပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့တွင်လည်း စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းတစ်ကျောင်း ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်းများကိုလည်း ၂၀၁၂-၂၀၁၃ ခုနှစ်အထိ (၉)ကျောင်း ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါတယ်။ အဲဒါတွေကတော့ နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့မှာ ဖွင့်လှစ် ထားရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ ဧရာဝတီတိုင်း ဒေသကြီးမှာ မြောင်းမြမြို့၊ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့၊ မွန်ပြည်နယ်၊ သထုံမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့၊ ရှမ်းပြည်နယ်တွင် ဟဲဟိုးမြို့ တို့တွင် ဖွင့်လှစ်ထားခဲ့ပါတယ်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စိုက်ပျိုးရေးသိပ္ပံ(၉)ကျောင်းတွင် တက်ရောက် သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူဦးရေမှာ ပထမနှစ်သင်တန်း၌ (၁၆၇၆)ဦး၊ ဒုတိယနှစ်သင်တန်း၌ (၉၇၁)ဦး၊ တတိယနှစ်သင်တန်း၌(၅၂၇)ဦးဖြင့် စုစုပေါင်း(၃၁၇၄)ဦး ရှိပါတယ်ခင်ဗျား။ စိုက်ပျိုးရေးသိပ္ပံမှာ တက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၃၁၇၄)ဦးအနက် ရခိုင်ပြည်နယ်မှလည်း (၁၆၆)ဦး တက်ရောက်သင်ကြားလျက်ရှိရာ ပထမနှစ် ကျောင်းသင်တန်းတွင် (၇၄)ဦး၊ ဒုတိယနှစ်သင်တန်းတွင် (၈၀)ဦး၊ တတိယနှစ်သင်တန်းတွင် (၁၂)ဦး တက်ရောက်သင်ကြား လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်း အမှန်တကယ် လိုအပ်ပါတယ်။ လောလောဆယ်မှာ ရွှေဘိုမြို့ရှိ စိုက်ပျိုးရေးသိပ္ပံအား စိုက်ပျိုးရေး တက္ကသိုလ်အဖြစ် အဆင့်မြှင်ဖွင့်လှစ်ရန်နှင့် နောက်တစ်ခု မြစ်ကြီးနားမြို့နယ်မှာ စိုက်ပျိုးရေး

သိပ္ပံကျောင်းတစ်ကျောင်းကို တိုးချဲ့ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်နေရသဖြင့် ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ရေး အစီအစဉ် လောလောဆယ်ဆောင်ရွက်ပေးနိုင်ရန်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တတိယမေးခွန်းကို ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းအနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် ၏ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းကျေးရွာအုပ်စု သဘွတ်ကုန်းစံပြကျေးရွာနှင့် ဝမ်းတွင်းမြို့သို့ ဆက်သွယ်သည့် လမ်းအား ဂန့်ဂါးခင်းရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ငွေများ ချပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ မေးမြန်းချက်မှာပါတဲ့ သဘွတ်ကုန်းစံပြကျေးရွာနှင့် ဝမ်းတွင်းမြို့သို့ ဆက်သွယ်တဲ့လမ်းမှာ စမုံရေထိန်းတမံ လက်ယာမြောင်းပေါင်၏ လက်ယာဘက်ဘေးမှ ဖောက်လုပ်ထားခြင်းမဟုတ်ဘဲ စမုံလက်ဝဲမြောင်းပေါင်၏ လက်ယာဘက်ဘေးမှ ဖြတ်သန်းဖောက်လုပ်ထားတဲ့ လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် သဘွတ်ကုန်းစံပြကျေးရွာမှ လက်ဝဲမြောင်း၏ ပေတိုင်(၄၈၈၀၀)ရှိ တံတားကိုဖြတ်၍ မြောင်း၏ လက်ယာဘက်ဘေးမှ တူးမြောင်းနှင့်အပြိုင် ဖောက်လုပ်ထားပြီး ပေတိုင်(၆၆၆၂၅)ရှိ သဲတောတံတားမှဖြတ်ကာ ဝမ်းတွင်းမြို့သို့ ဆက်သွယ်သွားလာရန် ဖောက်လုပ်ထားသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းမှာ တူးမြောင်းပေါင်ပေါ်တွင် နွားလှည်းများနှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှု မရှိစေရေးအတွက် တူးမြောင်းပေါင်၏ လက်ယာဘက်တွင် လှည်းလမ်းအဖြစ် ဖောက်လုပ်ထားခြင်းသာ ဖြစ်ပါတယ်။ ယခုအချိန်တွင် သဘွတ်ကုန်းကျေးရွာအုပ်စုမှ ပြည်သူလူထုတို့သည် ၎င်းလမ်းကို အသုံးပြု၍ ဝမ်းတွင်းမြို့သို့ ဆက်သွယ်သွားလာလျက်ရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ နောက်ဆက်တွဲဇယား(၂)အရ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာနှစ်မှစတင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၏ လက်အောက်ရှိ တည်ဆောက်ပြီးသော ဆည်၊ တာတမံများနှင့် ရေသောက်စနစ်မြောင်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် ဆက်လက်၍တိုးချဲ့ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအားလုံးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ ဘဏ္ဍာရေးရန်ပုံငွေ

ခေါင်းစဥ်မှ တင်ပြတောင်းခံ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့အသီးသီးသို့ တာဝန်များ ခွဲဝေလွှဲပြောင်းပေးအပ်ခြင်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သဘွတ်ကုန်းစံပြကျေးရွာနှင့် ဝမ်းတွင်းမြို့သို့ ဆက်သွယ်ထားသော လမ်းအား ဂန့်ဂါးခင်းခြင်းကို လုပ်ငန်းလိုအပ်ချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေတင်ပြတောင်းခံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဥ်ဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးခင်ဗျား။ ခုနက ရခိုင်ပြည်နယ်မှာ စိုက်ပျိုးရေးသိပ္ပံကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးဖို့ အမှန်လိုအပ်ပါတယ်။ ဝန်ကြီးဖြေကြားသွားတာပါ။ ရွှေဘိုမှာ စိုက်ပျိုးရေးကောလိပ်၊ မြစ်ကြီးနားမှာ စိုက်ပျိုးရေးသိပ္ပံ ဖွင့်နေရတဲ့အတွက် ဒါကို ဆောင်ရွက်ပေး နိုင်ခြင်း မရှိသေးပါဆိုပေမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်မပေးနိုင်ဘူးလား။

**ဒုတိယဝန်ကြီး။** ။ ဟုတ်ကဲ့။ ကျွန်တော်တို့ အစိုးရအဖွဲ့ကို ဆက်ပြီးတော့ တင်ပြ ပြီးတော့ ဒါကို ရန်ပုံငွေရရှိတဲ့အပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ဘာလို့လဲဆိုတော့ လိုတယ်လည်း ပြောတယ်၊ လုပ်ပေးစရာ အစီအစဥ် မရှိဘူးဖြစ်တဲ့အခါကျတော့ နည်းနည်းဟိုဟာ ဖြစ်နေလို့လေနော်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဝန်ကြီး။** ။ ဟုတ်ကဲ့ခင်ဗျ။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မေးမြန်းသည့် မေးခွန်းများသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပန်းတနော်မြို့နယ်၊ မင်းတစုတိုက်နယ်ဆေးရုံ၏ လူနာဆောင်အပါအဝင် အဆောက်အအုံများအား တိုက်နယ်ဆေးရုံ၏ အင်္ဂါရပ်များနှင့် လျော်ညီသော သတ်မှတ်ချက်များအတိုင်း အသစ်ပြန်လည် တည်ဆောက်ပေးရန် သို့မဟုတ် အကြီးစားပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဝင်းသိန်း က ပန်းတနော်မြို့နယ်၊ မင်းတစုတိုက်နယ်ဆေးရုံ၏ လူနာဆောင် အပါအဝင် အဆောက်အအုံများအား တိုက်နယ်ဆေးရုံ၏ အင်္ဂါရပ်များနှင့် လျော်ညီသော သတ်မှတ်ချက်များ အတိုင်း အသစ်ပြန်လည်တည်ဆောက်ပေးရန် သို့မဟုတ် အကြီးစားပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ နှစ်သက်တမ်း(၄၀)နီးပါးရှိ တိုက်နယ် ဆေးရုံ အဆောက်အဦအား အသစ်ပြန်လည်တည်ဆောက်ပေးပါရန် သို့မဟုတ် အကြီးစား ပြန်လည် ပြင်ဆင်မှုများ ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် မည်သည့်ကာလတွင် တည်ဆောက်ပေး မည်ကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်အတွင်းရှိ မင်းတစုတိုက်နယ်ဆေးရုံဟာ ၁၉၆၃ ခုနှစ်မှစတင်၍ ကျေးလက် ကျန်းမာရေးဌာနအဖြစ် စတင်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် တိုက်နယ်ဆေးရုံ အဖြစ် ၁၉၇၄ ခုနှစ်တွင် ဖွင့်လှစ်ခွင့်ရရှိတဲ့အတွက် တိုက်နယ်ဆေးရုံရဲ့ သက်တမ်းဟာ နှစ်ပေါင်း (၄၀)နီးပါးခန့် ရှိခဲ့ပါတယ်။ ဆေးရုံပိုင်မြေဟာ(၂)ဧကခန့်ရှိပြီး၊ တိုက်နယ်ဆေးရုံမှာ လူနာဆောင် အပါအဝင် အဆောက်အဦ(၄)ခု ရှိပါတယ်။ ထို့အပြင် ဝန်ထမ်းအိမ်ရာအနေနဲ့ (၄)လုံးရှိပါတယ်။

အဲဒီ မင်းတစုတိုက်နယ်ဆေးရုံဟာ ကျေးရွာအုပ်စု(၉)အုပ်စု၊ ကျေးရွာပေါင်း (၄၇)ရွာနဲ့ လူဦးရေ (၃၀၀၀၀)ကျော်ကို အကျိုးပြုလျက် ဒေသခံပြည်သူများရဲ့ ကျန်းမာရေးကိစ္စများအတွက် အားကိုးအားထား ပြုရာဖြစ်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုများပေးနေတဲ့ တိုက်နယ်ဆေးရုံ တစ်ခုလည်း ဖြစ်ပါ တယ်။ တက်ရောက်ကုသတဲ့ အတွင်းလူနာဦးရေမှာ နှစ်စဉ် (၅၀၀)ဦးခန့်ရှိပြီး၊ လစဉ် အတွင်းလူနာ(၄၀)ဦးကျော်ခန့် တက်ရောက်ကုသပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်(၂)ရပ်၊ နည်းနာ(၃)ရပ်တို့ကို အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက် နေတဲ့ တိုက်နယ်ဆေးရုံ တစ်ခုလည်း ဖြစ်ပါတယ်။

၁၉၇၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့တဲ့ မင်းတစုတိုက်နယ်ဆေးရုံဟာ စတင်ဆောက်လုပ်စဉ်က ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့တဲ့ ဆေးရုံလည်း ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ခဲ့တဲ့အတွက် ကျွမ်းကျင်ပညာရှင်များ၏ တွက်ချက်မှုများ၊ ခေတ်မီဆောက်လုပ်ရေး နည်းစနစ်များ အသုံးပြုနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ထို့အပြင် ပြင်ဆင်ထိန်းသိမ်း မှုအားနည်းခဲ့ခြင်းကြောင့် တိုက်နယ်ဆေးရုံရဲ့ အဆောက်အဦများဟာ ပျက်စီးယိုယွင်း ဆွေးမြေ့မှု များ ဖြစ်ပေါ်နေပြီးတော့ အန္တရာယ်ရှိတဲ့ အဆောက်အဦအဖြစ် တည်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ မင်းတစု တိုက်နယ်ဆေးရုံ၏ လူနာဆောင်အပါအဝင် အဆောက်အဦ များအား တိုက်နယ်ဆေးရုံနှင့် သင့်တင့်လျော်ညီသော သတ်မှတ်ချက်များအတိုင်း အသစ်ပြန်လည် တည်ဆောက်ပေးပါရန် သို့မဟုတ် အကြီးစားပြန်လည် ပြင်ဆင်မှုများပြုလုပ် ပေးပါရန် အစီအစဉ် ရှိ/မရှိ ကို ဒေသခံတောင်သူလယ်သမားများရဲ့ အကျိုးအတွက်ရည်မျှော်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်အောင်မြို့နယ်၊ ကနောင်တိုက်နယ်ဆေးရုံသည် အလွန် အန္တရာယ်ရှိသည့် အဆောက်အအုံ ဖြစ်သည့်အတွက် အမြန်ဖျက်သိမ်း၍ ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က မြန်အောင်မြို့နယ်၊ ကနောင်တိုက်နယ်ဆေးရုံသည် အလွန်အန္တရာယ်ရှိသည့် အဆောက်အအုံ ဖြစ်သည့်အတွက် အမြန်ဖျက်သိမ်း၍ ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံးကို ကျွန်တော် လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းတဲ့ မေးခွန်းမှာ မူရင်းမေးခွန်းမှာကတော့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာထက် ဆောက်လုပ်ပေးမည့် အစီအစဉ် ကို သိလိုပါကြောင်းလို့ တင်ပြထားခြင်း ဖြစ်ပါတယ်။

ဒီမှာ ကျွန်တော်တင်ပြရမှာကတော့ စောစောတုန်းက ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီး ဦးဝင်းသိန်း တင်ပြတဲ့ ဆေးရုံလိုပါပဲ၊ တိုက်နယ်ဆေးရုံဖြစ်တဲ့ ဒီကနောင်ဆေးရုံဟာ အဲဒီအချိန်တုန်းက လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ကျော်က ကိုယ်ထူကိုယ်ထ ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ ကနောင်ဟာ တာတမံကာကွယ် ဧရိယာအတွင်းမှာရှိတဲ့ မြန်အောင်မြို့နယ်ထဲက လူဦးရေထူထပ်တဲ့ တိုက်နယ်ကြီးဖြစ်ပါတယ်။ တာတမံကာကွယ်ထားတဲ့ ဧရိယာဖြစ်တဲ့အတွက်ကြောင့် လယ်မြေမှာ ဆောက်တာဖြစ်ပါတယ်။ ရပ်ကွက်ကလည်း လယ်မြေမှာ ရှိပါတယ်။ ရပ်ကွက်အမှတ်(၅)ထဲမှာ ရှိပါတယ်။ လူနေရပ်ကွက်ကြီးကလည်း အလွန်ကြီးပါတယ်။ ကိုယ်ထူကိုယ်ထ ဆောက်တာဖြစ်တဲ့ အတွက်ကြောင့် ထိုစဉ်က လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ကျော်က တန်ဖိုးနဲ့ လယ်သမားတွေ အများ ဖြစ်တဲ့ ပြည်သူရဲ့ ထည့်ဝင်ငွေတွေ၊ အဲဒီခေတ်ကရှိတဲ့ နည်းပညာ၊ အဲဒီခေတ်မှာရှိတဲ့ ဒေသမှာ ရနိုင်တဲ့ ဆောက်လုပ်ရေးကျွမ်းကျင်တဲ့ ပန်းရံ၊ လက်သမား စသည်ဖြင့် ဒီပုဂ္ဂိုလ်များနဲ့ စုဆောင်း

ဆောက်တာဖြစ်တဲ့တွက်ကြောင့် (၁)ကမြေဟာ မြေသားမသေပါဘူးခင်ဗျား။ ကျွန်တော်တို့ ဒေသစကားနဲ့တော့ မြေကစားတယ် ခေါ်ပါတယ်။ လယ်မြေဟာ အသားမသေပါဘူး။

နောက်တစ်ခုက စောစောကပြောတဲ့နည်းပညာ၊ တတိယအချက်က R.C အဲဒီခေတ်မှာ မရှိပါဘူး။ အဲဒီခေတ်က R.C နဲ့ မဆောက်တတ်ပါဘူး။ ဒါကြောင့် (၁၂)လက်မပတ်လည် အုတ်တိုင်ပုံ (Pillar type) နဲ့ ဆောက်ပြီးတော့ အုတ်စီထားတဲ့ ဆေးရုံဖြစ်ပါတယ်။ ဆေးရုံ အကျယ်အဝန်းပုံစံအားလုံးက အဆင့်မီပါတယ်။ (E)ပုံစံ ဖြစ်ပြီးတော့ (ကျား)လူနာဆောင်၊ (မ)လူနာဆောင်၊ အလယ်မှာ လူနာဆောင်များနဲ့ ဆေးရုံအုပ်ချုပ်ရေးရုံးခန်းများ၊ နောက်မှာ သားဖွားခန်း၊ ခွဲစိတ်ဆောင် စသည်ဖြင့် အပြည့်အစုံ ရှိပါတယ်။ အဲဒီမှာ ဒေသခံပြည်သူတွေ လှူတာရော၊ ကျွန်တော်တို့ မြန်အောင်ဇာတိဖြစ်တဲ့ စွမ်းအင်ပြည်ထောင်စုဝန်ကြီး လှူတာရော၊ လှူထားတဲ့ ပစ္စည်းတွေလည်း အပြည့်အစုံ ရှိပါတယ်။

ဒါပေမဲ့ လွန်ခဲ့တဲ့ (၃)နှစ်ကစပြီးတော့ ကျွန်တော် ပြောခဲ့တဲ့ မြေကစားတယ်ဆိုတဲ့ အောက်မြေမငြိမ်တဲ့ အတွက်ကြောင့် အမျိုးသမီးလူနာဆောင်ရဲ့ အုတ်မြစ်က စကျိုးပါတယ်။ အုတ်မြစ်စကျိုးတဲ့အချိန်မှာ အုတ်မြစ်က ထမ်းထားတာဖြစ်တဲ့အတွက်ကြောင့် R.C နဲ့ Packer တန်းနဲ့ ဆောက်တဲ့ပုံစံ မဟုတ်တဲ့အတွက်ကြောင့် Pillar type တိုင်ဟာ ဒါကို မထမ်းနိုင်ပါဘူး။ ဒါကြောင့် အုတ်မြစ်ကျိုးတဲ့အပေါ်မှာ တိုင်ကျိုးပါတယ်။ တိုင်ခါးလယ်က ပြတ်ပါတယ်။ ပြတ်ပြီးတော့ တဲတဲကလေးကျန်နေပါတယ်။ အုတ်ထရံကွဲပါတယ်။ အုတ်ထရံကွဲတယ်ဆိုရင် ပြတင်းပေါက်ကျည်းခွေဘောင်နဲ့ တံခါးကျည်းခွေဘောင်ဟာ နံရံနဲ့ (၁)လက်မထိ ဟပါတယ်။ ကျွန်တော့်လက်တစ်ချောင်း ထည့်လို့ရပါတယ်။ အဲဒီလောက်ဟနေတဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် နောက်ဆုံး ကြမ်းပြင်ကွဲအက်လာတယ်။ အဲဒီအဆင့်မှာတော့ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ မထားသင့်တော့ဘူး။ ဒါ ပဋ္ဌမအကြိမ် လွှတ်တော်တုန်းက မထားသင့်တော့ဘူး၊ ရွှေ့တော့ဆိုပြီး ကျွန်တော် အကြံပေးတဲ့အတွက်ကြောင့် အမျိုးသမီးလူနာများကို အမျိုးသားလူနာဆောင်မှာ ခြေချင်းဆိုင်ပြီးတော့ ထားရပါတယ်။ အခု ကျွန်တော် ပဋ္ဌမအကြိမ်ပြီးလို့ သွားတဲ့အခါမှာ ခွဲစိတ်မွေးထားတဲ့ အမျိုးသမီးနဲ့ အူကျလို့ခွဲထားတဲ့ အမျိုးသားနဲ့ ခြေချင်းဆိုင်ပြီးတော့ နေရတာတွေကတော့ သိပ်အမြင်မတော်တဲ့ အနေအထားတွေ ရှိပါတယ်။ လူနာစောင့်နဲ့ ဘာနဲ့လည်း ပူးတွဲနေရတာ သိပ်မကောင်းတဲ့ အနေအထား ဖြစ်ပါတယ်။

နောက်တစ်ခါ အခု (ကျား)လူနာဆောင်က ကြမ်းပြင်လေးတွေ စအက်တယ်။ ထရံလေးတွေ အက်ကြောင်း ပေါ်လာတယ်။ နောက် ခွဲစိတ်ခန်းထဲမှာ စွမ်းအင်ပြည်ထောင်စုဝန်ကြီးက ကြွေပြားတွေ လှူထားတာ ရှိပါတယ်။ ကပ်ဖို့။ ဒါပေမဲ့ ကြွေပြားကပ်မယ် ကြံတဲ့အခါကျတော့ နံရံလေးတွေ အက်ကြောင်းပေါ်လာပါတယ်။ အပေါ်ကိုလည်း ကျွန်တော်တို့ မျက်နှာကြက်လုပ်ချင်ပေမယ့် မျက်နှာကြက်ကလည်း စိတ်မချရတဲ့အတွက်ကြောင့် ခုထက်ထိ ကျန်းမာရေးဌာနရဲ့စံပေါ့။ ခွဲစိတ်ခန်းနဲ့ မလျော်ညီတဲ့ သစ်သားမျက်နှာကြက်နဲ့ နေနေတုန်းပဲ ဖြစ်ပါတယ်။

အဲဒီအခြေအနေဟာ သာမန်အခြေအနေ မဟုတ်ဘဲနဲ့ ကျွန်တော်ပြောတဲ့ စကားလို အလွန်အန္တရာယ် ရှိပါတယ်။ အလွန်ဆိုတဲ့နေရာမှာ မြေငလျင်ဟာ (၅)တွေ၊ (၆)တွေမဟုတ်ပါဘူး။ (၃.၅) အဆင့်လောက်နဲ့ ပြိုမယ်လို့ ကျွန်တော်တို့ ဒါမှန်းလို့ရသလိုပဲ (၃၅)မိုင် (၄၀)လောက်ရှိတဲ့ သာမန်လေပြင်းနဲ့တောင် ပြိုကျနိုင်တဲ့ အဆင့်ရှိတဲ့အတွက်ကြောင့် အလွန်အန္တရာယ်ကြီးပါတယ်။ ကျွန်တော်တို့ ဆေးရုံ ဆရာဝန်လေးဟာလည်း ငယ်ပါတယ်။ ငယ်တယ်ဆိုတာ ကျွန်တော် နာမည်နဲ့ပြောရရင် ကျွန်တော့်တပည့်ပါ။ ကျွန်တော် အထက်တန်းကျောင်းအုပ်တုန်းက (၁၀)တန်းကျောင်းသူပေါ့။ ကျွန်တော်ပြောတယ်။ ဒါမထားနဲ့ တင်တော့။ ကလေးတွေလည်း လုပ်တတ်သလောက်တင်တယ်။ မြို့နယ်ကျန်းမာရေးဦးစီး ကျွန်တော် အကြံပေးတယ်။ ဆက်တင်တယ်။ တိုင်းဦးစီးအဆင့်ဆင့် တင်ထားပြီလို့ သိရပါတယ်။

၁၆ ရက် ၁၂ လ မှာ ကျွန်တော် ကွင်းဆင်းတုန်းက ကံအားလျော်စွာ စွမ်းအင်ပြည်ထောင်စုဝန်ကြီးလည်း အဲဒီမှာ ရောက်နေတဲ့အတွက်ကြောင့် ကျွန်တော် ဖိတ်ပြီးခေါ်သွားပါတယ်။ စွမ်းအင်ဝန်ကြီးလည်း အကုန်မြင်သွားပါတယ်။ အဲဒီလောက် အခြေအနေ ဖြစ်နေတဲ့အတွက်ကြောင့် ဒီကိစ္စဟာ ဘဏ္ဍာနှစ် ဆိုင်းလို့ရမယ့် အခြေအနေ မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာမှ ဘတ်ဂျက်မပါဘူးဆိုရင်၊ တစ်နည်းအားဖြင့် ဒီနွေရာသီမှာမှ မဆောက်ဘူးဆိုရင် မိုးရာသီမှာ စိတ်မချရတဲ့ အနေအထား ဖြစ်ပြီးတော့ လူတွေရဲ့အသက်အန္တရာယ် ဖြစ်နိုင်တဲ့အတွက်ကြောင့် အမြန်ဖျက်သိမ်း ပြန်လည်တည်ဆောက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ မည်သို့ဆောင်ရွက်ပေးမည်ဆိုတဲ့ဟာကို မဲဆန္ဒရှင်ပြည်သူများရဲ့ တောင်းဆိုချက်အရ တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းပဲ ကျန်းမာရေး

ဝန်ကြီးဌာနမှ ဖြေကြားပေးရန် တစ်ဆက်တည်းမေးခွန်း မေးခွင့်ပြုဖို့ ကြိုတင်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုးညှင်းမြို့နယ်၊ နမ္မားတိုက်နယ်ဆေးရုံနှင့် စပ်လျဉ်း၍ ဝန်ထမ်းလိုအပ်ချက်များကို ခန့်အပ်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် က မိုးညှင်းမြို့နယ်၊ နမ္မားတိုက်နယ်ဆေးရုံနှင့် စပ်လျဉ်း၍ ဝန်ထမ်းလိုအပ်ချက်များကို ခန့်အပ်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားတိုက်နယ်ဆေးရုံနှင့် စပ်လျဉ်း၍ ဝန်ထမ်းလိုအပ်ချက်များဖြစ်တဲ့ လက်ထောက်သွားဆရာဝန်တစ်ဦး၊ ဓာတ်မှန်ကျွမ်းကျင် တစ်ဦးနဲ့ ဆေးစပ်အဆင့်(၄)တစ်ဦး တို့ကို မည်သည့်ကာလမှာ ခန့်အပ်ပေးနိုင်မယ်ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးခွန်း မမေးမြန်းခင်မှာ မေးခွန်းနဲ့တိုက်ဆိုင်တဲ့ ကိစ္စလေးတစ်ခုကို လေးစားစွာ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ၂ လပိုင်း ဒီလမှာပဲ ၁၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ပြည်သူလူထုတွေ့ဆုံပွဲ ကချင်ပြည်နယ်၊ မိုးညှင်း မြို့နယ်ခရီးစဉ်မှာ ကျွန်တော်တို့ လူထုတွေ့ဆုံပွဲအခမ်းအနားမှာ မိုးညှင်းမြို့နယ်၊ စိမ်းလဲ့ရတနာ ခန်းမမှာ နမ္မားဒေသက ရပ်မိရပ်ဖတစ်ဦးက ကျွန်တော့်မေးခွန်းနဲ့ အလားသဏ္ဍာန်တူတဲ့ မေးမြန်း ချက်ကို မေးမြန်းတင်ပြခဲ့ပါတယ်။ အဲဒီမေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်ပဲ ဖြေကြားပေးခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီး ဖြေကြားချက်

အရ ကျွန်တော်တို့ တိုက်နယ်ဆေးရုံဟာ အခု ကျွန်တော် တောင်းတဲ့အချက်အလက်နဲ့ စံချိန်စံညွှန်း မမီလို့ မပေးနိုင်သေးဘူးလို့ ဖြေကြားခဲ့ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ သိရှိနားလည်ပါတယ်။ ဒါပေမယ့်လည်း ဒေသခံလူထုရဲ့ လိုအပ်ချက်အရ၊ နောက်ပြီးတော့ ကျွန်တော် မေးမယ့် မေးခွန်းမှာ နမ္မားတိုက်နယ်ဆေးရုံမှာ ဓာတ်မှန်ခန်းတွေကို ကိုယ်အားကိုယ်ကိုးစနစ်နဲ့ တည်ဆောက်ထားပြီးဖြစ်တဲ့အတွက် ဓာတ်မှန်ခန်း၊ ဓာတ်မှန်ပစ္စည်းတွေလည်း ရှိပြီးဖြစ်တဲ့အတွက် အထူးကိစ္စရပ် အနေနဲ့ ဖြေလျှော့ပြီးတော့ စဉ်းစားပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ကို ကျွန်တော် လေးစားစွာ ပန်ကြားမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားတိုက်နယ်ဆေးရုံကို ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ စတင်တည်ဆောက် ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီ နမ္မားတိုက်နယ် ဆေးရုံဟာ နမ္မားဒေသအတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု (၆)အုပ်စုမှာရှိတဲ့ ကျေးလက်နေ ပြည်သူ လူထု (၃၅၀၀၀)ကျော်ကို ကျန်းမာရေးစောင့်ရှောက်နေတဲ့ ဆေးရုံလည်း ဖြစ်သလို မိုးညှင်း ခရိုင် ခုတင်(၁၀၀)ဆေးရုံကိုလည်း အထောက်အကူပြုနေတဲ့ ဆေးရုံလည်း ဖြစ်ပါတယ်။ နမ္မားဒေသ မှာဆိုရင် တောင်သူလယ်သမားတွေ အများဆုံးနေထိုင်တာ ဖြစ်ပါတယ်။ ဒါ့အပြင် မိုးညှင်း မြို့နယ်၊ နမ္မားတိုက်နယ်ဆေးရုံမှာ ဓာတ်မှန်နဲ့ ဓာတ်မှန်ခန်းအဆောက်အဦကို ယခင် မြောက်ပိုင်း တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ယခု ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ယခင် စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး၊ ယခု မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၊ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး တို့က မတည်ငွေ အသီးသီးထည့်ဝင်ပြီးတော့ ဒေသခံပြည်သူများနဲ့ စုပေါင်းပြီး ဓာတ်မှန်နဲ့ ဓာတ်မှန်ခန်း အဆောက်အဦကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဓာတ်မှန်နဲ့ ဓာတ်မှန်ရိုက်ဖို့ အတွက် အခု ကျွမ်းကျင်တဲ့ ဝန်ထမ်းများ မရှိတဲ့အတွက် အခက်အခဲတွေများစွာ ရှိနေပါတယ်။

ဒါကြောင့်မို့လို့ နမ္မားတိုက်နယ်ဆေးရုံမှာ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းအပြင် လက်ထောက် သွားဆရာဝန်တစ်ဦး၊ ဆေးစပ်အဆင့်(၄)တစ်ဦးတို့ကို မည်သည့်အချိန်အခါမှာ ထားပေးနိုင်မယ် ဆိုတာကို ဒေသခံပြည်သူများကိုယ်စား သိရှိလိုကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကျန်းမာရေးဆိုင်ရာ မေးမြန်းသွား သော မေးခွန်းကြီး(၃)ခုအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း မှ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မင်းတစုတိုက်နယ်ဆေးရုံ၏ လူနာဆောင် အပါအဝင် အဆောက်အဦများအား တိုက်နယ်ဆေးရုံ၏ အင်္ဂါရပ်များနှင့် လျော်ညီသော သတ်မှတ်ချက်အတိုင်း အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ပန်းတနော်မြို့နယ်၊ မင်းတစုတိုက်နယ်ဆေးရုံအား စံကိုက်ပုံစံအသစ်ဖြင့် အသစ်ဆောက်လုပ်နိုင်ရန် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် မူလလျာထားပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လုံလောက်ပါက ဦးစားပေးထည့်သွင်း ဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ဒုတိယမေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ မှ မြန်အောင်မြို့နယ်၊ ကနောင်တိုက်နယ်ဆေးရုံ၏ အမျိုးသမီး၊ အမျိုးသားဆောင်များ ပျက်စီးနေခြင်း အန္တရာယ်ရှိသည့်အတွက် အမြန်ဖျက်သိမ်း ပြန်လည်ဆောက်လုပ်နိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကနောင်တိုက်နယ်ဆေးရုံ၏ အမျိုးသမီး၊ အမျိုးသားလူနာဆောင်များ ပျက်စီးနေခြင်းကို ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လျာထားတင်ပြ ဆောင်ရွက်

ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အမြန်ဖျက်သိမ်း ဆောက်လုပ်နိုင်ရန်အတွက် လုပ်ငန်းများ သွက်လက်ထက်မြက်စွာ ဆောက်လုပ်နိုင်ရေးနှင့်ပတ်သက်၍ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ အဆင့်ဆင့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ဗဟိုအဆင့်၊ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအဆင့်နှင့် မြို့နယ်ဆရာဝန်ကြီးများနဲ့ ညှိနှိုင်းလျက် သက်ဆိုင်ရာ ဆောက်လုပ်ရေးအင်ဂျင်နီယာများ အစီအစဉ်ဖြင့် ကြိုတင်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများရှင်။ တတိယမေးခွန်းဖြစ်သော ကချင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် မှ မေးမြန်းသည့် ကချင်ပြည်နယ်၊ နမ္မားတိုက်နယ်ဆေးရုံနှင့် စပ်လျဉ်း၍ ဝန်ထမ်း လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့် အစီအစဉ် သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ နမ္မားတိုက်နယ်ဆေးရုံ၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံတွင် သွားဘက်ဆိုင်ရာဆရာဝန်ရာထူးခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် ဓာတ်မှန်ကျွမ်းကျင်ရာထူး ဝန်ထမ်းရာထူး ခွင့်ပြုထားခြင်းမရှိသော်လည်း လတ်တလော လုပ်ငန်းလိုအပ်ချက် ရှိသည့်အတွက် ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး၏ အစီအစဉ်ဖြင့် သင့်လျော်သော ဝန်ထမ်းတစ်ဦးအား ဓာတ်မှန်အကျဉ်းချုံး သင်တန်းပေး၍ တာဝန်ချထားနိုင်ရေးနှင့် ဆေးဘက်ကျွမ်းကျင်(၄) ဆေးစပ်တစ်ဦး လိုအပ်မှုအတွက် ဆေးစပ် (၆)လသင်တန်းပေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရာထူးတိုးမြှင့် ခန့်ထားနိုင်ရေးတို့အတွက် ကျန်းမာရေးဦးစီးဌာနမှ ၂၂-၁-၂၀၁၃ ရက်စွဲပါစာဖြင့် ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးသို့ အကြောင်းကြား ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၄၅။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို ကျွန်တော် ကျေးဇူးများစွာတင်ပါတယ်။ ကျွန်တော် ဖြစ်စေချင်တာ အဲဒီအချက် ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ဆရာဝန်လည်း အတွေ့အကြုံမရှိဘူး။ နောက်ပြီးတော့ လူကြီးများလည်း မရောက်ကြတဲ့အခါကျတော့ သူ တွက်ချက်တင်ထားတဲ့ BP, BQ ကို ကျွန်တော် စိုးရိမ်ပါတယ်။ သိန်း(၂၆၀)

Something လောက်ပဲ ရှိပါတယ်ခင်ဗျ။ အဲဒီပမာဏနဲ့တော့ အဆောင်တစ်ဆောင် ဖျက်ဆောက်ဖို့ သာမန်အရပ်သားတစ်ယောက် အမြင်နဲ့တောင် မပြည့်စုံပါဘူး။ ဒုတိယဝန်ကြီး ဖြေဆိုတဲ့ ကျန်းမာရေး ဝန်ကြီးဌာနမှာရှိတဲ့ အင်ဂျင်နီယာ အဖွဲ့အစည်းနဲ့ ကွင်းဆင်းဆောင်ရွက်မှာ ဖြစ်တဲ့အတွက်ကြောင့် ဒါတော့ အကုန်ပြည့်စုံသွားမယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ ဌာနက ငွေကုန် ရတာချင်းတူရင် တစ်ခါတည်းနဲ့ အပြီးအပြတ်ဖြစ်သွားအောင် အခိုင်အမာ ဆောက်ပေးခြင်း အတွက် ပိုမိုသင့်လျော်ပါကြောင်း ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးစိုးမြင့် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရ အဖွဲ့မှ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂-၁-၂၀၁၃ ရက်နေ့တွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းတွင် ပုဒ်မ (၄)ခု ပါရှိပါတယ်ခင်ဗျား။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

ဤဥပဒေကြမ်း အပိုဒ်(၄)တွင် ဖော်ပြထားသည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ ပုဒ်မ(၁၀)အား ပုဒ်မ ၁၀ အဖြစ် ကွင်းစ ကွင်းပိတ် နုတ်ပယ်၍ ဥပဒေရေးထုံးနှင့်ညီညွတ်စေရန် ပြင်ဆင်သင့်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ထို့အပြင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)တွင် ပုဒ်မခွဲ(ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)နှင့် (ထ)တို့ကို ပုဒ်မခွဲ(ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)နှင့် (တ)တို့ အဖြစ် ပြောင်းလဲသတ်မှတ်ရမည် ဟူသော စာသားအား ပုဒ်မခွဲ(ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊(ဏ)၊ (တ)နှင့် (ထ)တို့ကို ပုဒ်မခွဲ(ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊(တ)တို့အဖြစ် ပြောင်းလဲအမှတ်စဥ်ရမည်ဟုဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ပြောင်းလဲပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ ဥပဒေကြမ်းကော်မတီသည် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ။ အားလုံး လေးစားပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမယ့် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ်(၄)တွင် ပုဒ်မ(၁၈)အား ပုဒ်မ ၁၈ အဖြစ် ကွင်းစ ကွင်းပိတ် နုတ်ပယ်၍ ဥပဒေရေးထုံးနဲ့ ညီညွတ်စေရန် ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် (၄) ပုဒ်မခွဲ(ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ(ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ အပိုဒ် ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ) အရ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့် သည်တော်ကြီးများအားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ပြည်ထောင်စုအစိုးရကိုယ်စားကျန်းမာရေး

ဝန်ကြီးဌာနကနေပြီးတော့ ကျင့်သုံးဆောင်ရွက်နေသော ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား စဥ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ထံတွင် အဆို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၀၇ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး လက်ရှိ အချိန်အခါ ခေတ်ကာလနှင့် လိုက်လျောညီထွေမှု မရှိတော့သည့်အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေမည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆို တင်သွင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဌေးနိုင် မှ ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြင်ဆင်ထားတဲ့ အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားတဲ့ ကျေးလက်နေပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ သော လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံးကို လေးစားပါကြောင်း၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါကြောင်း ဂါရဝပြုဆုတောင်းအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)က ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ အခုလို ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ရဲ့

အဆိုကို ထောက်ခံတင်ပြတာဟာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်က ပြည်သူတွေကိုလည်းပဲ သဘောထား မေးမြန်းပြီးတော့မှ ထောက်ခံတင်ပြတာဖြစ်ကြောင်း ရှေးဦးစွာ ပြောလိုပါတယ်။

၁၉၆၂ ခုနှစ်ပတ်ဝန်းကျင်လောက်က ကျွန်တော်တို့ တော်လှန်ရေးကောင်စီလက်ထက် တက်ကာစ ရေနံဆီတစ်ပုလင်း ပြား(၅၀)ကနေ တဖြည်းဖြည်း (၁)ကျပ်ဝန်းကျင်လောက် ရှိခဲ့ပါတယ်။ လူတန်းစားမရွေး အခက်အခဲမရှိဘဲနဲ့ လွယ်လွယ်ကူကူ ဝယ်လို့ရတဲ့အချိန်လည်း ဖြစ်ပါတယ်။ အဲဒီတုန်းက ရေနံဆီကို ဘယ်လိုကျယ်ကျယ်ပြန့်ပြန့် သုံးသလဲ ဆိုလို့ရှိရင် ကလေးတွေ နှာစေးတဲ့အခါ၊ ချောင်းဆိုးတဲ့အခါ ခြေဖဝါးလိမ်းတာတို့၊ ဗိုက်နာရင် ဗိုက်ကို လိမ်းတာတို့၊ တစ်ခါ ချက်ပြုတ်တဲ့နေရာမှာတော့ တော်တော်လေး အဓိကထားပြီးတော့ သုံးပါတယ်။ တချို့ဆိုရင်လည်း ညဘက် မီးထောင်ချောက်၊ စက်ကိရိယာတွေ တချို့မှာ သုံးတာတွေလည်း ရှိပါတယ်။

ဒါ က.စ.လ က ထုတ်တဲ့ ရေနံဆီပုလင်းပါတဲ့ မီးဖိုဆိုလို့ရှိရင် (၇)နာရီလောက် သုံးလို့ရတဲ့အတွက်ကြောင့် ချက်ပြုတ်တဲ့နေရာမှာ တော်တော်လေး တွက်ချေကိုက်ပါတယ်။ တဖြည်းဖြည်းနဲ့ ရေနံဆီကလည်း ပျောက်ကွယ်သွားတာ ဖြစ်တဲ့အတွက်ကြောင့် သုံးစွဲတာတွေလည်း ပုံစံပြောင်းသွားပါတယ်။ ဒီလို ပုံစံပြောင်းသွားတဲ့အခါမှာ ပြည်သူလူထုကြီးတွေဟာ တော်တော်လေး ထိခိုက်နစ်နာတယ်လို့လည်း ဒါ ပြောမယ်ဆိုရင် ပြောလို့ရပါတယ်။ လူတွေရဲ့ ရေနံဆီ သုံးစွဲတဲ့ တန်ဖိုးကို ရေနံဆီ မရှိတော့မှ ပိုပြီးတော့လည်း သိလာကြပါတယ်။ ရေနံဆီအစား ဒီဇယ်ဆီကို သုံးစွဲလာတာတွေလည်း ရှိပါတယ်။ တချို့ ဓာတ်ဆီကို ဆားခတ်ပြီးတော့ သုံးတာတွေလည်း ရှိပါတယ်။ သို့သော်လည်းပဲ အဖက်ဖက်က အဆင်မပြေဘူး။ အန္တရာယ်လည်း များတဲ့အတွက်ကြောင့် နောက်ပိုင်းမှာ မသုံးကြတော့ပါဘူး။ ရေနံဆီအစား ထင်းမီးသွေး၊ လျှပ်စစ် သုံးလာတဲ့အခါမှာလည်းပဲ လျှပ်စစ်ကဏ္ဍက တိုးတက်တယ်ဆိုပေမယ့် တောရွာတွေအထိတော့ ရောက်ဖို့ဆိုတာ နှစ်အတော်လေး ကြာဦးမယ်လို့ ဒါ ဒီလိုပဲသုံးသပ်ပါတယ်။ ထင်းခုတ်ကြလို့ ကျွန်တော်တို့နိုင်ငံမှာ ပေါခဲ့တဲ့ သစ်တော၊ သစ်ပင်တွေ ပြုန်းတီးပါတယ်။ တောင်ကတုံးတွေ ဖြစ်ပါတယ်။ ဒါဟာ ရေနံဆီ ပျောက်ကွယ်သွားတဲ့ အချက်လည်း ပါတယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရပါဘူး။ အခုအခါမှာ အစိုးရ၊ ပုဂ္ဂလိက၊ ကုမ္ပဏီတို့ဟာ သစ်တောတွေကို ပြန်လည်ပြီးတော့ စိုက်ပျိုးနေတာလည်း တွေ့ရပါတယ်။ သို့ပေမယ့်လည်းပဲ ဒီလို ရေနံဆီလို လွယ်လွယ်ကူကူ မသုံးနိုင်ဘူးဆိုလို့ရှိရင်တော့ တစ်ချိန်မှာ သစ်တောတွေ

ပြန်ပြီးတော့ ပြုန်းတီးနိုင်တဲ့ အခြေအနေလည်း ရှိပါတယ်။ ဒီလိုမဖြစ်အောင် ရေနံဆီကို အထူး လိုအပ်ပါတယ်လို့ လွှတ်တော်မှာ ဥက္ကဋ္ဌကြီးကို တင်ပြလိုပါတယ်။

နောက်တစ်ခု အဆိုးဆုံးကတော့ ရေနံဆီ ပျောက်ကွယ်တာဟာ နိုင်ငံတော်ရဲ့ ဆင်းရဲမှု လျှော့ချရေးမှာ အခက်အခဲ ရှိနိုင်ပါတယ်လို့လည်း တင်ပြလိုပါတယ်။ ဆင်းရဲမှုလျှော့ချဖို့ဆိုတာ ငွေပေးချေးရုံသက်သက်နဲ့တော့ မရဘဲနဲ့၊ သုံးတတ် စွဲတတ်အောင်နဲ့ နိုင်ငံတော်ကလည်း ပံ့ပိုး ကူညီနိုင်တဲ့အပိုင်းက ပံ့ပိုးပေးမှ ရမယ်လို့ ဒါ ဒီလိုပဲ မြင်ပါတယ်။ တစ်သက်လုံး ပင်ပင်ပန်းပန်း လုပ်ပြီးတော့မှ တစ်နေ့ကို ထမင်းသုံးနပ် စားတတ်ကြတဲ့ အကြွေးထူတဲ့ လယ်သမားတွေကို ထမင်း တစ်နပ် လျှော့စားဖို့ ပြောတာထက် ခုလို ကူညီတာက ပိုပြီးတော့ အကျိုးရှိပါတယ်လို့လည်း ဒီနေရာမှာ ကျွန်တော် တင်ပြလိုပါတယ်။ အခြေခံလူတန်းစားတွေရဲ့ တစ်နေ့ဝင်ငွေဟာ တစ်နေ့ ၁၅၀၀ိ/-၊ ၁၀၀၀ိ/၊ တချို့ အဆင်ပြေတဲ့လူတွေက ၃၀၀၀ိ/-၊ ၄၀၀၀ိ/- ဒီလောက်ပဲ ရှိပါတယ်။ အဲဒီတော့ တစ်ထွာသာသာလောက်ရှိတဲ့ ထင်းတစ်စည်းဟာ အခုဆိုရင် ကျပ် ၂၀ိ/-၊ ၃၀ိ/- လောက် ပေးနေရပြီးတော့ ကိုင်းဖျားကိုင်းနားလောက်ပဲ အနိမ့်ဆုံး ထင်းအဆင့် ရရှိပါတယ်။ တချို့က သုံးစည်းဝယ်မှ တစ်နပ်စာ ချက်ပြုတ်လို့ ရတာတွေလည်း ရှိပါတယ်။ သာယာဝတီဘက်မှာ ကျွန်တော်တို့ ချမ်းသာကုန်းရွာဆိုလို့ရှိရင် ထင်းရှာတဲ့ ရွာသားတွေ ပတ်ဝန်းကျင်တောမှာ သွားတဲ့ အခါမှာ ကုမ္ပဏီရဲ့ အစောင့်တွေက ဒါ တို့ဝယ်ပြီးသား၊ တို့ပိုင်တဲ့မြေ ဆိုပြီးတော့ ထင်းလာရှာတဲ့ ရွာသားတွေကို ပိုက်ဆံတွေ အဆမတန်ကောက်တဲ့ သာဓကတွေလည်း ရှိပါတယ်။ တခြားနေရာ တွေမှာလည်း ဒါ ရှိမယ်လို့လည်း ကျွန်တော် ထင်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လောင်စာဓာတ်ငွေ့ (Gas) ကလည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှု မရှိသေးပါဘူး။ အိမ်ထောင်စုတစ်ခု ချက်ပြုတ်တဲ့အခါမှာ လျှပ်စစ်မီးကို သုံးစွဲတဲ့ အစား ရေနံဆီကိုသုံးရင် အိမ်ထောင်စု(၁၀)စုလောက် လျှပ်စစ်မီးကို ပေးနိုင်မယ်လို့လည်း ကျွန်တော်တို့ ဒီလိုပဲ မြင်ပါတယ်။ လျှပ်စစ်နဲ့ ချက်ပြုတ်တဲ့အခါ မီတာခနဲ့ ကုန်ကျတာ၊ ထင်း မီးသွေးနဲ့ ချက်တဲ့အခါ ကုန်ကျတဲ့စရိတ်၊ ဒီ ငွေပမာဏတွေကို ရေနံဆီ အသုံးပြုလို့ ကုန်ကျတဲ့ ငွေပမာဏနဲ့ ဒါ ကျွန်တော်တို့ နှိုင်းယှဉ်ရမှာလည်း ဖြစ်ပါတယ်။ ဒါကိုလည်း အထူးသုတေသန ပြုဖို့ လိုပါတယ်။

အထူးသဖြင့် အခြေခံလူတန်းစားတွေ၊ လယ်သမား၊ အလုပ်သမားတွေအတွက် ကတော့ ရေနံဆီဟာ လိုအပ်တယ်လို့ပဲ ကျွန်တော် မြင်ပါတယ်။ ကျွန်တော် သိရသလောက် ရေနံဆီ ထုတ်ရင် ဒီဇယ်ဆီ ထုတ်လုပ်မှုနှုန်း ကျနိုင်တယ်လို့လည်း ဆိုပါတယ်။ ဒါကလည်း အစိုးရဖက်က အခက်အခဲ ရှိနိုင်ပါတယ်။ ဒါကိုလည်းပဲ ပညာရှင်တွေ သုတေသန အထူးလုပ်ရမယ်လို့ ထပ်လောင်း တင်ပြလို ပါတယ်။ ခုချိန်မှာ တချို့ဆင်းရဲတဲ့ နိုင်ငံတွေ၊ ဖွံ့ဖြိုးစ နိုင်ငံတွေ၊ နောက် ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ လည်းပဲ နည်းပညာအသစ်နဲ့ ရေနံဆီမီးဖိုတွေ သုံးနေတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့် မို့လို့ ဆင်းရဲမှုလျှော့ချပြီးတော့မှ ချွေတာစုဆောင်းနိုင်အောင် ရေနံဆီခေတ်ကို ပြန်ရောက်အောင် လုပ်ပေးသင့်ပါတယ်။ ထင်းအစားထိုး လောင်စာအနေနဲ့ ရေနံဆီကို ပေါပေါလောလော သုံးနိုင် အောင်၊ နိုင်ငံတော်အစိုးရက သက်သာတဲ့နှုန်းနဲ့ ဖြန့်ဖြူးနိုင်အောင်၊ လျှပ်စစ်ဓာတ်အား မရတဲ့ နေရာတွေ၊ မြို့နဲ့ဝေးတဲ့ဒေသတွေ၊ တောင်ပေါ်မြေပြန့်ကျေးလက်နေ ပြည်သူတွေအတွက် အဆင် ပြေအောင် အမှန်တကယ် လိုအပ်တဲ့အကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော် ကိုယ်စားလှယ်တွေရဲ့ အခြေအနေလည်း နည်းနည်းလေး တင်ပြပါရစေ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒီမိုကရေစီ ဘက်တော်သားတွေပီပီ၊ Of the People, For the People, By the People ဆိုတဲ့ ဒီမိုကရေစီ နိုင်ငံတကာရဲ့ ဆောင်ပုဒ်အတိုင်း ပြည်သူ့ဆန္ဒ၊ ခံစားချက်၊ အသံတွေကို ရပ်တည် ပြီးတော့ အကောင်အထည်ဖော်ပေးနေကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အားလုံးကို (၂)နှစ်ကျော်ကာလမှာ ကျွန်တော် အကဲခတ်ကြည့်တဲ့အခါမှာ အားလုံးဟာ နိုင်ငံတော် အတွက်ရော၊ မဲဆန္ဒရှင်ပြည်သူတွေ အတွက်ရော လိုအပ်ချက်တွေကိုလည်း နည်းမျိုးစုံနဲ့ ဖော်ထုတ် ပေးနေကြတာတွေ့ရပါတယ်။ ကိုယ်ရေးကိုယ်တာ ဦးစားမပေးကြပါဘူး။ ရွှေဘိုက ဒေါက်တာဘိုကြီး တို့လို ကိုယ်စားလှယ်တွေဆိုရင် ကျွန်တော်တို့က ဆေးရုံတက်ပါလို့ သူ့ရောဂါအခြေအနေကို ကြည့်ပြီး ဝိုင်းပြောတာတောင်မှ မတက်ဘဲနဲ့ လွှတ်တော် တက်ရောက်ရေးကိုပဲ ဦးစားပေးတဲ့ အတွက်ကြောင့် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုပဲ ကွယ်လွန်တာ (၃)ယောက်ရှိပါတယ်။

အချို့ဆိုလည်း ကိုယ်ပိုင်စီးပွားရေးတွေ၊ လုပ်ငန်းတွေ၊ နောက် မိသားစုအရေးတွေကို စွန့်ပြီးတော့ ကာလရှည်ကြာစွာနဲ့ပဲ လွှတ်တော်မှာ ပြည်သူ့ဆန္ဒတွေကို ထုတ်ဖော်ပေးနေကြပါတယ်။ လွှတ်တော်တွေရဲ့ ကော်မတီတွေဆိုလည်း နေ့မအား ညမနား ဥပဒေတွေကို ဌာနဆိုင်ရာတွေနဲ့

အကြိတ်အနယ် ငြင်းခုံရေးဆွဲနေကြပါတယ်။ အခွင့်အရေးဆိုလို့ တခြားနိုင်ငံက ကိုယ်စားလှယ်တွေနဲ့စာရင် အင်မတန်မှလည်း နည်းပါးပါတယ်။ ကော်မတီတွေ၊ ပြည်ထောင်စုအဆင့်ဆိုလို့ ပြောခဲ့တာတွေဟာလည်း ဒါတောင်းခံခဲ့ကြတာ မဟုတ်ပါဘူး။ ဒီအစိုးရ မတိုင်ခင် ဥပဒေမှာရှိပြီးသားကို ဒါ ငြင်းခုံခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် အဆောင်အယောင်လည်း တစ်ယောက်မှ လိုချင်ကြတာ မရှိပါဘူး။ တချို့ကိုယ်စားလှယ်တွေကို အထင်လွဲနေလို့ အခုလို တင်ပြရတာ ဖြစ်ပါတယ်။

အခုလို ဘတ်ဂျက်ရေးဆွဲတဲ့ကာလမှာ မလိုအပ်တဲ့ ဘဏ္ဍာတွေ မကုန်ရအောင် အစိုးရကို ဒါထိန်းညှိပေးနေကြတာလည်း ဖြစ်ပါတယ်။ ဤလွှတ်တော်ရှိလို့လည်း ဒီမိုကရေစီဟာ အဓိပ္ပာယ်ရှိပြီးတော့ ပတ်ဝန်းကျင်မှာ ကျွန်တော်တို့နိုင်ငံဟာ ဂုဏ်တင့်တယ်နေတာ ဖြစ်ပါတယ်။ အစိုးရနဲ့ ပြည်သူကြားမှာ အပြန်အလှန် ဖော်ညွှန်းနိုင်တဲ့ စင်မြင့်ဟာလည်း ဒီလွှတ်တော်ပါပဲ။ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး အသုံးစရိတ်တွေနဲ့ ပတ်သက်ပြီးတော့လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ကျွန်တော်တို့ ဆင်ဆင်ခြင်ခြင် နေကြ၊ ထိုင်ကြတာ ဖြစ်ပါတယ်။ တခြား ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ ရပိုင်ခွင့်နဲ့ယှဥ်ရင် ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ ရပိုင်ခွင့်ဟာ တော်တော်လေး နည်းပါးပါတယ်။

သို့ပေမယ့်လည်းပဲ တိုင်းပြည်အတွက် ကျွန်တော်တို့ လုပ်ကိုင်နေကြတဲ့အခါမှာ ဒီမိုကရေစီ အတွက် ဂုဏ်ယူဖို့၊ တိုင်းပြည်တိုးတက်ဖို့ အားလုံး တင်ပြဆောင်ရွက်ဆွေးနွေးကြတာ ဖြစ်ပါကြောင်း ဒီနေရာမှာလည်း နိဂုံးချုပ်အနေနဲ့ ကျွန်တော် ပြောလိုပါတယ်။ ဒါကြောင့် ဒီ ဦးမျိုးမြင့် ရဲ့ ဒီအဆိုဟာလည်းပဲ အခြေခံလူတန်းစားတွေရဲ့ ဆင်းရဲမှုလျှော့ချတဲ့နေရာမှာ တော်တော်လေး အထောက်အကူပြုတဲ့အတွက် သာယာဝတီ၊ လက်ပံတန်း မဲဆန္ဒနယ်ပြည်သူတွေရဲ့ ကိုယ်စား အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၄။**

ဥက္ကဋ္ဌ။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဦးမျိုးမြင့်ရဲ့ ကျေးလက်နေ ပြည်သူသုံး ရေနံဆီ သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးရေးတစ်ရပ်ကို ပြည်ထောင်စုအစိုးရအား တိုက်တွန်း ပေးရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ ကျေးလက်နေဒေသကို လျှပ်စစ်မီးနဲ့ ဂက်(စ်)တွေဟာ အလုံအလောက် မရောက် ပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ ကျေးလက်နေဒေသ ပြည်သူတွေအတွက် မီးလင်းရေး၊ ချက်ပြုတ် စားသောက်ရေးအတွက် ရေနံဆီဟာ အမှန်တကယ်လိုအပ်တဲ့ အရာဝတ္ထုဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့ ငယ်ငယ်တုန်းက မှတ်မိပါတယ်။ ကျွန်တော်တို့ ခပ်ငယ်ငယ်၊ ရေနံဆီ တန်းစီရတယ်။ အဲဒီတော့ အဲဒီခေတ်က။ ကျွန်တော်တို့ မြို့မှာ ကျွန်တော် နေပါတယ်။ ကျွန်တော်တို့ ဗိုလ်တထောင်ဘက်မှာ နေတဲ့အခါမှာ တန်းစီခဲ့ရပါတယ်။ အဲဒီတော့ အဲဒီအချိန်က ကျွန်တော်တို့လည်း ရေနံဆီကို ချက်ပြုတ်ဖို့တို့၊ ဘာတို့မှာ သုံးခဲ့ရပါသေးတယ်။

အဲဒီတော့ နိုင်ငံတကာမှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဒီလိုပဲ ကျေးလက်နေ ပြည်သူ တွေဟာ ရေနံဆီကို အားထားပြီးတော့ သုံးကြပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ဖူးတဲ့ အင်ဒိုနီးရှားနိုင်ငံဆိုရင် ၁၉၉၄ ခုနှစ်မှာ သူတို့လည်း ကျွန်တော်တို့လိုပဲ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အင်ဒိုနီးရှား က ကျွန်တော်တို့ထက်တောင် ရှေ့ကိုရောက်ပါတယ် အနည်းငယ်၊ အဲဒီမှာ ကျေးလက်နေပြည်သူလူထုက ရေနံဆီကိုပဲ အဓိကထား သုံးပါတယ်။ လျှပ်စစ်တို့၊ ဘာတို့ သူတို့လည်း ကြိုးစားထုတ်တယ်။ ဒါပေမဲ့ သူတို့လည်း လူဦးရေ သန်း(၂၀၀)လောက်ရှိတယ်။ နိုင်ငံကလည်း ကြီးတဲ့အတွက်ကြောင့် အားလုံးကို မပေးနိုင်တဲ့အခါမှာ၊ ဂက်(စ်)လည်း အဲဒီလိုပဲ။ သူတို့နိုင်ငံကလည်း ဂက်(စ်)လည်း ထွက်ပါတယ်။ ကျွန်တော်တို့လိုပဲ။ သို့သော်လည်း ဂက်(စ်) လည်း မဖြန့်ဖြူးနိုင်ပါဘူးခင်ဗျ ဥက္ကဋ္ဌကြီး။

ဒါကြောင့် အဲဒီနိုင်ငံမှာလည်း အဲဒီအချိန်ကစပြီး ယနေ့အထိ ကျေးလက်တွေမှာ ရေနံဆီကိုပဲ အားထားပြီးတော့ သုံးစွဲနေရပါတယ်။ ဘယ်လောက် ရေနံဆီက နိုင်ငံရဲ့ နိုင်ငံရေးကို တောင်မှ ကိုင်လှုပ်နိုင်တဲ့အနေအထား၊ ကျွန်တော်မှတ်မိပါတယ်၊ အဲဒီနောက်ပိုင်းမှာ ဆူဟာတိုကြီး ပြုတ်ကျခါနီးမှာ ကျွန်တော်တို့ ရေနံဆီဈေးကို တက်လိုက်တာ သူတို့၊ ရေနံဆီဈေးကို တက်လိုက်တာနဲ့ အဲဒီမှာ နိုင်ငံရေးဟာ လူထုတွေ ဆန္ဒပြ ဘာညာဖြစ်ပြီးတော့ အစိုးရပြုတ်ကျတဲ့အထိ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ရေနံဆီကို ဒါကြုံလို့ပါ။ ရေနံဆီပဲဖြစ်ဖြစ်၊ ဓာတ်ဆီပဲဖြစ်ဖြစ် ဈေးတက်တဲ့အခါမှာ Black Change (၁၀၀)ရာခိုင်နှုန်း တက်တာမျိုးတော့ မလုပ်ဘဲနဲ့ ကျွန်တော်တို့ စီးပွားရေးရင့်ကျက်နေတဲ့ နိုင်ငံတွေမှာလို (၁၀)ရာခိုင်နှုန်း၊ (၅)ရာခိုင်နှုန်း ဒီလိုလေးတွေ မှန်မှန်တက်သွားလို့ရှိရင် ပြည်သူလူထုကလည်း သိပ်ပြီးတော့ မထိခိုက်ဘူး ပေါ့။ မသိမသာ တက်သွားတဲ့နည်းလမ်းက ကောင်းပါတယ်။ နောက်ပိုင်းတော့ အင်ဒိုနီးရှားမှာလည်း အဲဒီလို ရာနှုန်းပြည့်တက်တာမျိုး မဟုတ်တော့ဘဲနဲ့ ဖြည်းဖြည်းချင်း တက်တဲ့အပိုင်းနဲ့ လုပ်သွားတော့ ကနေ့အထိ ပြဿနာမရှိပါဘူး။ ရေနံဆီပြဿနာ။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာလည်း ဒါကြောင့် ကျေးလက်နေပြည်သူများအတွက် ရေနံဆီဟာ ကျွန်တော်တို့ ဆက်လက်ဖြန့်ဖြူးပေးနိုင်ရင်တော့ ကောင်းမှာပါ။ ဘာကြောင့်လဲ ဆိုတော့ အခုလည်း မဖြန့်ဖြူးပေမယ့်လည်း ကျွန်တော် ဟိုတစ်နေ့က မန္တလေးက ကုန်သည် တစ်ယောက်နဲ့ တွေ့တယ်။ သူက ဘာနဲ့ချမ်းသာသလဲဆိုတော့ သူက ရေနံဆီမီးဖိုတွေ၊ ရေနံဆီ အောက်မီးလင်း၊ မီးလင်းတဲ့ မီးအိမ်ကြီးတွေ ထုတ်ပြီးတော့ သူက စီးပွားဖြစ်နေတယ် အခု။ အင်မတန် ရောင်းလို့ကောင်းတယ်တဲ့ သူက၊ ဆိုတာက ဒီ ကျေးလက်တွေမှာ ရေနံဆီ မဖြန့်ဖြူးပေမယ့် သူတို့က ဓာတ်ဆီကို ခုနက ကျွန်တော့်ညီငယ် ဦးမြင့်ထွန်း ပြောသလို ဓာတ်ဆီကို ဆားခတ်၊ ဒီဇယ်ကိုလည်း ရောပြီးတော့ အဲဒါတွေနဲ့ စပ်ပြီးတော့ သုံးနေကြတယ် ကျေးလက်မှာ။ ဘာပြုလို့လဲဆိုတော့ သူတို့မှာ လျှပ်စစ်လည်း မရဘူး။ နောက်တစ်ခါ ဂက်(စ်)လည်း မရောက်ဘူး။ ထင်း ဆိုတာလည်း တော်တော်ရှားပါးလာတယ်။

ဒါကြောင့်မို့လို့ အဲဒီက မန္တလေးက ကုန်သည်ကြီးပြောတော့မှ သြော် ဒီရေနံဆီဟာ တို့အစိုးရက မဖြန့်ပေမယ့်လို့ သူ့နည်းသူ့ဟန်နဲ့ အဲဒီတောရွာတွေမှာ ဆက်သုံးနေကြတယ် ဆိုတာတော့ သေချာပါတယ်ခင်ဗျ။ ဘာပြုလို့လဲဆို အဲဒီပုဂ္ဂိုလ်က သူတော်တော်ကို သူ့ပစ္စည်း

တွေ တော်တော်ရောင်းကောင်းတယ်လို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျွန်တော် အဲဒီ အင်ဒိုနီးရှားရောက်တုန်းက ဘာတွေ့လဲဆိုတော့ ဒီအစိုးရက ကျေးလက်တွေကို ရေနံဆီ ဖြန့်ပြီးတော့ ခုနက သစ်တောတွေကို သူတို့ မခုတ်တော့ဘူး။ အဲဒီကျွန်တော်တို့ ရောက်တဲ့ အချိန်လောက်မှာ စပြီးတော့ Preserve လုပ်ပြီး၊ သူက ဘာပြောလဲဆိုတော့ ကျွန်းသစ်ဟာ ဗမာနဲ့ အင်ဒိုနီးရှားပဲ ရှိတယ်။ ဒါကြောင့်မို့လို့ တို့(၂)နိုင်ငံကသာ ကျွန်းသစ်ကို ကိုင်ထားရင် ဒီကမ္ဘာမှာ ကျွန်းသစ်ဟာ ရွှေလောက် တန်ဖိုးရှိလာမှာ။ ဒါကြောင့်မို့လို့ သူတို့က ကျွန်းသစ်ဆိုရင် လုံးဝ မခုတ်တော့ဘဲနဲ့ ကျွန်းသစ်စိုက်ခင်းတွေ စိုက်တယ်။ ကျွန်တော် ကားနဲ့ ဖြတ်သွားတာ တစ်နေကုန် ဖြတ်သွားတာ ကျွန်းသစ်စိုက်ခင်းတွေ အဲဒီတုန်းက စိုက်တယ်။ အဲဒီတုန်းက ကျွန်တော်တို့ဆီက အပင်လောက် မကြီးဘူး။ သို့သော်လည်း တစ်နေကုန် ဖြတ်သွားလို့တောင် မဆုံးဘူး။ အဲဒါ ကြောင့်မို့လို့ အခုလောက်ဆိုရင်တော့ နှစ်ပေါင်း(၂၀)လောက်ရှိပြီ ဖြစ်တဲ့အတွက်ကြောင့် ကျွန်းသစ်တွေဟာ အင်ဒိုနီးရှားမှာ တော်တော့်ကို ကျွန်တော်တို့ အပင်ကြီးတွေဟာ ကြီးပြီးတော့၊ ခုတ်သိမ်းဖို့အဆင်သင့် ဖြစ်နေပြီးတော့၊ ကျွန်းသစ်ကို သူတို့က အမာခံထားပြီးတော့ သူတို့ စီးပွားရေးကို သူတို့ သစ်ရဲ့ စီးပွားရေးကို လုပ်မယ်ဆိုတဲ့ သူတို့မှာ Plan ရှိတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ကလည်း ဒီရေနံဆီကို ပေးလို့ရှိရင် ကျွန်တော်တို့ ခုနက သစ်တောပြုန်းတီးတာတွေလည်း သက်သာသွားမယ်။ အခုဆိုရင် ကျွန်တော့် တပည့်တွေ တိုက်ကြီးမှာရှိတော့ သူတို့ လာတဲ့အခါ ပြောတယ်၊ တိုက်ကြီး ကျွန်တော်တို့ မြိုင်ဟေဝန်လမ်း ဆင်စခန်း သွားတဲ့လမ်း၊ အဲဒီလမ်းကနေ တောင်ပေါ်တက်လို့ရတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒီတောင်ပေါ်တက်လို့ရှိရင် တစ်နေ့၊ တစ်နေ့ကို ထင်းကားက အဲဒီတောင်ပေါ်က ဆင်းတာ အစီး(၂၀)လောက်ရှိတယ်။ အဲဒီတော့ ကျွန်တော့်တပည့်တွေက ခြံထဲမှာ မလုပ်တော့ဘဲနဲ့ အဲဒီ ထင်းကားကို မနက်(၄)နာရီ ထလိုက်တယ်။ လိုက်ပြီးတော့ ထင်းကို တက်ခွေတယ်။ ခွေပြီးတော့ ထင်းကားအပြည့်ဆိုရင် သူတို့ (၅၀၀၀)ရတယ်။ အဲဒီထင်းကားနဲ့ သူတို့ ပြန်လာ၊ သူတို့ ဆင်းတယ်။ အဲဒီတော့ တစ်နေ့ကို အစီး(၂၀)၊ ဒါဟာ ကျွန်တော်သိတဲ့ တစ်လမ်းကို ပြောတာ။

အဲဒီတော့ အဲဒီလိုသာ ထင်းတွေ ခုတ်နေမယ်ဆိုရင် ကျွန်တော်တို့ သစ်တောတွေဟာ ပြုန်းသထက်ပြုန်းမှာ ဖြစ်ပါတယ်။ ဒါဟာ အစားထိုးမရတဲ့ ကျွန်တော်တို့ ပြုန်းတီးခြင်းမျိုး ဖြစ်မှာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခု သစ်တောတွေကိုလည်း တတ်နိုင်သလောက်

ကျွန်တော်တို့ သစ်တောဝန်ကြီးဌာနကလည်း ထိန်းသိမ်းနေတယ်ဆိုတာ သိပါတယ်။ အခု သစ်လုံးတွေကို မရောင်းဘဲနဲ့ အချောထည်တွေကို ရောင်းမယ်ဆိုတာ အင်မတန် ကျွန်တော်တို့ ဝမ်းသာစရာကောင်းတဲ့ သတင်းပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က ဒီ ဦးမျိုးမြင့် ရဲ့ အဆို ဖြစ်တဲ့ ကျေးလက်နေပြည်သူတွေကို ရေနံဆီ တတ်နိုင်သလောက် ဖြန့်ဖြူးပြီးတော့ ကျွန်တော်တို့ သစ်တောတွေ ပြုန်းတီးမှု၊ ထင်း၊ ရေနံဆီ မပေးတဲ့နေရာတွေမှာ ထင်းတွေ ခုတ်နေတဲ့ဥစ္စာကို သက်သာအောင်၊ ကျွန်တော်တို့ ဦးမျိုးမြင့် ရဲ့ အဆိုဖြစ်တဲ့ ကျေးလက်နေ ပြည်သူအားလုံးကို ရေနံဆီ သင့်တင့်လုံလောက်စွာ ဖြန့်ဖြူးပေးရေးဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း တင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၃။**

ဥက္ကဋ္ဌ။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း အဆိုအပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဦးမျိုးမြင့် ရဲ့ အဆိုပြုတင်သွင်းချက်ဟာ ထင်းများ မတန်တဆ ခုတ်ယူသုံးစွဲနေမှုကြောင့် တောများ ပြုန်းတီးပျက်စီးခြင်းမှ ကာကွယ်တားဆီးနိုင်ဖို့ ထင်းအစား ရေနံဆီမီးဖိုဖြင့် ချက်ပြုတ် နိုင်ရေး၊ ကျေးလက်နေပြည်သူများသို့ ရေနံဆီကို ထင်းအစားထိုး လောင်စာအဖြစ် သင့်တင့် လုံလောက်အောင် ဖြန့်ဖြူးပေးရန် လိုအပ်ကြောင့် ထောက်ခံဆွေးနွေးသွားခြင်းနဲ့ ထင်းခုတ်ယူ အသုံးပြုမှုဟာ နိုင်ငံနဲ့အဝန်း များပြားမှုကြောင့် ထင်းအစားထိုး ပြုလုပ်ရန် ရေနံဆီ တစ်မျိုး တည်းနဲ့ ရေရှည်မှာ အခက်အခဲ ဖြစ်နိုင်တာကြောင့် အခြားနည်းလမ်းများဖြင့်သာ အစားထိုး ပြုလုပ်ရန်လိုအပ်ကြောင်း ဖြည့်စွက်အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ လူဦးရေ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်မှာ နေထိုင်ကြတာ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများဟာ လောင်စာ သို့မဟုတ် ထင်းကို အောက်ပါအတိုင်း အသုံးပြုနေကြတာကို တွေ့မြင်ရပါတယ်။ နေ့စဉ် ထမင်း၊ ဟင်းများ ချက်ပြုတ်ရာတွင် အသုံးပြုခြင်း၊ ဆောင်းရာသီ အအေးဒဏ်ခံနိုင်ရန် မီးလှုံခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ မှက်၊ ခြင် မကိုက်ရန် မီးဖိုခြင်း၊ ညအလင်းရောင် ရရှိရန် မီးဖိုပြီး အလုပ်လုပ်ခြင်း၊ ဥပမာ - မီးဖိုပြီးတော့ မီးရဲ့အလင်းရောင်နဲ့ နှီးဖြာခြင်း၊ ဖျာယက်ခြင်း၊ ခြင်းတောင်း ယက်လုပ်ခြင်း၊ သင်္ကြန်ယ်ပစ်ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အုတ်ဖုတ်ရာမှာလည်း ထင်းကို အသုံးပြုနေကြပါတယ်။ မြို့ပေါ်မှာရှိတဲ့ ပြည်သူများအနေနဲ့ကတော့ ချက်ပြုတ်ရန် အဓိကအားဖြင့် ထင်းမီးသွေးကိုပဲ အသုံးပြုကြတာ ဖြစ်ပါတယ်။ ကျေးလက်နေမိသားစုများအတွက် တစ်နေ့ (၂.၀)ကုဗတန်နဲ့ မြို့နေမိသားစုအတွက် တစ်နေ့(၁.၄)ကုဗတန်၊ လူတစ်ဦး တစ်နေ့ပျမ်းမျှ (၀.၅)ကုဗတန်၊ ထင်းကို သုံးစွဲနေကြောင်း ခန့်မှန်းတွက်ချက်မှုအရ လေ့လာသိရှိရပါတယ်။ ဒါကြောင့် ထင်း၊ မီးသွေးဟာ လူသားတို့အတွက် မရှိမဖြစ် လိုအပ်တဲ့အရာဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

သဘာဝတောများ ပျက်စီးရတဲ့ အကြောင်းအရင်းကို ပြန်ကြည့်လျှင် အကြမ်းဖျဉ်း အားဖြင့် ရွှေ့ပြောင်းတောင်ယာ ခုတ်ခြင်း၊ လူများ မဆင်မခြင် ဆောင်ရွက်မှုကြောင့် ပျက်စီးခြင်း၊ ဥပမာ - တောမီးရှို့ခြင်း၊ အကြောင်းမဲ့ သစ်ပင်များကို ခုတ်လှဲခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခြင်း၊ အိမ်အသုံးအဆောင်ပစ္စည်းများအတွက် သစ်များထုတ်လုပ်၍ အသုံးပြုခြင်း၊ နိုင်ငံတော်မှ သစ်များ ပိုမိုထုတ်ယူအသုံးပြုခြင်း၊ နိုင်ငံခြားသို့ သစ်များ တရားမဝင် ခိုးထုတ်ခြင်းနဲ့ ထင်း၊ မီးသွေး အဖြစ် အသုံးပြုခြင်းတို့ဖြစ်ကြောင်း တွေ့ရပါတယ်။

အဲဒီအထဲမှာ ထင်းခုတ်ခြင်းဟာ အဆိုးဝါးဆုံး ဖြစ်ပါတယ်။ ထင်းကို တစ်နှစ်သား သစ်ပင်က နေပြီးတော့ အကြီးမားဆုံး သစ်ပင်အထိ ခုတ်ယူသုံးစွဲနေတာ ဖြစ်ပါတယ်။ ကျေးရွာတွေမှာ မိုးစပါး ရိတ်သိမ်းပြီးချိန်မှာ နွေရာသီကာလကို မိသားစုတစ်စုအတွက် သုံးစွဲရန်ဖြစ်စေ၊ စီးပွားဖြစ် ရောင်းချရန်ဖြစ်စေ ထင်းခုတ်တဲ့ကာလအဖြစ် ဆောင်ရွက်နေကြပါတယ်။ ကျေးရွာမှာရှိတဲ့ အိမ်တိုင်းလိုလိုမှာပဲ တစ်နှစ်စာ ထင်းဆိုင်ကြီးများကို တွေ့မြင်နိုင်ပါတယ်။ ထင်းအမျိုးအစားများဟာလည်း လက်ကောက်ဝတ်အရွယ်၊ သစ်ပင်ငယ် ထင်းများကနေပြီးတော့ သစ်ပင်ကြီးများကို

ဖြတ်တောက် ခွဲစိတ်ထားတဲ့ ခွဲခြမ်းများအထိ ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုးတကာ့ အဆိုးဆုံးကတော့ အုတ်ဖုတ်ရာမှာ အသုံးပြုတဲ့ အုတ်ဖုတ်ထင်း ခုတ်ယူအသုံးပြုနေကြခြင်း ဖြစ်ပါတယ်။

ချက်ပြုတ်ရန် ထင်းကိုတော့ ရွေးချယ်မှုရှိပါတယ်။ ဥပမာ- မီးမတောက်ဘူး။ မီးခိုးတွေ ထွက်တယ်။ မီးပေါက်တဲ့ အသားမျိုးကို မသုံးကြပါဘူး။ အုတ်ဖုတ်တဲ့ ထင်းအဖြစ်ကတော့ မည်သည့်အပင်မျိုးမဆို ခုတ်ယူအသုံးပြုနေကြတာ ဖြစ်တဲ့အတွက်ကြောင့်မို့ အုတ်ဖုတ်တဲ့ ထင်းကို ခုတ်ယူတဲ့အတွက်ကြောင့်မို့ တစ်တောလုံး ပြောင်နိုင်တဲ့ အနေအထား ရှိပါတယ်။ လူဦးရေများပြားလာခြင်းဟာလည်း သစ်တောပြုန်းတီးစေမှုကို ဖြစ်ပေါ်စေပါတယ်။ လူဦးရေ များလာတဲ့အတွက်ကြောင့် အိမ်ရာအဆောက်အဦတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ၊ စိုက်ပျိုးမြေတွေ၊ ဥယျာဉ်ခြံမြေများကို တိုးချဲ့လုပ်ကိုင်လာကြတဲ့အတွက် သစ်တောများ ပြုန်းတီးလာတာကို တွေ့ရပါတယ်။

လွန်ခဲ့တဲ့ (၃၀)၊ (၄၀)နှစ်ဝန်းကျင်က ရွာကနေပြီးတော့ တစ်မိုင်၊ နှစ်မိုင်အတွင်းမှာ ထင်းများခုတ်ယူနိုင်သော်လည်း ယခုအချိန်မှာ ထမင်းထုပ်နဲ့ သွားရောက်ပြီးတော့ ခုတ်ယူနေရတဲ့ အခြေအနေတွေ ရှိနေတာကို တွေ့ရပါတယ်။ ထင်းများ အဆမတန် ခုတ်ခြင်းကြောင့် တောများ ပျက်စီးပြီးတော့ ယခုလို ဆိုးကျိုးများ ရင်ဆိုင်လာနေရတာ ဖြစ်ပါတယ်။ တောများ ပြုန်းတီးတဲ့ အတွက် ပူပြင်းခြောက်သွေ့လာတယ်။ ရာသီဥတု ဖောက်ပြန်လာတယ်။ မြေဆီလွှာများ ပျက်စီး ဆုံးရှုံးလာတယ်။ တောတိရစ္ဆာန်များ သေကြေပျက်စီးပြီးတော့ ရှားပါးလာတယ်။ သစ်တော ရတနာ အဖိုးတန်သစ်များ ဆုံးရှုံးရတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာ ထင်ရှားစွာ သိသာနိုင်ပါတယ်။

အဲဒီတော့ အပူပိုင်းဒေသကို ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အစိုးရက နေပြီးတော့ ၁၉၉၄-၉၅ ခုနှစ်က စပြီးတော့ အပူပိုင်းဒေသကို ခရိုင်စိမ်းလန်းစိုပြည်ရေး စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်မှုများအနေနဲ့ကတော့ သစ်တောစိုက်ခင်း များ စိုက်ပျိုးခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ထင်းအစားထိုးလောင်စာ သုံးစွဲလာရေး ဆောင်ရွက်ခြင်း၊ ဆည်မြောင်း၊ တာတမံများ ဆောက်လုပ်ပေးခြင်း၊ ရေကန်တူးဖော်ခြင်းနှင့် မြေအောက်ရေ တူးဖော်ခြင်း အပါအဝင် ရေအရင်းအမြစ်များ ဖော်ထုတ်ပြီးတော့ စနစ်တကျ ခွဲဝေသုံးစွဲခြင်းတို့ကို ဆောင်ရွက်စေခဲ့ပါတယ်။

အဲဒီတော့ ယခုအချိန်မှာ ထင်းအစားထိုးလောင်စာ သုံးစွဲနိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်းလုပ်ငန်းစဉ်မှာ သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား၊ အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့် မီးဖိုများ၊ လောင်စာတောင့်များနဲ့ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို တိုးမြှင့်သုံးစွဲလာရေး ထိထိရောက်ရောက် စည်းရုံးဆောင်ရွက်သွားရန်လို့ ဖော်ပြထားပါတယ်။ နောက်တစ်ချက် အနေနဲ့ကတော့ မြေအခြေအနေပေးတဲ့ ကျေးရွာများမှာ ထင်းစိုက်ခင်းများကို စီမံချက်နဲ့ ပြည်သူလူထုကို စည်းရုံးစိုက်ပျိုးရန်လို့ ဖော်ပြထားပါတယ်။

စွမ်းအင်ဝန်ကြီးဌာနကလည်း ဌာနရဲ့ ၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်းမူဝါဒမှာ ရှာဖွေတွေ့ရှိတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသ အပါအဝင် ပြည်သူလူထု တစ်ရပ်လုံး အကျိုးရှိဆုံးနဲ့ အထိရောက်ဆုံး ရရှိခံစားနိုင်မယ့် သုံးစွဲမှုဖြစ်စေရေး ဆောင်ရွက်ရန် ဖော်ပြထားရှိပါတယ်။ အဲဒီတော့ စွမ်းအင်ဝန်ကြီးဌာနရဲ့ ရေနံစိမ်းထုတ်လုပ်မှုကို ကာလတို ငါးနှစ်စီမံကိန်းအချိန်မှာ ထုတ်လုပ်ဖို့ လျာထားချက်ကို ပြန်ကြည့်ရင်လည်း ဒါ ၂၀၁၀-၂၀၁၁ ကနေပြီးတော့ ၂၀၁၅-၂၀၁၆ အထိ တစ်နှစ်ကို အမေရိကန် စည်သန်းပေါင်း(၇)သန်း ပတ်ဝန်းကျင်သာ ထုတ်လုပ်ဖို့ လျာထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဝန်ကြီးဌာန(၂)ခုရဲ့ ၂၀၁၅-၂၀၁၆ ရဲ့ သူတို့ရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို ပြန်ပြီး ဖော်ထုတ်ကြည့်မယ်ဆိုရင် သစ်တောဝန်ကြီးဌာနအနေနဲ့ ထင်းအစားထိုး သုံးစွဲဖို့အတွက် စည်းရုံးဆောင်ရွက်ရန်ဆိုတာ ဖော်ထုတ်ရရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း ရေနံစိမ်းကို တိုးမြှင့်ထုတ်လုပ်နိုင်မှု မရှိဘူး။ ရေရှည်မှာ ရေနံတွင်းများဟာ ကုန်သွားနိုင်တယ်။ ဒါကြောင့်မို့ ချိန်ဆထုတ်လုပ်ရန် လိုအပ်တယ် ဆိုတဲ့ဟာကို ဒါ ဖော်ထုတ်တွေ့ရှိနိုင်တာ ဖြစ်ပါတယ်။

ပြည်သူများအနေနဲ့ ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းကို အောက်ပါနည်းလမ်းနဲ့ ဆောင်ရွက်နေကြတာကိုလည်း တွေ့ရပါတယ်။ ဥပမာ - ထင်းကို အသုံးပြုပြီးတော့ ချက်ပြုတ်တာ ရှိပါတယ်။ ထင်းမီးသွေး အသုံးပြုပြီးတော့ ချက်ပြုတ်တာရှိပါတယ်။ လောင်စာတောင့် အသုံးပြုပြီးတော့ ချက်ပြုတ်တာရှိပါတယ်။ လျှပ်စစ်မီး အသုံးပြုပြီးတော့ ချက်ပြုတ်တာရှိပါတယ်။ နောက် ဂက်(စ်) အသုံးပြုပြီးတော့ ချက်ပြုတ်တာ ရှိပါတယ်။ နောက် ရေနံဆီမီးဖိုနဲ့ အသုံးပြုပြီးတော့ ချက်ပြုတ်တာရှိပါတယ်။ ထင်းအစားထိုး သုံးစွဲရန် အခြားနည်းလမ်းများလည်း ရှိနေကြောင်း တွေ့ရှိရတာ

ဖြစ်ပါတယ်။ ဒါကြောင့်မို့ ထင်းအစား သုံးစွဲမှုကို ရေနံဆီတစ်မျိုးတည်းဖြင့် သင့်တင့်လုံလောက်ဖို့ မရှိနိုင်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့ အခြား အစားထိုးလောင်စာများကိုလည်း အသုံးပြုနိုင်ဖို့အတွက် ဆက်စပ်ဌာနများနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန်လိုမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျေးလက်နေဒေသများကို ရေနံဆီအလုံအလောက် ဖြန့်ဖြူးပေးရန် ဦးမျိုးမြင့်၏ အဆိုပြုမှုကို ထောက်ခံပါတယ်။ သို့သော်လည်း ရေနံစိမ်းဟာ ရေရှည်မှာ ကုန်ခန်းသွားနိုင်ခြင်း၊ ထုတ်လုပ်ရန် ကုန်ကျစရိတ် ကြီးမားခြင်းစတဲ့ အဟန့်အတားများ ရှိနိုင်ပါတယ်။ နိုင်ငံတော်မှ စီမံကိန်းချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့ စတဲ့ လောင်စာစီမံကိန်းများ ဆောင်ရွက်နေခြင်းနှင့်အတူ ပြည်သူလူထုအားလည်း ကျေးရွာပိုင် ထင်းစိုက်ခင်းများ ထူထောင်ခြင်း၊ ဒေသခံပြည်သူအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ထင်းကုန်သက်သာတဲ့ အေဝမ်းမီးဖိုလို စွမ်းအားမြှင့်မီးဖိုများကို သုံးစွဲခြင်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများဖြစ်တဲ့ စပါးခွံ၊ မြေပဲခွံ၊ နှမ်းရိုး၊ ပဲစဉ်းငုံရိုး စတဲ့ စသည်များကို သုံးစွဲရေးနဲ့ စွမ်းအင်ထုတ်ပစ္စည်းများ တီထွင်အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်၊ စည်းရုံးဆောင်ရွက်ခြင်း၊ အသိပညာ ဖြန့်ဝေပေးခြင်းနှင့် ပြည်သူတို့ အသိတရားဖြင့် ပူပေါင်းပါဝင်ဆောင်ရွက်လာခြင်းဖြင့်သာ ပြည်သူတို့ မရှိမဖြစ် လိုအပ်လျက်ရှိနေတဲ့ ထင်းအတွက် ထင်းအစားထိုးလောင်စာများဖြင့် ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အပြင် နိုင်ငံရဲ့ အဖိုးတန်ရတနာများဖြစ်တဲ့ သစ်တောသယံဇာတများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်မှာဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီကနေ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်သွင်းထားတဲ့ ကျေးလက်နေပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျေးလက်နေပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော လောင်စာစွမ်းအင်ကိစ္စ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ မြေအရင်းအမြစ်၊ ရေ အရင်းအမြစ်၊ သစ်တော၊ သတ္တုနဲ့ကျောက်မျက်သယံဇာတများ ပေါများကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံရဲ့လူဦးရေ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်ဒေသများမှာ နေထိုင်ကြပြီး လယ်ယာ စိုက်ပျိုး လုပ်ကိုင်ကြလျက် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ ဖြစ်ပါတယ်။ ရှေးပဝေသဏီ နိုင်ငံစတည်သည့်အချိန်မှ ယနေ့ကာလအထိ လယ်ယာစိုက်ပျိုးမှုမှ ရရှိသော ထွက်ကုန်များအပေါ် တွင် အဓိကအားထားလျက် နေကြပါတယ်။ အနည်းဆုံး ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ အဓိကအရေးအကြီးဆုံးကဏ္ဍမှာ ရပ်တည်လျက်ရှိပါတယ်။ ဒါနဲ့ကြောင့် နိုင်ငံလူဦးရေရဲ့ (၇၅)ရာခိုင်နှုန်းရှိတဲ့ ကျေးလက်နေ တောင်သူလယ်သမားများ လူမှုဘဝမြင့်မားရေးအတွက် လုပ်ဆောင်ပေးရန် နိုင်ငံတော်မှာ တာဝန်ရှိ ပါတယ်။

သို့သော်လည်း ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်ပြထားသလို ဒီကနေ့ ကျေးလက်ပြည်သူ အများစုဟာ မိုးလေဝသ ဖောက်ပြန်မှု၊ လယ်ယာထွက်ကုန်များ အထွက်နှုန်း ကျဆင်းမှု၊ ထွက်ကုန်ပစ္စည်းများ ဈေးကျဆင်းမှု၊ ငွေကြေးဖောင်းပွမှု၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးစရိတ် မြင့်မားမှုစတဲ့ စားဝတ်နေရေး၊ လူမှုရေးဒုက္ခတွေနဲ့ နိစ္စဓူဝ လုံးပမ်းနေကြရတာကို တွေ့မြင်နေကြရပါတယ်။ ဒီကနေ့ နိစ္စဓူဝ ကြုံတွေ့နေရတဲ့ ဒုက္ခတွေထဲမှာ နေ့စဉ် မရှိမဖြစ် သုံးစွဲနေရတဲ့ မီးဖိုချောင်သုံး လောင်စာစွမ်းအင်နဲ့ မီးအလင်းရောင် သုံးစွမ်းအင်တို့ လုံလုံလောက်လောက် မရရှိနိုင်မှုဟာလည်း အဓိကအခန်းမှ ပါဝင်နေတာကို တွေ့မြင်ရပါတယ်။

မီးဖိုချောင်သုံးလောင်စာအဖြစ် ထင်း၊ မီးသွေးတို့ကို အသုံးပြုပြီး၊ မီးအလင်းရောင် စွမ်းအင် အဖြစ် ခာတ်ခဲ၊ ဘက်ထရီသုံး လျှပ်စစ်ပစ္စည်းများကို မလုံမလောက်နဲ့ ဖြစ်သလို သုံးစွဲနေရတာ တွေ့ရပါတယ်။ အလားတူ မြို့ပြနေပြည်သူလူထု တော်တော်များများဟာလည်း ဒီလိုပဲ အသုံးပြု ဖြေရှင်းနေကြတာကို တွေ့မြင်ရပါတယ်။

သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှု။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှု ဘေးအန္တရာယ်များဟာ သစ်တောများပြုန်းတီးမှုနဲ့ ဂေဟစနစ် ပျက်စီးမှုတို့ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့်ပဲ ဖြစ်ပါ တယ်။ အဆို တင်သွင်းသူ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် က သစ်တောပညာရှင်များရဲ့ သုတေသနစာရင်းများအရ မြန်မာနိုင်ငံရဲ့ သစ်တောကြီးများ ပြုန်းတီးမှုအခြေအနေကို နှစ်စဥ် တိုးတက်မှုနှုန်းနဲ့ သွားနေကြောင်း ဇယားဆွဲပြီး တင်ပြထားပါတယ်။

ဦးမျိုးမြင့် တင်ပြထားတဲ့ဇယားအရ တွက်ချက်မယ်ဆိုလို့ရှိရင် ကုန်းဘောင်ခေတ်မှာ မြန်မာနိုင်ငံဟာ သစ်တော(၇၀)ရာခိုင်နှုန်း လွှမ်းမိုးမှုရှိခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ (၅၇)ရာခိုင်နှုန်းပဲ လွှမ်းမိုးမှုရှိပါတယ်။ ထိုကြောင့် ကုန်းဘောင်ခေတ်ကို ၁၈၈၄ ခုနှစ်ကစ၊ နောက်ဆုံးနှစ်ကစပြီး တွက်ပြီးတော့ ၁၉၆၂ ခုနှစ်အထိဆိုလို့ရှိရင်၊ ၁၈၈၄ ခုနှစ်နဲ့ တွက်မယ်ဆိုရင် သစ်တောပြုန်းတီးမှုဟာ (၇၈)နှစ်အတွင်းမှာ (၁၃)ရာခိုင်နှုန်း တိုးတက်လာပါတယ်။ ၂၀၀၅ ခုနှစ်မှာ သစ်တောဖုံးလွှမ်းမှုဟာ (၅၀)ရာခိုင်နှုန်းသာ ရှိတော့တယ်လို့ ဖော်ပြထားတဲ့အတွက် ၁၉၆၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ (၄၃)နှစ်အတွင်းမှာ သစ်တောပြုန်းတီးမှုဟာ (၇)ရာခိုင်နှုန်း တိုးလာပြီးတော့၊ ကုန်းဘောင်ခေတ် ၁၈၈၄ ခုနှစ်မှ၂၀၀၅ ခုနှစ်အထိ နှစ်ပေါင်း(၁၂၀)အတွင်းမှာ သစ်တောပြုန်းတီးမှုဟာ (၂၀)ရာခိုင်နှုန်း အထိ တိုးတက်လာတာ တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်မှာ သစ်တောဖုံးလွှမ်းမှုဟာ (၂၄)ရာခိုင်နှုန်းသာ ရှိတယ်လို့ ဖော်ပြထားတဲ့အတွက် ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ (၃)နှစ်အတွင်းမှာ သစ်တော ပြုန်းတီးမှုဟာ (၂၆)ရာခိုင်နှုန်း တိုးတက်တာကို တွေ့ရပါတယ်။ ကုန်းဘောင်ခေတ် ၁၈၈၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်ပေါင်း(၁၂၄)နှစ်အတွင်း သစ်တောပြုန်းတီးမှုဟာ (၄၆)ရာခိုင်နှုန်းအထိ တိုးတက်လာတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံ နှစ်စဉ်သစ်တောပြုန်းတီးမှု။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ရဲ့ အဆိုလွှာ သစ်တောဦးစီးဌာနရဲ့ စာရင်းဇယားများအရ သစ်တောများ ပြုန်းတီးမှုဟာ ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နှစ်စဉ် (၀.၆၄) ရာခိုင်နှုန်းနဲ့ ၁၉၈၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နှစ်စဉ်(၁.၂)ရာခိုင်နှုန်းခန့် ရှိတယ်လို့ တင်ပြထားပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ရှေ့ပိုင်းမှာ တင်ပြထားတဲ့ ကုန်းဘောင်ခေတ်မှ ၂၀၀၈ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲ့ သစ်တောလွှမ်းမိုးမှု ရာခိုင်နှုန်းနဲ့ ဆက်စပ်ပြီး တွက်ချက်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းကို အောက်ပါအတိုင်း တွေ့ရမှာဖြစ်ပါတယ်။

ကုန်းဘောင်ခေတ်မှ ၁၉၆၂ ခုနှစ်အထိ (၇၈)နှစ်အတွင်းမှာ သစ်တောဖုံးလွှမ်းမှုဟာ (၁၃)ရာခိုင်နှုန်း ကျဆင်းပြီးတော့ သစ်တောပြုန်းတီးမှုဟာ (၀.၁၇)ရာခိုင်နှုန်း တိုးတက်လာတာ တွေ့ရပါတယ်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ (၁၄)နှစ်အတွင်းမှာ သစ်တောပြုန်းတီးမှုနှုန်းဟာ (၀.၆၄)ရာခိုင်နှုန်း  တိုးတက်လာတာ တွေ့ရပါတယ်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ (၁၃)နှစ်အတွင်းမှာ သစ်တောပြုန်းတီးမှုဟာ (၁.၂၀)ရာခိုင်နှုန်း ပြုန်းတီးပါတယ်။ ၁၉၆၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ (၄၃)နှစ်အတွင်းမှာ သစ်တောဖုံးလွှမ်းမှုဟာ (၂၀)ရာခိုင်နှုန်းကျဆင်းပြီးတော့ သစ်တောလွှမ်းမိုးမှုဟာ (၇၀)ရာခိုင်နှုန်း လျော့နည်းလာပြီးတော့ သစ်တောရဲ့ပြုန်းတီးမှုဟာ (၀.၁၆)ရာခိုင်နှုန်း တိုးတက်လာတာ တွေ့ရပါတယ်။ ၁၉၆၂ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ (၄၆)နှစ်အတွင်းမှာ သစ်တောလွှမ်းမိုးမှုဟာ (၃၃)ရာခိုင်နှုန်းကို ကျဆင်းလာပြီးတော့ သစ်တောပြုန်းတီးမှုဟာ (၀.၇၂) ရာခိုင်နှုန်း တိုးတက်လာတာ တွေ့ရပါတယ်။ ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ (၃)နှစ်အတွင်းမှာ သစ်တောဖုံးလွှမ်းမှုဟာ (၂၆)ရာခိုင်နှုန်း ကျဆင်းလာပြီးတော့ သစ်တောပြုန်းတီးမှုဟာ (၈.၆၇)ရာခိုင်နှုန်း တိုးတက်လာတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် က သစ်တောပြုန်းတီးမှုအကြောင်းနဲ့ ပတ်သက်ပြီးတော့ အချက်(၆)ချက်နဲ့ တင်ပြထားပါတယ်။ အဲဒါ နံပါတ်(၁) အလွန်အကျွံ သစ်ထုတ်လုပ်ခြင်း၊(၂) ဆက်သွယ်သွားလာမှု လွယ်ကူသော ဒေသများတွင်သာ စုပြုံထုတ်ယူခွင့်ပြုခြင်း၊ (၃) နည်းအမျိုးမျိုးဖြင့် တရားမဝင်/ မသမာသောနည်းဖြင့် သစ်ခုတ်လှဲထုတ်ယူမှုများ/သစ်ခွဲသားများအဖြစ် ခွဲစိတ်ခြင်းများ ပြုလုပ်မှု

များပြုလုပ်ခြင်း၊ (၄) နှစ်စဥ်စီမံကိန်းအဖြစ် သတ်မှတ်လျက် အစားထိုး ပြန်လည်စိုက်ပျိုးမှု မရှိခြင်း၊ ရှင်သန်ဖြစ်ထွန်းအောင် လိုက်ပါကြီးကြပ်မှုများ မရှိခြင်း၊ (၅) ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးခြင်း၊ အားပေးခြင်း၊ (၆) ရေနံထွက်ပစ္စည်း လောင်စာဆီသုံးစွဲနိုင်ရန် အခွင့်အလမ်း နည်းပါးခြင်းကြောင့် ထင်း၊ မီးသွေးသုံးစွဲမှု များပြားလာခြင်းဆိုပြီးတော့ အချက်အလက်(၆)ချက် သူက တင်ပြထားတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ထင်း၊မီးသွေးသုံးစွဲမှု များပြားလာခြင်းနဲ့ ရေနံဆီကို ပြည်တွင်းသုံးစွဲမှု လုံလောက်မှုတအောင် ထုတ်လုပ်ပေးရန် လိုအပ်တဲ့အကြောင်းကို အဓိက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ယနေ့အချိန်အခါမှာ လူဦးရေ သန်း(၆၀)ခန့်ရှိတယ်လို့ ခန့်မှန်းထားကြပါတယ်။ နိုင်ငံလူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်မှာ နေထိုင်ကြပြီးတော့ ကျန်(၃၀)ရာခိုင်နှုန်းဟာ မြို့ပြတွေမှာ နေထိုင်ကြပါတယ်။ ကျေးလက်ဒေသ တွေမှာ နေထိုင်ကြတဲ့ပြည်သူတွေဟာ မီးဖိုချောင်သုံးကိစ္စများအတွက် ထင်းနဲ့ မီးသွေး လောင်စာ စွမ်းအင်များကို အသုံးပြုနေကြရပါတယ်။ ထို့အတူပဲ လျှပ်စစ်ဓာတ်အား အလုံအလောက် မရရှိ နိုင်မှု၊ ရေနံဆီ မရှိမှုတို့ကြောင့် မြို့ပြဒေသများမှာရှိကြတဲ့ လူဦးရေ ထက်ဝက်ကျော်ဟာလည်း မီးဖိုချောင်သုံးလောင်စာအဖြစ် ထင်း၊ မီးသွေးများကိုပဲ အသုံးပြုနေကြရပါတယ်။ ဒါနဲ့ကြောင့် ဒီနေ့လူဦးရေရဲ့ (၈၅)ရာခိုင်နှုန်းဟာ မီးဖိုချောင်သုံးလောင်စာစွမ်းအင်အဖြစ် ထင်း၊ မီးသွေး လောင်စာစွမ်းအင်များကို နေ့စဉ်အသုံးပြုနေကြရပါတယ်ခင်ဗျား။

ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်ပြထားတဲ့ ကိန်းဂဏန်းအရ ၁၉၈၀-၁၉၈၁ ခုနှစ်မှ ၁၉၉၀-၁၉၉၁ ခုနှစ်အထိ (၁၁)နှစ်တာကာလအတွင်းမှာ လောင်စာစွမ်းအင်အဖြစ် ထင်း (၁၇၅၉၆)ကုဗတန်ကို အသုံးပြုခဲ့ပြီး တစ်နှစ်လျှင်ပျမ်းမျှခြင်း ထင်းကုဗတန်(၁၅၉၉.၆၄) ရှိနေ ကြောင်း တွေ့ရပါတယ်။ ထို့အတူ အလားတူကာလအတွင်းမှာ မီးသွေး(၈၃၂၆)ကုဗတန်ကို အသုံးပြုပြီး တစ်နှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် (၇၅၆.၉၁)ကုဗတန်ကို အသုံးပြုနေကြောင်း တွေ့ရပါတယ်။ ဒီကိန်း ဂဏန်းများအရ သစ်တောပြုန်းတီးမှုဟာ တစ်နှစ်လျှင်ပျမ်းမျှခြင်းအားဖြင့် (၂၃၅၆.၅၅)ကုဗတန်ရှိကြောင်း တွေ့ရပါတယ်။ ဒါနဲ့ကြောင့် မြန်မာနိုင်ငံရဲ့ ထင်း၊ မီးသွေး သုံးစွဲမှုဟာ ၁၉၈၀-၁၉၈၁ ခုနှစ်မှ ၁၉၉၀-၁၉၉၁ ခုနှစ်အထိ(၁၁)နှစ်အတွင်း အကြမ်းဖျဉ်း

အားဖြင့် တစ်နှစ်လျှင် (၆၇.၁၈)ကုဗတန်နှုန်း သို့မဟုတ် (၇.၈၂)ရာခိုင်နှုန်းမှန်မှန် တိုးတက်လျက် ရှိနေကြောင်း တွေ့ရှိရပါတယ်။

ရေနံဆီလောင်စာ အသုံးပြုမှု။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရေနံဆီဟာ ကျေးလက်ဒေသနေ ပြည်သူများအတွက် မီးဖိုချောင်သုံးလောင်စာဆီ အဖြစ်ရော၊ မီးအလင်းရောင်သုံး လောင်စာဆီအတွက်ပါ အဓိကအခြေခံကျသော လောင်စာဆီ ဖြစ်ပါတယ်။ မြို့ပြဒေသများတွင်နေထိုင်တဲ့ လူများစုအတွက်လည်း မီးဖိုချောင်သုံး လောင်စာဆီ အဖြစ် အသုံးပြုခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျော့နည်းသက်သာစေပါတယ်။ မြန်မာနိုင်ငံရှိ မြို့ပြဒေသလူဦးရေအားလုံးတို့သည် ၁၉၈၀ ခုနှစ်လောက်ထိ ရေနံဆီ မီးဖိုများနဲ့ ချက်ပြုတ်စားသောက်ခဲ့ကြပါတယ်။ နောက်ပိုင်းမှာ ရေနံဆီရရှိမှု တဖြည်းဖြည်း လျော့နည်း လာပြီး လျှပ်စစ်မီးရရှိသူများက လျှပ်စစ်မီးဖိုများကို သုံးစွဲကြပြီး မရရှိနိုင်သူများက ထင်း၊ မီးသွေး များကို ပြန်လည်အသုံးပြုလာကြရပြန်ပါတယ်။ နောက်ပိုင်းမှာ ရေနံဆီလည်း လုံးဝမရ၊ လျှပ်စစ် အားကလည်း လုံလုံလောက်လောက် မရနိုင်ကြတဲ့အခါ အားလုံးက ထင်း၊ မီးသွေးကိုပဲ သုံးကြ ရပါတော့တယ်။ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်ပြထားတဲ့စာရင်းအရ ၁၉၈၀-၁၉၈၁ ခုနှစ်မှာ ရေနံဆီသုံးစွဲမှု ဂါလန်သန်း(၁၁၆၆)ရှိခဲ့ရာမှ နောက်တဖြည်းဖြည်း လျော့နည်း လာကာ ၁၉၉၀-၁၉၉၁ ခုနှစ်မှာ ဂါလန်သန်း(၆၀)သာ သုံးစွဲနိုင်တော့တာ တွေ့ရပါတယ်။ (၁၁)နှစ် အတွင်းမှာ ရေနံဆီ သုံးစွဲမှုဟာ ဂါလန်သန်း(၁၁၀၆) လျော့နည်းသွားပြီး (၉၄.၈၅)ရာခိုင်နှုန်း လျော့နည်းသွားတာကို တွေ့ရပါတယ်။

နိဂုံး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံတော်အား လက်မှုနိုင်ငံမှ စက်မှုနိုင်ငံတည်ထောင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိရာ ကျေးလက်ဒေသများတွင်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး အတွက် အမျိုးမျိုးစီမံကိန်းများ ဆောင်ရွက်လျက်ရှိနေကြောင်း ရေးဆွဲတင်ပြနေသော စီမံကိန်း များမှတစ်ဆင့်လည်းကောင်း၊ သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့်လည်းကောင်း သိရှိရပါတယ်။ ဒါပေမဲ့ သစ်မရောက်မီ ဝါးဖောင်ကွပ် ဟူသော ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်ပြ ထားတဲ့ ဆိုရိုးစကားလိုပဲ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်ကို လုံလုံလောက်လောက် သုံးစွဲနိုင်ရေးအတွက် လျှော့ချထုတ်လုပ်နေသော ရေနံဆီအား ပြန်လည်

တိုးမြှင့် ထုတ်လုပ်ပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းရင်း ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်သွင်းထားတဲ့ ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၄၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၅၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ စပ်လျဉ်းပြီး စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဦးသန်းဌေး (ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒီကနေ့ ဦးမျိုးမြင့် ရဲ့ အဆို ကျေးလက်နေပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ် ဖြန့်ဖြူးပေးရန် ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ကိုယ်စားလှယ်(၄)ဦးကလည်းပဲ ထောက်ခံဆွေးနွေး သွားကြတာ တွေ့ရပါတယ်။ အဲဒီတော့ တကယ်တော့ ဒီအဆိုဟာလည်းပဲ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ တတိယမြောက်အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် တင်သွင်းဖို့ စီစဉ်ပြီးမှ ကျွန်တော် တို့နဲ့ ပြန်ဆွေးနွေးကြပြီးတော့ တင်သွင်းဖို့ မလိုအပ်ဘူးလို့ သုံးသပ်ပြီးတော့ ပြန်ရုပ်သိမ်းခဲ့တဲ့ အဆိုနဲ့ သဘောသဘာဝချင်း တစ်ထပ်တည်းကျပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါ အမျိုးသား လွှတ်တော်မှာ ဒီအဆို ပြန်တင်ပြီးတော့ ဝိုင်းဆွေးနွေးကြတဲ့အတွက် ကျွန်တော့်အနေနဲ့လည်းပဲ ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဝမ်းသာပါတယ်။

အဲဒီတော့ ဒီမှာ ဒီနေ့ ကျွန်တော်တက်ရောက်ပြီးတော့ နားထောင်ခွင့်ရလို့ စောစောက ကိုယ်စားလှယ်တော်ကြီး(၄)ယောက် ရေနံဆီ ပေးသင့်ကြောင်း မိမိအမြင်နဲ့မိမိ ဆွေးနွေးသွား ကြတာ တွေ့ရပါတယ်။ ဒီနေရာမှာ ဦးမြင့်ထွန်း နဲ့ ဦးညွန့်တင် ကတော့ ငယ်ငယ်တုန်းက တွေ့ကြုံ ခဲ့ရတဲ့ အခြေအနေနဲ့ နှိုင်းယှဉ်ပြီးတော့ ဆွေးနွေးသွားကြပါတယ်။ အလားတူပဲ ဦးစံပြည့် ကတော့ သစ်တောပြုန်းတီးရခြင်းအကြောင်း၊ နောက်ပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနတွေမှာ ဘယ်လို မူဝါဒတွေ ချမှတ်ပြီး လုပ်နေတယ်၊ ဒါ့အပြင် အဖြေဟာ ရေနံဆီ တစ်မျိုးတည်း မဟုတ်ဘူး။ တခြား နည်းတွေနဲ့လည်း လုပ်လို့ရတယ်လို့ သုံးသပ်ဆွေးနွေးသွားတာ တွေ့ရပါတယ်။

နောက် ရခိုင်ပြည်နယ်က ဦးအုန်းတင် ကတော့ အဓိကအားဖြင့် သစ်တောပြုန်းတီးတဲ့ အကြောင်း ကိန်းဂဏန်းတွေနဲ့ ဘယ်နှစ်မှာ ဘယ်လောက်ဖြစ်သွားတယ်၊ နောက်ဆုံး ဘယ်လောက် ဖြစ်ပြီ စသည်အားဖြင့် ဒီဟာလေးတွေ နှိုင်းယှဉ်ပြီးတော့ ဆွေးနွေးသွားကြတာ တွေ့ပါတယ်။

အဲဒီတော့ ဒီနေရာမှာ အခု ဒီ Issue က ရည်ရွယ်ချက်က (၂)မျိုးလောက်ရှိနေတာကို တွေ့ရပါတယ်။ ခုနက ဦးမြင့်ထွန်း တင်ပြဆွေးနွေးသွားတဲ့ အထဲမှာတော့ ကျေးလက်နေပြည်သူတွေရဲ့ဘဝ တိုးမြင့်လာအောင် ဆိုတာလေးတစ်ချက်ပါ။ အဓိက ရည်ရွယ်ချက်ကတော့ သစ်တောပြုန်းတီးမှု ကာကွယ်ဖို့၊ အဲဒီတော့ ဒါဆိုလို့ရှိရင် ကျွန်တော့်ဘက်က ပြန်ပြီးတော့ရှင်းလင်းတင်ပြရမယ့် Issue တွေ အများကြီး ပေါ်လာပါတယ်။ ကျေးလက်နေပြည်သူများ ချက်ရေး၊ ပြုတ်ရေး လွယ်ဖို့အတွက်သော် လည်းကောင်း၊ နောက်တစ်ခါ သစ်တောပြုန်းတီးမှုကို ကာကွယ်ဖို့အတွက်သော် လည်းကောင်း၊ ရေနံဆီ သုံးသင့်/မသုံးသင့်၊ ဒီဟာလေး ကျွန်တော့်ဘက်က Technically နည်းနည်းလေး ပြန်ပြီးတော့ ရှင်းလင်းတင်ပြပါမယ်။ အဲဒီတော့ ရေနံဆီ ဘယ်ကရသလဲ။ သူ့ရဲ့ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိတွေ သူနဲ့အလားတူ အစားထိုးပြီးတော့ သို့မဟုတ် သူ့ကို အခြားတစ်နေရာမှာ သုံးလို့ရတဲ့ဟာတွေ အခြားဘာရှိလဲ ဒါလေး ကျွန်တော် အကျဉ်းမျှတင်ပြလိုပါတယ်။ တကယ်တော့ ရေနံဆီဟာ ကျွန်တော်တို့ လေယာဉ်ဆီနဲ့ အတူတူပါ။ သူ့မှာ Freezing Point လို့ခေါ်တဲ့ အေးခဲသွားတဲ့ အမှတ်ဟာ (၄၆)ဒီဂရီစင်တီဂရိတ် အဲဒီမှာ အေးခဲပါတယ်။

နောက်တစ်ခါ အဲဒီ ဓာတ်ဂုဏ်သတ္တိ၊ ရုပ်ဂုဏ်သတ္တိ အတူတကွ ဖြစ်ပြီးတော့၊ သူသည် အရောင်သွေး တောက်ပတယ်၊ ကြည်လင်တယ်၊ ဖြူစင်တယ်၊ အထဲမှာ အမှုန်အမွှား (Fine Particals) တွေ မရှိဘူးဆိုရင် လေယာဉ်ပျံမောင်းလို့ ရပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက တပ်မတော်ထဲမှာ တာဝန်ထမ်းစဉ်ကာလက အခုလည်း ရှိပါတယ်။ လိုအပ်တဲ့နေရာတွေမှာ ရှေ့တန်းနေရာတွေ၊ နောက်တစ်ခါ ဝေးလံခေါင်းပါးတဲ့ တပ်ရင်းဌာနချုပ်တွေမှာ လေယာဉ်ဆီတွေ စစ်ဆင်ရေးအရန်အဖြစ်နဲ့ ပုံထားလေ့ရှိပါတယ်။ အဲဒါဟာ အကြောင်းကြောင်းကြောင့် ဒီထည့်တဲ့ ပေပါ Packing မလုံဘူးဆိုရင်၊ အရောင်ပျက်သွားရင် အဲဒါကို Down Grade လုပ်ပြီးတော့ ရေနံဆီအဖြစ်နဲ့ မိသားစုတွေကို ရောင်းပေးတယ်။ ရဲဘော်တွေ သုံးခိုင်းတယ်။ အဲဒီတော့ တင်ပြချင်တာက ရေနံဆီနဲ့ လေယာဉ်ဆီနဲ့ဟာ အတူတူပါပဲလို့ တင်ပြလိုပါတယ်။ ဒီတော့ ကောင်းပါပြီ၊ ဒီနေ့ ကျွန်တော်တို့က ရေနံဆီကို ဘယ်လောက်ထိအောင် ထုတ်လုပ်နေပါသလဲ။ နှစ်အလိုက် ၁၉၈၀-၈၁ ကနေပြီးတော့ အခု နောက်ဆုံး ၂၀၁၂-၁၃ အထိ ကျွန်တော်တို့ ထုတ်လုပ်ခဲ့တာကို ပြန်သုံးသပ်လို့ရှိရင် ၈၀-၈၁ လောက်တုန်းကတော့ ကျွန်တော်တို့ ထုတ်တဲ့ ဂါလန်ဟာ တစ်နှစ်လုံးမှာ ဂါလန်(၁၀)သန်းလောက် ကျွန်တော်တို့ ထုတ်ခဲ့ပါတယ်။

ဒါ အစောပိုင်း ကာလ၊ အဲဒီကနေပြီးတော့ တဖြည်းဖြည်းနဲ့ ရေနံဆိုတာ For Sake Fuel ပါ။ ရေနံ ဖြစ်ဖို့ကို နှစ်ပေါင်း သန်းပေါင်းထောင်နဲ့ချီပြီးတော့ ကြာပါတယ်။ အဲဒီအတွက် ထုတ်သုံး တဲ့နှုန်းက မြန်လို့ရှိရင် သူသည် Decline ဖြစ်သွားတယ်။ Decrease ဖြစ်သွားတယ်။ တဖြည်းဖြည်းနဲ့ လျော့နည်းသွားတယ်။ ဒီသဘောတရားအရ ကျွန်တော်တို့ ပြည်တွင်းကနေ ပြီးတော့ ရေနံစိမ်း ထုတ်လုပ်မှုဟာ နှစ်အလျောက် ကျသွားပါတယ်။ ဒါကို ကုစားဖို့ မနေ့က လည်းပဲ ကျွန်တော် ပြည်ထောင်စုလွှတ်တော်မှာ တင်ပြပြီးပါပြီ။ ကျွန်တော်တို့ နည်းမျိုးစုံနဲ့ ရေနံ၊ ဓာတ်ငွေ့အထွက်တိုးအောင် အခု ကြိုးစားနေကြပါတယ်။ သို့သော်လည်း ဒီအချိန်ထိ ကျွန်တော် တို့ဟာ Natural Decline ကို ထိန်းဖို့တောင် မနည်း ကြိုးစားနေရတဲ့ သဘောဖြစ်တယ်။

အဲဒါကြောင့် တင်ပြလိုတာက ရေနံအထွက်နှုန်းသည် တဖြည်းဖြည်းတော့ ကျနေတယ်။ ကျနေတဲ့ သဘာဝက ဘာကြောင့်လဲ။ ခုနပြောတဲ့ ဖြစ်ဖို့ သိပ်ကြာတယ်။ နှစ်သန်းပေါင်း ထောင်ချီ ကြာမှ ဖြစ်တဲ့အမျိုးဖြစ်တဲ့အတွက် ထုတ်ယူသုံးစွဲမှုဟာ တစ်နေ့ တစ်နေ့ကို ကမ္ဘာပေါ်မှာ ထုတ်နေတာ စည်သန်းပေါင်း ဆယ်ဂဏန်း၊ ရာဂဏန်း ထုတ်နေတယ်။ ဘယ်လိုမှ ဒါဟာ ပြန်ပြီးတော့ ဖြည့်ဆည်း နိုင်တဲ့ အခြေအနေမရှိပါဘူး။ ဒီသဘောတရားအရ ကျွန်တော့်ရဲ့ ရေနံဆီ ထုတ်လုပ်မှုဟာလည်းပဲ ဒီနေ့ဆိုလို့ရှိရင် တစ်လလုံးမှ ဂါလန်(၂၀၀၀၀)လောက်ပဲ ထုတ်နိုင်ပါတယ်။ အဲဒီတော့ ဒီဟာကို ဒီနေ့ ဘယ်လို ခွဲဝေသုံးစွဲပေးနေသလဲဆိုလို့ရှိရင် မဖြစ်မနေသုံးရတဲ့ စက်မှုလုပ်ငန်းတွေ၊ ဥပမာ အားဖြင့် ဆေးဆိုးပန်းရိုက်၊ အထည်စက်ရုံတွေ၊ နောက်တစ်ခါ ပုံနှိပ်တိုက်တွေ ဆေးကြောတာတွေ၊ အလားတူပဲ တခြားရေနံဆီကို မဖြစ်မနေသုံးရတဲ့ ကာကွယ်ရေးပစ္စည်း စက်ရုံတွေ စသည်အားဖြင့် ရှိပါတယ်။ ဒီထဲမှာမှ ရုံဖန်ရုံခါမှာ အပိုအလျှံလေး ရှိတဲ့အခါမှာ ဒီနေ့ ငြိမ်းချမ်းရေးကလည်း တည်ဆောက်နေရတဲ့အခါကျတော့ ကျွန်တော်တို့နဲ့ လက်တွဲလာတဲ့ တိုင်းရင်းသား ဝေးလံခေါင်ပါးတဲ့ ဒေသက ပုဂ္ဂိုလ်တွေကို ရောင်းပေးပါတယ်။ ဒီလိုနည်းနဲ့ပဲ ကျွန်တော်တို့ ဖြန့်ဖြူးနိုင်တယ်။ တစ်နိုင်ငံလုံး ပျံ့ပျံ့နှံ့နှံ့ ဖြန့်ဖြူးနိုင်တဲ့ အခြေအနေ မရှိတော့ပါဘူး။ တစ်ပြိုင်နက်ထဲမှာ လက်ရှိ အခြေအနေမှာ ဂျက်လေယာဉ်ဆီ ပြည်တွင်းလိုအပ်ချက် သိပ်မြင့်လာပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ၊ ထုတ်ပြန်ချက်အရ မဟုတ်ဘူး၊ ကျွန်တော် မေးလို့ ရတဲ့ သတင်းအရဆိုရင်တော့ တစ်နိုင်ငံလုံးမှာ ပြည်တွင်းပြည်ပ လေကြောင်းပျံသန်းမှုနာရီဟာ (၄၅)ရာခိုင်နှုန်းလောက် တိုးတက်လာတယ်လို့ သိရပါတယ်။ အဲဒါကြောင့် ကျွန်တော်ရဲ့ လေယာဉ်ဆီ ဖြန့်ဖြူးမှုဟာ တစ်လ၊ ပြီးခဲ့တဲ့ နှစ်နဲ့စာလို့ရှိရင် လစဥ် လစဥ် တစ်သန်းလောက်

ဖြစ်ပါတယ်။ ယခင်နှစ်က တစ်လမှ ဂါလန်(၂)သန်းလောက် ဖြန့်ဖြူးရပါတယ်။ ဒီနှစ်ဆိုရင် ဂါလန်(၃)သန်းလောက် ဖြန့်ဖြူးလာရတယ်။ ကျွန်တော် ထုတ်နိုင်တာက အလွန်နည်း ပါတယ်။ ကျွန်တော်တို့ တစ်နေ့မှ ကုန်းတွင်းက စည်(၇၀၀၀)ကျော်ကျော် (၇၃၀၀၊ ၇၄၀၀) ဒီလောက်ပဲ ထုတ်နိုင်တော့၊ အဲဒီထဲ ဒါကို ချက်လိုက်တဲ့အခါမှာ တချို့ ဓာတ်ဆီဖြစ်တယ်။ ဒီဇယ်ဖြစ်တယ်။ လေယာဉ်ဆီ ဆိုတဲ့ Portion သို့မဟုတ် ရေနံဆီဆိုတဲ့ Portion ဟာ အင်မတန် နည်းပါတယ်။ အဲဒီတော့ ဒီလိုနည်းလာတဲ့ အခြေအနေဖြစ်တဲ့အတွက် ကျွန်တော်တို့ လိုအပ်တဲ့ ဂျက်လေယာဉ်ဆီ ပြည်ပက ဝယ်ရပါတယ်။ အခုအခါမှာ ကျွန်တော်တို့ရဲ့ အင်မတန် အိုဟောင်းနေတဲ့ စက်ရုံတစ်ရုံ ဖြစ်တဲ့ ချောက်ရေနံချက်စက်ရုံပဲ အဲဒီဟာကတော့ ကျွန်တော်တို့ လေယာဉ်ဆီအဖြစ်နဲ့ သူ့ကို တိုက်ရိုက်အဆင့်မြှင့်တင်လို့ မရတဲ့အတွက် သူကတော့ ရေနံဆီပဲ ထုတ်ပါတယ်။ အဲဒီ စက်ရုံ တစ်ရုံပဲ ရေနံဆီ ထုတ်နိုင်ပြီးတော့ ကျန်တဲ့ သံပုရာကန်စက်ရုံနဲ့ ကျွန်တော်တို့ သံလျင်စက်ရုံ၊ အဲဒီကတော့ ဂျက်လေယာဉ်ကိုပဲ Maximize လုပ်ပါတယ်။ အဲဒီအပြင် မလောက်တဲ့အတွက် ကျွန်တော်တို့ ပြည်ပက ဝယ်ရပါတယ်။ ဒီမှာ ပြည်ပက လေယာဉ်ဆီ ဝယ်တဲ့ပမာဏကို ကြည့်လို့ ရှိရင် ၂၀၁၀-၁၁ မှာ ဂါလန်(၈.၅)သန်း ပြည်ပက သွင်းခဲ့ရပါတယ်။ ဒေါ်လာသန်းပေါင်း (၂၅.၈၈၂) သန်း၊ ၂၀၁၁-၁၂ မှာကျတော့ ဂါလန်(၂၀.၅၇၅)သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၈၀.၂၆၄)၊ အခု ၂၀၁၂-၁၃ မှာတော့ အခုချိန်ထိ (၁၆.၉၁၃)ဂါလန်သန်း ဖြစ်ပြီးတော့ သုံးခဲ့ရတဲ့ နိုင်ငံခြားငွေ ပမာဏဟာ (၆၃.၇၈၇) ဖြစ်ပါတယ်။

အဲဒီတော့ နိုင်ငံခြားက လေယာဉ်ဆီကိုရော ဘယ်လိုဝယ်ရလဲဆိုတော့ လေယာဉ်ဆီ ရယ်လို့ သပ်သပ်မရှိဘူး။ အခု ကျွန်တော်တို့ နိုင်ငံတကာကပေးတဲ့ ကုန်ပစ္စည်း ဈေးနှုန်းစာရင်းနဲ့ ဇယားထဲမှာ ခေါင်းစဉ်ရေးထားတာကိုက Kero ဆိုပြီးတော့ အဲဒီလိုရေးပါတယ်။ အဲဒါ လေယာဉ်ဆီ ပါပဲ။ Kero ကို တိုက်ရိုက်ဘာသာပြန် လို့ရှိရင် Kerosene ဆိုတဲ့ ရေနံပါ။ အဲဒီတော့ အဲဒီ ဈေးနှုန်းက ဘယ်လောက်ရှိလဲဆိုတော့ တစ်ဂါလန်ကို (၃.၈၈)လောက်ရှိတယ်။ ဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ လူဦးရေ သန်း(၆၀)ဆိုပါတော့ သန်း(၆၀)ကို တစ်အိမ်ထောင်မှာ လူဦးရေ (၅)ဦးလောက်ရှိတယ်လို့ အကြမ်းဖျဉ်း မှန်းကြည့်လို့ရှိရင် ကျွန်တော်တို့ အိမ်ထောင်စုပေါင်း ဂါလန်သန်း(၆၀)ကို အရင်ဆုံး ကျွန်တော်တို့က လူဦးရေသန်း(၆၀)ကို လျှပ်စစ်ဓာတ်အားမရတဲ့ လူဦးရေ(၇၂)ရာခိုင်နှုန်း အဲဒီဟာနဲ့ တွက်ကြည့်လိုက်ပါတယ်။ အဲဒီတော့ လူဦးရေသန်း (၄၃.၂) သန်းလောက် ရှိပါတယ်။ ခုနလိုပဲ ခန့်မှန်းလူဦးရေ (၅)ယောက်လောက်ပါမယ်လို့ ယူဆပြီးတော့

အိမ်ထောင်စု ဖွဲ့လိုက်လို့ရှိရင် အိမ်ထောင်စုပေါင်း (၈.၆)သန်းရှိပါတယ်။ အဲဒီ(၈.၆)သန်းကို တစ်လလုံးနေမှ တစ်ဂါလန်ပဲ ရောင်းမယ်ဆိုရင်တောင်မှပဲ တစ်လကို ရေနံဆီ(၈.၆)သန်း လိုပါတယ်။ ကျွန်တော် ထုတ်နိုင်တာ တစ်လလုံးမှ (၂)သောင်းလောက်ပဲ ရှိပါတယ်။ ဒါဆိုရင် အဲဒီထုတ်နိုင်တဲ့ ဟာကို ခုန အသုံးဝင်တန်ဖိုး၊ ထမင်းချက်ပစ်မလား။ လေယာဉ်ပျံမောင်းမလား။ ဒါ ကျွန်တော်တို့ စဉ်းစားရမှာပါ။ ဒီထက်ပို၍ တခြားဖြစ်နိုင်တဲ့ အသုံးဝင်သော အသုံးပြုမှု ဘာလုပ်မလဲ။ ဒါ ကျွန်တော်တို့က စဉ်းစားသင့်ပါတယ်။ ကောင်းပြီ။ ကိုယ့်ဟာကိုယ် မချက်နိုင်တဲ့အတွက် ဖြန့်ဖြူး စေချင်လို့ရှိရင်တော့ ဝယ်သွင်းဖို့နည်းလမ်းပဲ ရှိပါတယ်။ အဲဒါဆိုရင် ပိုက်ဆံ ဘယ်လောက်ကုန်မလဲ။ ကျွန်တော် တွက်ထားတာရှိပါတယ်။ ခုန ကျွန်တော် တင်ပြသလိုပဲ၊ ဒီနေ့ပေါက်ဈေး တစ်ဂါလန်ကို (၃.၈၈)ဒေါ်လာ၊ မြန်မာငွေနဲ့ (၃၃၂၈)ကျပ် ကျပါတယ်။

ဒီတော့ စောစောက ဦးညွန့်တင် တို့ ဆွေးနွေးတဲ့အထဲမှာ၊ ဦးမြင့်ထွန်း ဆွေးနွေးတဲ့ အထဲမှာ နိုင်ငံတော်ကနေပြီးတော့ ဒါလေးကို ထောက်ပံ့ဖြည့်ဆည်းပေးဖို့လို့ ဒီလို သုံးပါတယ်။ အလားတူပဲ ဦးအုန်းတင် ပြောတဲ့အထဲမှာ နိုင်ငံတော်မှာ တာဝန်ရှိတယ်လို့ ပြောသွားပါတယ်။ နိုင်ငံတော်ဆိုတာ ဘယ်အဖွဲ့အစည်းကို ဆိုလိုပါသလဲ။ ဒီနေ့ စွမ်းအင်ဝန်ကြီးဌာနသည် ခုနက စွမ်းအင်လိုအပ်ချက်အတွက် နည်းမျိုးစုံ သုံးပြီးတော့ ကျွန်တော်တို့ ဖြည့်ဆည်းပေးဖို့ ထုတ်လုပ် နိုင်ဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ချည်းပဲ လုပ်လို့မရပါဘူး။ ကျွန်တော်လုပ်မယ့် လုပ်ငန်းတွေ အားလုံးအတွက် နိုင်ငံတော်ကို တင်ပြပြီးတော့ ဒီနှစ်အတွက် ဘာသုံးမယ်၊ တွင်း ဘယ်လောက် တူးမယ်။ ပိုက်တွေဘယ်လိုလုပ်မယ်။ ဒါတွေကို ပြည်ထောင်စုလွှတ်တော်က ဘတ်ဂျက်ခွင့်ပြုမှ ရပါတယ်။ ဒီနေ့ နိုင်ငံတော်ကလို့ဆိုလို့ရှိရင် ကျွန်တော် ဟုတ်ပြီ။ ကျွန်တော် တွက်ပြမယ်။ ဒီဟာကို ပညာရှိ လွှတ်တော်ကိုယ်စားလှယ်များက သုံးသင့်သုံးထိုက်တယ်လို့ ယူဆပါရင်၊ ဘတ်ဂျက် ခွင့်ပြုရင် ကျွန်တော် လုပ်လို့ရပါတယ်။

စောစောက ကျွန်တော်တင်ပြတဲ့ တစ်ဂါလန်(၁)ကျပ်၊ (၃.၈၈)ဒေါ်လာ၊ တန်ဖိုးငွေ အားဖြင့် (၃၃၂၈)ကျပ်၊ အဲဒါကို တစ်လကို (၈.၆) ဂါလန်သန်းနဲ့ နိုင်ငံခြားက ဝယ်မယ်ဆိုရင် မြန်မာငွေ(၂၈.၆၂၀)ဘီလီယံ ကုန်ပါမယ်။ တစ်လထဲမှာ။ နိုင်ငံခြားက ဝယ်ရတာဖြစ်တဲ့အတွက် မြန်မာငွေနဲ့ ဝယ်လို့မရပါဘူး။ ဒေါ်လာနဲ့ ဝယ်မယ်ဆိုလို့ရှိရင် တစ်လကို (၃၄)သန်းလောက်၊ US Dollar (၃၄)သန်းလောက် ကုန်ပါမယ်။ ရေနံတစ်မျိုးထဲအတွက်၊ ကျွန်တော် ပြီးခဲ့တဲ့နှစ်တွေမှာ

တစ်နှစ်လုံးအတွက် ပြည်ပကနေပြီးတော့ ရေနံထွက်ပစ္စည်းပေါင်းစုံပေါ့။ အထူးသဖြင့်တော့ ဒီဇယ်၊ ဓာတ်ဆီ ဒါလေးတွေ ကျွန်တော် တင်သွင်းတဲ့ ဥစ္စာဟာ အများဆုံးနှစ်မှာမှ ဒေါ်လာ(၃၅၀) လောက် ဒီလောက်ပဲ သုံးနိုင်ပါတယ်။ ဒါသည် ဒီဇယ်ပါတယ်။ ဓာတ်ဆီပါတယ်။ ကျန်တဲ့တခြား ကျွန်တော်တို့ LPG နည်းနည်းပါးပါးပေါ့၊ ကျန်တဲ့ ရေနံထွက် ပစ္စည်းပေါင်းစုံသွင်းတာ အများဆုံး အစိုးရ အနေနဲ့သုံးခဲ့တဲ့ပိုက်ဆံ ဒေါ်လာသန်းပေါင်း (၃၅၀)လောက် ကုန်ပါတယ်။ အခု ရေနံဆီ တစ်မျိုးထဲ လူထုကို ဖြန့်ဖို့အတွက် နိုင်ငံခြားက ဝယ်ရမယ်ဆိုလို့ရှိရင် သန်းပေါင်း(၄၀၀) တစ်နှစ်ကို သုံးရပါမယ်။ အဲဒီ ဘတ်ဂျက်ကို ခွင့်ပြုနိုင်ရင်၊ ခွင့်ပြုသင့်တယ်လို့ ယူဆကြပါလျှင် ဒါလုပ်ပေးလို့ ရပါတယ်။ အဲဒီတော့ ဒီနေ့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေအရ ဦးစားပေးပြီး လုပ်ရမယ့် လုပ်ငန်းစဉ်တွေအရ ကျွန်တော်တို့ အဲဒီလောက်သုံးပြီးတော့ ထမင်းချက်ဖို့၊ ကျေးလက်မှာ ထမင်းချက်ဖို့ ဒါ လုပ်သင့်/မလုပ်သင့် စဉ်းစားကြဖို့ ဖြစ်ပါတယ်။

နောက်တစ်ပြိုင်နက်ထဲမှာ စောစောက ဦးစံပြည့် ဆွေးနွေးသွားတာ အင်မတန်ကောင်း ပါတယ်ခင်ဗျ။ သစ်တောပြုန်းတီးမှု ကာကွယ်ဖို့အတွက် ရေနံဆီတစ်ခုတည်းဟာ ထွက်ပေါက် မဟုတ်ပါဘူး။ လက်ရှိအခု ကျွန်တော် တင်ပြခဲ့တဲ့ အခြေအနေအရလည်းပဲ ရေနံဆီနဲ့ ကုစားဖို့ မဖြစ်နိုင်ဘူးဆိုတဲ့ အဖြေထွက်မယ်လို့ ယူဆပါတယ်။ ပြီးခဲ့နှစ်က ခုန ဦးသိန်းလွင် ဒီအဆိုကို ကျွန်တော်တို့နဲ့ ဆွေးနွေးစဉ်မှာ သူ့မှာ အတွေ့အကြုံ၊ သူ့မှာ knowledge ရှိတယ်။ ဒါ ဘာလဲ ဆိုလို့ရှိရင် အိန္ဒိယမှာ စောစောကလိုပဲ ရေနံဆီကို လျှော့ဈေး၊ ပေါ့ဈေးနဲ့ တိုင်းပြည်အတွက် ရောင်းဖို့ နိုင်ငံတော်က အစီအမံ လုပ်ပေးတယ်။ ဒါဟာ ခုနက သစ်တောပြုန်းတီးမှု ကာကွယ်ရေးအတွက်လို့ သူ ပြောဖူးပါတယ်။ သို့သော်လည်းပဲ အိန္ဒိယနိုင်ငံကို အရှေ့၊ အနောက်၊ တောင်၊ မြောက် လေယာဉ်ပျံ ပေါ်ကနေ ကျွန်တော် တော်တော်များများ သွားခဲ့ဖူးပါတယ်။ တော်တော်များများလည်း ဒီအထဲမှာ အတွေ့အကြုံရှိကြပါလိမ့်မယ်။ အိန္ဒိယနိုင်ငံမှာ ဒီနေ့လည်းပဲ တော မရှိတော့ပါဘူး။ ဒီလိုဆိုရင် ကျွန်တော်တို့ ပေးလိုက်တဲ့ ဥစ္စာသည် သဲထဲရေသွန်သလိုများ ဖြစ်နေမလား။ ရေနံဆီ တစ်ခုတည်းနဲ့ ကျွန်တော်တို့ ထိန်းသိမ်းရန်သင့်သလား။ သာဓကအားဖြင့်ပြောရရင် ခုနလည်းပဲ အစည်းအဝေး ရပ်တဲ့အချိန်မှာ ဒီနားမှာ ပြောခဲ့ပါတယ်။ ဗုဒ္ဓဂယာ လူတိုင်း ရောက်ဖူးပါတယ်။ မြတ်စွာဘုရားရှင် လက်ထက်တုန်းက အင်မတန် လွမ်းမောဖွယ်ကောင်းတဲ့ နေရဥ္စရာမြစ်ဆိုတာ ဟိုတုန်းက ဘုရားက နို့ဆွမ်းဘုဥ်းပေးပြီးလို့ရှိရင် မြစ်ရေကို တစ်ခါတည်း နို့ခွက်က ဆန်တက်သွားတယ်။ ဒီနေ့ သွားကြည့် အားလုံးက ဒေါင်းသေချောင်းလိုပဲ အားလုံးက သဲပြင်ကြီးပဲ။ အဲဒါ အိန္ဒိယမှာ။ အဲဒီမှာ ခုနက

ပြောတဲ့ သစ်တောကာကွယ်ရေးအတွက် ရေနံဆီ Subsidize လုပ်တယ်ဆိုတဲ့ ဇာတ်လမ်း ရှိပါတယ်။ သို့သော် လက်တွေ့မှာ သစ်တော ပြန်မဖြစ်ပါဘူး။ တကယ်လုပ်သင့်တာက ကျွန်တော်တို့ ခုန သစ်တောတွေ ပြန်ပြီးတော့ စိုက်ဖို့ဟာကို သစ်တောဝန်ကြီးဌာနသည် သူ့ရဲ့မူဝါဒနဲ့အညီ လုပ်ရပါမယ်။

စောစောက ကျွန်တော် တင်ပြသလို၊ နှိုင်းယှဉ်ပြသလိုပဲ ဟောဒီရေနံဆီဟာ သူက ချက်ချင်းပြန်ဖြစ်တဲ့အမျိုး မဟုတ်ဘူး။ Renewable Energy မဟုတ်ပါဘူး။ Forsake Fuel ဖြစ်တဲ့အတွက် နှစ်ပေါင်းများစွာ စောင့်မှဖြစ်တယ်။ ကျွန်တော်တို့ တစ်သက်၊ ကျွန်တော်တို့ ဆယ်သက် မရနိုင်ပါဘူး။ ဒါဆိုရင် ခုနက ဦးစံပြည့် ဆွေးနွေးသွားတဲ့အထဲမှာ ကျွန်တော်တို့ သစ်တောတွေ ပြန်လည်ပြီးတော့ ပြုစုပျိုးထောင်တာ၊ သစ်တောမှာ စီမံချက်ရှိပြီးသားပါ။ ကျေးလက်သုံး ထင်းစိုက်ခင်း၊ သစ်ပင်တစ်ပင်စိုက်တာက နှစ်အနည်းငယ်အတွင်းမှာ ပြန်ပြီး တော့ ဖြစ်နိုင်ပါတယ်။ ဒါနဲ့ ကျွန်တော်တို့ ပိုပြီးတော့ ဒီ လှုပ်ရှားမှုကို မြှင့်တင်ကြရင် မကောင်း ဘူးလား။ နောက်တစ်ချက်ကလည်းပဲ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လုံးဝတာဝန်မရှိ၊ ဆောင်ရွက် ပေးရန်မရှိလို့ ဒီလိုမခံယူပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်းပဲ နိုင်ငံသားတစ်ယောက်အနေနဲ့ နှမြောပါတယ်။ သစ်တောတွေ ပြုန်းတီးတာကို နှမြောပါတယ်။

စောစောက ဦးညွန့်တင် ဆွေးနွေးသွားတဲ့ ဆင်စခန်း ကျွန်တော်ကိုယ်တိုင် ရောက်ဖူး ပါတယ်။ ကျွန်တော် တပ်မမှူးတာဝန်ယူတဲ့အချိန်မှာ အဲဒီတန်းမြင့်လေ့ကျင့်ရေး ကျောင်းအမှတ်(၁) ဂျိုးဖြူမှာ တိုက်ပွဲဝင်လေ့ကျင့်ခန်း လုပ်ပါတယ်။ အဲဒီ ပဲခူးရိုးမရဲ့ တောင်ဘက်ဖျား အကုန်ရောက် ပါတယ်။ ရောက်တဲ့အခါမှာ ရောက်တဲ့နေရာတိုင်းမှာ ခုနက အုတ်ဖုတ်လုပ်ငန်းအတွက် သစ်ပင်ကို အမြစ်ကစပြီးတော့ တူးတယ်။ ဒါ ကျွန်တော် တပ်မမှူးဘဝက ကျွန်တော်ကိုယ်တိုင် အဲဒီဟာ တွေကို ဗီဒီယိုရိုက်လာပြီးတော့ ထိုစဉ်က တိုင်းမှူးကို တင်ပြခဲ့ဖူးပါတယ်။ ဒါတော့ သေသေချာချာ ကာကွယ်ကြဖို့ကောင်းပြီ။ သို့သော်လည်းပဲ ခုန ဒီဟာလေး ကျွန်တော်တို့က ဥပဒေစိုးမိုးမှုလို့ပဲ ပြောပြော ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှုဟာ အားလုံးမှာ တာဝန်ရှိတယ်။ အားလုံးမှာ တာဝန် ရှိတဲ့ဟာ အားလုံးက မလုပ်ကြတဲ့အတွက် ဒါက ပြုန်းတီးမှု ဖြစ်တယ်။ ဆိုတော့ တင်ပြချင်တာက ကျွန်တော်တို့လည်းပဲ တာဝန်ရှိတယ်၊ နှမြောတယ်၊ ဒီအတွက် ကျွန်တော့် ဝန်ကြီးဌာနက ရေနံဆီမှ အပဖြစ်သော တခြားနည်းနဲ့ ဘယ်လိုလုပ်နိုင်မလဲ။ ဒီနေ့ ကျွန်တော်မှာရှိတဲ့ Pet - Coke လို့

ခေါ်တဲ့ ရေနံမီးသွေး၊ ဒီဟာတွေကို ထင်းအစားထိုး လောင်စာတောင့်လုပ်တဲ့ လုပ်ငန်းရှင် ဒီနေ့ ကျွန်တော့် ဝန်ကြီးဌာနမှာ လာပြီးတော့ အမြဲတမ်းလျှောက်တာ ကုမ္ပဏီ(၁၅)ခု ရှိပါတယ်။ ဒီဟာတွေ အတွက် ကျွန်တော် ဒီနှစ်ထဲမှာ လောင်စာတောင့် လုပ်ဖို့အတွက် ရေနံမီးသွေး တန်ချိန်ပေါင်း (၆၇၃၄)တန် ရောင်းပေးခဲ့ပြီးပါပြီ။ အဲဒါဟာ သူ့အချိုးအစားနဲ့ တွက်မယ်ဆိုလို့ရှိရင် လောင်စာတောင့် တန်ချိန်ပေါင်း(၃၃၆၇၀)တန် ထုတ်လို့ရပါတယ်။ အကြမ်းဖျဉ်းအားဖြင့် လောင်စာတောင့် တစ်တန်ဟာ အတုံးရေ ဒါတော့ ဆိုဒ်အကြီး၊ အသေးပေါ်မှာ မူတည်ပါတယ်။ Variation ရှိပါတယ်။ အတုံးရေ (၁၂၀၀)လောက် ထုတ်လို့ရတာ ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ လောင်စာတောင့်တုံးရေ သန်းပေါင်း (၄၀)ကျော် ထုတ်ပေးပါတယ်။ ဒါ ဒီဝန်ကြီးဌာနက ကူညီနိုင်တဲ့ဟာ။

အလားတူပဲ ခုနက ဦးစံပြည့် ဆွေးနွေးသွားတဲ့အထဲမှာပဲ ရှိတယ်။ ကျွန်တော်တို့ Efficient ဖြစ်တဲ့ Biomass အသုံးပြုနည်း ကျွန်တော်တို့ မြင်းခြံခရိုင်၊ ကုက္ကဲမှာ အိန္ဒိယ ကနေပြီး တော့ အကူအညီယူပြီးတော့ စောစောက ဆေးရွက်ကြီးအရိုး စသည်အားဖြင့် အဲဒီသေးသေးမွှားမွှား သစ်ကိုင်းခြောက် ကလေးတွေကနေပြီးတော့ စွမ်းအားမြင့်တဲ့ အပူထုတ်ပြီးတော့ ကျွန်တော်တို့ Efficient used ဖြစ်အောင် အသုံးပြုနည်း၊ ဆေးရွက်ကြီးကိုပဲ သူ့အရိုးကို လုပ်ပြီးတော့၊ ပြန်ပြီးတော့ အခြောက်လှန်းတဲ့ဟာ ဒါတွေလည်း ကျွန်တော်တို့ နမူနာတွေပြခဲ့ပါတယ်။ အရေးကြီး တာက ကျွန်တော်တို့လူတွေ ဒါတွေကို Aware ဖြစ်ပြီးတော့ ဒါကို အားလုံးက ဝိုင်းပြီးတော့ ထိန်းသိမ်းစောင့်ရှောက်မှပဲ ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ခုနက ကျွန်တော်တင်ပြခဲ့သလို တိုင်းပြည်ကပဲ တာဝန်ရှိပြီးတော့၊ တိုင်းပြည် ကပဲ ဒါကို လျှော့ဈေးနဲ့ ရောင်းလို့ရှိရင် ကျွန်တော် ကြားဖူးပါတယ်။ Subsidize လုပ်တယ် ဆိုတာဟာ ရောဂါတစ်ခုကဲ့သို့ပဲတဲ့၊ ကြာလို့ရှိရင် ကုရခက်တယ်။ ဒီနေ့ ကျွန်တော်တို့က ရေနံဆီကို လျှော့ဈေး၊ ပေါ့ဈေးနဲ့ ရောင်းဖို့ပြောနေတဲ့အချိန်မှာ ခုနက တစ်ဂါလန်(၃၀၀၀) ရှိသောဟာကို ကျွန်တော်တို့ ပြည်သူတွေ ဝယ်သုံးနိုင်ပါ့မလား။ ဒီနေ့ ကျွန်တော် ခုချိန်ထိ ရေနံဆီကို (၂၅၀၀)နဲ့ ရောင်းနေတုန်း အဲဒါကိုက ကျွန်တော်တို့က ဒါ လျှော့ထားပြီးပြီ။ အကယ်၍များ ကျွန်တော်တို့ ပြည်သူလူထု အားလုံးကို အဲဒီအတိုင်းလျှော့ဈေးနဲ့ သွားရောင်းလို့ရှိရင် အဲဒီ လျှော့ဈေး မပေးနိုင် တဲ့အချိန်မှာ ပြဿနာတက်မယ့် အခြေအနေလို့ အဲဒီလို မြင်ပါတယ်။ ပေးနိုင်သည့်တိုင်အောင် စောစောက ကျွန်တော်တွက်ပြတဲ့ တစ်လကို (၂၈)ဘီလီယံလောက်ထဲက ကျွန်တော်တို့ ဘယ်လောက်

လျှော့ပြီးတော့ တိုင်းပြည်အတွက် လုပ်ပေးနိုင်မလဲ။ ဒါလည်းပဲ ဘတ်ဂျက်ဟာ လွှတ်တော် ကိုယ်စားလှယ်ကြီးများကပဲ အထူးတလည် စဉ်းစားရတဲ့ကိစ္စဖြစ်တဲ့အတွက် ဒါလေးတွေဟာ စဉ်းစားဖို့သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတင်ပြလိုပါတယ်ခင်ဗျား။

အလားတူပဲ စောစောက ကျွန်တော့်ဝန်ကြီးဌာနက တတ်နိုင်တဲ့ Pet-Coke ထင်းအစားထိုး အတွက် ကျွန်တော် လုပ်ပေးနိုင်တာ လုပ်ပေးပါတယ်။ အလားတူပဲ နောက်ထပ် ဒီထက်ပိုပြီး Advance ဖြစ်တဲ့ အစားထိုး မီးဖိုချောင်သုံးလောင်စာ ဘာလဲဆိုရင် ဒီနေ့ LPG လူတိုင်းသိနေတဲ့ လူတိုင်း လိုချင်တဲ့ကိစ္စ Liquified Petroleum Gas ပါ။ ဓာတ်ငွေ့ကို အရည်ပြုထားတဲ့ဟာ၊ အဲဒါဟာ တစ်ချိန်တုန်းက ဒီဝန်ကြီးဌာနကပဲ ထုတ်လုပ်တာပဲ ဖြစ်တယ်။ ထုတ်လုပ်မှု အကန့်အသတ် ရှိတယ်။ ကျွန်တော်တို့မှာ အခု ဒီနေ့ဆိုလို့ရှိရင် စက်ရုံပေါင်း (၅)ရုံလောက် ရှိပါတယ်။ သို့သော် သဘာဝဓာတ်ငွေ့ အခက်အခဲကြောင့် ထုတ်လုပ်မှုဟာ LPG ထုတ်လုပ်မှု အကန့်အသတ် ရှိပါတယ်။ ဒီအတွက် ယခင်တုန်းက နိုင်ငံတော်က တာဝန်ယူပြီး တော့ ဖြန့်ဖြူးတဲ့ အချိန်တုန်းက ကျွန်တော်တို့ ဝန်ကြီးဌာနက ထုတ်ပေးတဲ့ 25 Kg အိမ်သုံး ဓာတ်ငွေ့အိုးဟာ အိုး အရေအတွက် (၄၀၀၀၀)လောက်ပဲ ရှိတယ်။ အခုအချိန်ထိ။ အဲဒီ (၄၀၀၀၀) ခန့်မျှအတွက်ကိုပဲ ကျွန်တော်က လစဉ် ဖြည့်ဆည်းပေးနိုင်ပါတယ်။

အဲဒီတော့ ဒီနေ့ခေတ်တွေ ပြောင်းသွားပြီ။ အစိုးရအဖွဲ့အသစ် ဖြစ်လာပြီ။ စဉ်းစားပုံ၊ စဉ်းစားနည်း ပြောင်းသွားပြီ။ ဒီအတွက် ကိုယ် မနိုင်တဲ့ဟာကို ကိုယ် တစ်ခုတည်း လက်ဝါးကြီး အုပ်မထားပါဘူး။ စိတ်ဝင်စားတဲ့ ဒီလုပ်ငန်းလုပ်ချင်တဲ့ ပုဂ္ဂိုလ်အားလုံးကို ဖိတ်ခေါ်ပါတယ်။ ဖိတ်ခေါ်ပြီးတော့ လုပ်ပိုင်ခွင့်လိုင်စင် စနစ်တကျ ကျွန်တော်တို့ စိစစ်ပြီးတော့ ချထားပေးပါတယ်။ ဒါကြောင့် ကုမ္ပဏီကြီး(၄)ခုဟာ ပင်လယ်ရေကြောင်းကနေပြီးတော့ တင်သွင်းတဲ့ LPG တင်သွင်း ဖြန့်ဖြူးခြင်းလုပ်ငန်းကို လုပ်ပါတယ်။ ကုမ္ပဏီ(၁)ခုကတော့ Cross Border ပေါ့။ မြဝတီကနေ ပြီးတော့ ယိုးဒယားကတစ်ဆင့် တင်သွင်းပြီးရောင်းချတဲ့လုပ်ငန်း လုပ်ပါတယ်။ အဲဒါတွေ အဲဒီ အဖွဲ့တွေအားလုံး ဒီနေ့ ကျွန်တော် စပြီးတော့ ခွင့်ပြုတဲ့အချိန်ကနေ အခုထိ ဘယ်လောက်ထိ သွင်းပြီး သွားပြီလည်းဆို LPG တန်ချိန်ပေါင်း (၆၅၅၀) ရှိပါပြီ။ ဒါကို 25 Kg အိမ်သုံးမီးဖိုအိုး အရေအတွက် ဖွဲ့လိုက်မယ်ဆိုရင် အိုးအလုံးရေ (၂၆၂၀၀၀) ဒါ ဒီနေ့ လူထုကြားမှာ သုံးနိုင်ပါပြီ။ နောက်ထပ်လည်းပဲ ဒီလုပ်ငန်းလုပ်ချင်တဲ့ ပုဂ္ဂိုလ်များရှိရင် ကျွန်တော်တို့ အဆိုပြုလွှာ တင်နိုင်

ပါတယ်ဆိုတာ သတင်းစာမှာ ကျွန်တော်တို့ ကြေငြာထည့်ထားပါတယ်။ ၃-၂-၂၀၁၂ ဒုတိယမွိ ထပ်ပြီးတော့ ကြော်ငြာထည့်ထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ထင်းအစားထိုးဖို့အတွက်ကို သစ်တောပြုန်းတီးရေး အတွက်ကို လုပ်မယ်ဆိုရင် အခြားနည်းတွေ လုပ်စရာ အလုပ်တွေ အများကြီး ရှိပါတယ်။ ရေနံဆီ Option ဟာတော့ စောစောက ကျွန်တော် တွက်ပြသလိုပဲ ကျွန်တော်တို့ ပိုက်ဆံဘယ်လောက်သုံးနိုင်မလဲ။ ဘယ်လောက် ဒေါ်လာ သုံးနိုင်မလဲ။ နောက်တစ်ခါ အခု ကျွန်တော်က လေယာဉ်ဆီ မလောက်လို့ ပြည်ပကနေ သွင်းပြီးတော့ ပြန်ရောင်းရင် ကျွန်တော် ဒေါ်လာပြန်ရတယ်ခင်ဗျ။ ပြည်တွင်း ကုမ္ပဏီတွေကိုလည်း ကျွန်တော် ဒေါ်လာနဲ့ ရောင်းလို့ရတယ်။ နောက်တစ်ခါ နိုင်ငံတကာ International Liner တွေကို သေချာပေါက် ဒေါ်လာနဲ့ပဲ ရောင်းပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်လာနဲ့ဝယ်သော ကုန်ပစ္စည်းသည် ပြန်ရောင်းတဲ့အခါမှာ ဒေါ်လာပြန်ဖြစ်ပါတယ်။ ကျွန်တော် ရေနံဆီသုံးရန် Purpose ဒီရည်ရွယ်ချက်အတွက် ပြည်ပကနေ ဒေါ်လာ တစ်လကို (၃၄)သန်း ဝယ်ပြီးတော့ ပြည်သူလူထုကို ပြန်ရောင်းရင် ကျပ်ငွေပဲ ရပါမယ်။ ကျွန်တော်တို့ အဲဒီလောက် အဆုံးရှုံး ခံနိုင်၊ မခံနိုင် ဒါလည်း စဉ်းစားဖို့ လိုမယ်လို့ ကျွန်တော် ယူဆတင်ပြလိုပါတယ်။ နောက်တစ်ကြောင်းကတော့ ဒီနေ့ ကျေးလက်ဒေသ မီးလင်းရေးအတွက် ဒါလည်းပဲ လက်ရှိ သုံးနေတဲ့ခေတ်က ရေနံဆီမီးခွက်ခေတ် မဟုတ်လောက်တော့ဘူးလို့ ဒီလိုထင်ပါတယ်။ ဒါကတော့ ကျွန်တော့် အထင်သက်သက်ပါ။ သေချာတာကတော့ တော်တော်များများ စွမ်းအင် အရင်းအမြစ် တွေဟာ မီးလင်းဖို့အတွက်ဆိုရင်တော့ Solar တွေ သုံးနေကြပြီ။ Battery၊ Inverter တွေ သုံးနေကြပြီ။ ဒါ သေချာပါတယ်။

အဲဒီတော့ နောက်တစ်ကြောင်းကလည်းပဲ တစ်ခါ လတ်တလော အခြေအနေမှာ ခုန ရေနံဆီသုံးမီးဖို ထုတ်လုပ်ပေးနိုင်မှု၊ နောက်တစ်ခါ ဈေးကွက်အတွင်းမှာ ဝယ်လိုအား စောစောက ပြောတဲ့ ဈေးနှုန်းနဲ့ ကိုယ်သာ လျှော့မရောင်းဘူးဆိုရင် ဘယ်လောက်ဝယ်နိုင်မလဲ။ ဒါလည်း သုံးသပ်သင့်တဲ့ ကိစ္စလို့ ထင်ပါတယ်။ နောက် ဒီနေ့ စောစောက ကျွန်တော် တင်ပြတာ ကိုယ့်ရဲ့ နိုင်ငံတော်၊နိုင်ငံတော်ဆိုတာ ဘယ်သူလဲ၊ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ အစိုးရမှာပဲ တာဝန်ရှိတယ် ဆိုရင်လည်း ဒီအစိုးရရဲ့ ဘတ်ဂျက်ကို ခွင့်ပြုမှု စိစစ်တာတွေ၊ ဒါတွေ လုပ်တာဟာ ဒီလွှတ်တော် ကပဲ ဖြစ်တဲ့အတွက် ဒီဟာလေးက ဝိုင်းပြီးတော့ စဉ်းစားပေးပါလို့ ဒီလို တင်ပြချင်ပါတယ်။

နောက်တစ်ကြောင်းက အခု ဒီဟာကို နိုင်ငံတော်က ခုန အစိုးရက လုပ်သင့်တယ်လို့ ဆိုရင်လည်းပဲ ဒီနေ့ ကျွန်တော်တို့ သွားနေတဲ့ စီးပွားရေးပုံစံ (Pattern) ဒါကို နည်းနည်းလေး ဂရုပြုဖို့ကောင်းပြီလို့ ထင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေ့ ကျွန်တော်တို့က မနေ့ကလည်းပဲ ဦးကြည်သာ ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်မှာ ဖြေခဲ့ပါတယ်။ ရေနံချက်စက်ရုံတည်ဖို့ ကျွန်တော်တို့က ဒီနေ့နိုင်ငံတော်ရဲ့ Weight အများကြီးလျှော့ဖို့၊ တတ်နိုင်သလောက် စီးပွားရေးလုပ်ငန်းတွေမှာ နိုင်ငံတော်ရဲ့ ပါဝင်ပတ်သတ်မှုကို သိပ်မလုပ်လိုတော့ဘူး။ ဒီအတွက် PPP တွေရော အကုန်လုံး Private က လုပ်နိုင်မယ့် အခွင့်အလမ်းကို ဖွင့်ပေးနေပြီ။ အထူးသဖြင့် ဒီစက်သုံးဆီနယ်ပယ်မှာ ကျွန်တော်တို့ ဓာတ်ဆီ၊ ဒီဇယ် တင်သွင်းမှုဟာ လွန်ခဲ့တဲ့ ၂၀၁၀ ကတည်းက ပုဂ္ဂလိကလက်ထဲကို ပေးလိုက်ပြီးပါပြီ။ များသောအားဖြင့် ကျွန်တော်တို့ လုပ်ငန်းတွေကိုလည်း တစ်ချိန်မှာ ကျွန်တော်တို့ State Own Interprise ဖြစ်တဲ့ (MOGE) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည်ပင်လျှင် Private နဲ့ တွဲပြီးတော့ သွားတဲ့ပုံစံ ဖြစ်ကောင်းလည်း ဖြစ်လာပါလိမ့်မယ်။ ဒီအချိန်မှာ ကျွန်တော်တို့က စောစောကပြောသလို တစ်လကို ဒေါ်လာသန်း(၄၀)လောက် သုံးပြီးတော့ ဖြန့်ဖြူးတဲ့အလုပ်ကို ကျွန်တော်တို့ လုပ်သင့်ပါဦးမလား။ ကျွန်တော်တို့ ဓာတ်ဆီတွေ၊ ဒီဇယ်တွေ တောင်မှပဲ ပုဂ္ဂလိကကို ပေးလိုက်ပြီပဲ။ ဒီလို ဆိုရင် အဲဒီလုပ်ငန်းတွေဟာ ဒီနေ့ သူတို့ အသီးသီး၊ အသီးသီး၊ လက်လီဆိုင်လေးတွေနဲ့ Run နေပြီဖြစ်တဲ့ အဲဒီပုဂ္ဂလိကပိုင်ပုဂ္ဂိုလ်တွေကို အားပေးအားမြောက်ပြုပြီးတော့ သူတို့ကို ဆွဲဆောင်ပြီးတော့ ခင်ဗျားတို့ တင်သွင်းပြီးတော့ ရောင်းကြပါလား။ ဒီလိုလုပ်တာက ပို၍ သင့်တော်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆလိုပါတယ်ခင်ဗျား။ တင်ပြလိုပါတယ်။

ဒါတွေကို ခြုံငုံပြီးတော့ ပြန်တင်ပြရရင်တော့ ခုန မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ် ဖြန့်ဖြူးပေးရန် အစိုးရကို တိုက်တွန်းတဲ့အဆိုဟာ သစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက် ရည်ရွယ်ချက် အလွန်ကောင်းပါတယ်။ သို့သော် လက်တွေ့ဆောင်ရွက်ဖို့ကျတော့ စောစောက ပြောသလို ဘဏ္ဍာရေးအကန့်အသတ်တွေ ကျွန်တော်တို့ ဘယ်လောက်ကျော်လွှားနိုင်မလဲ။ နောက်တစ်ခါ အကျိုးရှိ ထိရောက်တဲ့ အသုံးပြုမှုရော ဖြစ်နိုင်ပါ့မလား။

ဒီဟာလေးတွေကို ကျွန်တော်တို့ တွက်ကြည့်တဲ့အခါမှာ အကောင်အထည်ဖော်ဖို့ မသင့်သေးဘူး လို့ ယူဆတဲ့အတွက် ဒီအဆိုကို ရုပ်သိမ်းသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ။** ။ ဦးမျိုးမြင့် က ရုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၄။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ်။ အခုလို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ ဒေါ်လာရရှိရေးနဲ့ ဒေါ်လာ သုံးစွဲရေးအပါအဝင် အသေးစိတ် ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ တကယ် ရှင်းလင်းတင်ပြသွားတဲ့အတွက် အင်မတန်မှ ကျေးဇူးတင်ရှိပါကြောင်းလည်း ကျွန်တော် ပြောကြား လိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကို မတင်ခင်ကတည်းက မဲဆန္ဒနယ်(၂)မြို့နယ်မှာရှိတဲ့ ကျေးရွာ ပေါင်း တစ်မြို့နယ်၊ တစ်မြို့နယ်ကို (၂၀)မှ (၂၅) အကုန်လျှောက်ပတ်သွားပြီးတော့မှ ကျွန်တော် အချက်အလက်တွေ စုစည်းပြီးတော့မှလည်း ချင့်ချင့်ချိန်ချိန်နဲ့ တင်သွင်းခြင်းလည်း ဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး ဆွေးနွေးသွားတဲ့ လေယာဉ်ဆီ တိုးတက်ပြီးတော့ လုပ်နေရလို့ ဘယ်လိုဦးစားပေးရတယ်ဆိုတဲ့ဟာလေးတွေလည်း ပြောသွားပါတယ်။ ကျွန်တော်တို့ နောက်တစ်ခု ဒီဇယ်ဆီကို ဦးစားပေးပြီးတော့ ထုတ်ရတဲ့အနေအထား၊ နောက် ရေနံစိမ်းထွက်ရှိမှုအနေအထား အဲဒါလေးတွေပေါ်မှာလည်း ပြောကြားသွားပါတယ်။ ကျွန်တော်တို့ အခု တင်ပြဆွေးနွေးတယ်ဆိုတာ ဒီနေ့ နားလည်ပါတယ်။ ကြိုးစားပါတယ်။ ကျွန်တော်တို့ လက်ရှိ ပြည်ထောင်စုအစိုးရရဲ့ စီးပွားရေးမူဝါဒ ဘယ်ကိုချီတက်နေလဲ၊ ဘယ်လိုသွားနေလဲ ကျွန်တော် တို့ဟာ ခုချိန်မှာဆိုရင် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကြားကျကျ ကြည့်ပြီးတော့ ဒါ ဟန်ချက်ညီညီ ဘယ်လိုလိုက်ပါသွားနိုင်မလဲဆိုတဲ့ အခြေအနေမျိုးတွေ ကျွန်တော်တို့ ကြည့်ပါ တယ်။ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုအစိုးရ အလုပ်အကိုင် ကြပ်မဲ့အနေအထားမျိုး၊

ဆွေးနွေးချက်မျိုးကိုလည်း အတတ်နိုင်ဆုံး ကျွန်တော်တို့က ဆွေးနွေးဖို့ တင်ပြဖို့ဆိုတာလည်း တော်တော်ရှောင်ကြဉ်ပါတယ်။

အဲဒီတော့ ပုဂ္ဂလိကကုမ္ပဏီတွေကို ကျွန်တော်တို့ ဒီနေ့ စက်သုံးဆီ တင်သွင်းခွင့်တွေ အထူးသဖြင့် ဒီဇယ်ကိုပဲ ဦးတည်ပြောရလို့ရှိရင် လုပ်ကိုင်ခွင့်တွေကို ပေးထားပါတယ်။ ဒီနေ့ ကျွန်တော် တို့က ဒီဇယ်ဆီကို ဦးစားပေး လုပ်နေရလို့ လေယာဉ်ဆီကို ဦးစားပေး လုပ်နေရသလို ရေနံဆီကို ကျွန်တော်တို့က ဒါ အလေးထားဖို့ နည်းနည်းလေး စဉ်းစားရမယ်ဆိုတာကိုတော့ ကျွန်တော် နည်းနည်းလေး အဲဒါတော့ ဘဝင်မကျဘူးလို့ပဲ ကျွန်တော် တင်ပြလိုပါတယ်။

နောက်တစ်ခုက အရာရာတိုင်းမှာ ကျွန်တော်တို့ သဘောပေါက်တာက မြန်မာနိုင်ငံရဲ့ လူအများစုဖြစ်တဲ့ ကျေးလက်နေ ပြည်သူကို (၇၀)ရာခိုင်နှုန်း အကြမ်းဖျဉ်း ပြောရလို့ရှိရင် လူထုဟာ အင်မတန် ဆင်းရဲနွမ်းပါးမှုရှိနေတဲ့အတွက် နိုင်ငံတော်ရဲ့ မူဝါဒဟာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတဲ့ဟာကို ဦးတည် လုပ်နေတယ်။ ဒီနေ့ စိုက်တန်တာ စိုက်၊ ရှုံးခံတာခံ၊ အားလုံး ရင်းနှီးမတည်ပေးတာပေး၊ ဘက်ပေါင်းစုံကနေပြီးတော့ နိုင်ငံတော်က လုပ်နေတာလည်း ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။

ဒါကြောင့် အရာရာတိုင်းကို ကျွန်တော်တို့က ဘယ်စီမံကိန်းကိုပဲ လုပ် လုပ်၊ ကျွန်တော်တို့ အသက်အရွယ်နဲ့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံအရဆိုလို့ရှိရင် စီမံကိန်း တစ်ခုလုပ်တဲ့အခါမှာ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့ စီးပွားရေးအရ တွက်ခြေကိုက်မှုကိုတော့ ဒါဟာ နိုင်ငံတကာက လက်ခံတဲ့ ပေတံနဲ့တော့ တိုင်းတာပြီးတော့ လုပ်ကိုင်ရတာ မှန်သော်ငြား လည်းပဲ ဒါဟာ Intangible Benefit, Intangible Benefit ဆိုတာရှိပါတယ်။ တစ်ခါတလေမှာ Intangible Benefit အတွက်ကို ကျွန်တော်တို့ လုပ်တန်တာ လုပ်ရပါတယ်။ ဥပမာ - ကျွန်တော်တို့ တင်ပြရလို့ရှိရင် ကျွန်တော်တို့ ရာထူးငယ်စဉ်ဘဝက ၁၉၉၂-၁၉၉၃ ခုနှစ် အဲဒီဝန်းကျင် မတိုင်ခင်က ချင်းပြည်နယ်က လိုင်ဗားရေလှောင်တမံစီမံကိန်းကြီးကို လုပ်တော့မယ့်အခါမှာ ဒါဟာ ကျွန်တော်တို့ စီးပွားရေးအရ ဘယ်နည်းနဲ့မှ တွက်ခြေမကိုက်ပါဘူး။ tangible Benefit ကျွန်တော်တို့ မရပါဘူး။ Intangible Benefit ရဖို့အတွက် ဒါ လုပ်ကို လုပ်ရမယ်ဆိုတဲ့ သဘောနဲ့ လုပ်တာ ရှိပါတယ်။

ဒါကြောင့် ကျွန်တော် ဆိုလိုတာကတော့ ကျေးလက်နေပြည်သူတွေအတွက် နိုင်ငံတော် အနေနဲ့ ဘာပဲဖြစ်ဖြစ် တစ်ဖက်တစ်လမ်းကနေပြီးတော့ ဒီဥစ္စာ အထောက်အကူပြုမယ်လို့ ယူဆလို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ပိုင်းက ဒီထဲမှာ ဖော်ပြတာက သစ်တောပြုန်းတီးမှု တစ်ခုတည်းကို ဖောင်းပေးပြီးတော့ မီးမောင်းထိုးပြနေတာမဟုတ်ပါဘူးခင်ဗျ။ ဒါဟာ အချက် တစ်ချက်အနေနဲ့ ကဏ္ဍတစ်ရပ်အနေနဲ့ ဖော်ပြခြင်းဖြစ်ပါတယ်။ ရေနံဆီကို အသုံးပြုခြင်းအားဖြင့် ညအလင်းရောင်သုံးမယ်။ ကျွန်တော်တို့ ချက်ရေးပြုတ်ရေးကို သုံးမယ်။ နောက် စောစောက ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း ပြောသွားသလို ကျွန်တော်တို့ ငယ်ငယ်တုန်းက ဗိုက်နာလို့ ရှိရင် အမေက ချက်ရဲ့ ပတ်ဝန်းကျင်ကို ရေနံဆီနဲ့ လိမ်းပေးတယ်။ ဘာညာ ဒါ ရေနံဆီရဲ့ အသုံးဝင်မှုဟာ ကျွန်တော်တို့ ဒါ ငြင်းလို့ မရပါဘူးခင်ဗျာ။ စာရင်းဇယားများအရ လေ့လာမှုအရလည်း တင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ အကြမ်းဖျင်း ခုန ပြည်ထောင်စုဝန်ကြီး ပြောသွားတဲ့ အတိုင်းမှာ ဆိုလို့ရှိရင် ဒါဟာ (၈)သန်း၊ (၉)သန်းလောက် အိမ်ထောင်စုပေါင်းရှိတယ်ဆိုတော့ လူဦးရေ၊ ဒါ သန်း(၇၀)လောက်ကို အခြေခံလို့ရှိရင်ပေါ့။ (၈)သန်းမှ (၉)သန်းပေါ့။ ကျွန်တော် တော့ ဒါ (၈)သန်းလောက်၊ (၈)သန်းကျော်ကျော်လောက် တွက်ပါတယ်။ ဒါကို ကျွန်တော်တို့က တစ်လကို (၁)ဂါလံနှုန်းနဲ့ (၈)သန်းဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ်နိုင်မလဲဆိုတာ ကျွန်တော်တို့ ဒီလို တရားသေတွက်ဖို့ မလိုဘူးလို့ ကျွန်တော်တို့က ယူဆပါတယ်။ ဒါဟာ ကျွန်တော် စာရင်း ဇယားနဲ့ ပြန်ပြီး ဟိုဟာဖြစ်ရရင် ဒီစွမ်းအင်ကထုတ်တဲ့ ကိန်းဂဏန်းများအရပါ။ ၁၉၇၄-၁၉၇၅ ခုနှစ်က (၆၈)သိန်း (၇)သောင်းနီးပါးလောက် ဂါလံသန်းပေါင်းနီးပါး ကျွန်တော်တို့ ထုတ်ခဲ့ပါတယ်။ အဲဒီ နောက်မှာ ခုန ဝန်ကြီးလည်း ပြောသွားပါတယ်။ ၁၉၈၀-၁၉၈၁ ခုနှစ်က (၁၀)သန်းကျော်ကျော် လောက်နေပြီးတော့ ဆင်းသွားလိုက်တာမှာ အခု ၁၉၈၇-၁၉၈၈ ခုနှစ်မှာ (၁၈၂၂၀)ကျော်လောက် အထိအောင် ဆင်းသွားပါတယ်ခင်ဗျ။ နောက်ပြီးတော့ ကျွန်တော် အခု နောက်ဆုံးပိုင်း တင်ပြရလို့ ရှိရင် ၂၀၁၀-၂၀၁၁ ခုနှစ်လောက်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ (၄၃၀၀၀၀)ကျော်လောက် ဒါပဲ ထုတ်ပါတော့တယ်။ (၄၃၀၀၀၀)ကျော်လောက် ထုတ်တာက နေပြီးတော့ အခု စီမံချက်တွေလည်းပဲ ကျွန်တော်တို့ အရဆိုလို့ရှိရင် အဲဒီထက်တောင်မှ ကျွန်တော်တို့ ဒါ နည်းဦးမယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ပျမ်းမျှအကြမ်းဖျင်း လေ့လာရသလောက်တော့ (၂၀၀၀၀)ထက် မပိုနိုင်ဘူးဆို ပြီးတော့ ကျွန်တော်တို့ ဒါ သိရှိထားပါတယ်။

ကျွန်တော်တို့က အဓိက (၈)သန်းဖြစ်ဖြစ်၊ (၉)သန်းဖြစ်ဖြစ် ဒါကို အပြည့်ထုတ်ပေးဖို့ ဆိုတဲ့ ဥစ္စာမျိုးကို မရည်ရွယ်ပါဘူး။ မဆိုလိုပါဘူး။ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ထုတ်နိုင်မယ့် အတိုင်းအတာကို ဒီဇယ်ကို ပုဂ္ဂလိက ကုမ္ပဏီတွေကနေပြီးတော့ အချိန်မရွေးသွင်းရတဲ့ အချိန်မယ်၊ စွမ်းအင်ဝန်ကြီးဌာနက ဒီဇယ်ကို ကျွန်တော်တို့က ထုတ်လုပ်မှု ဘာပဲဖြစ်ဖြစ် စဉ်းစားပြီးတော့ ရေနံဆီကို ကျွန်တော်တို့က နည်းနည်းဖောင်းပေးဖို့ဆိုတဲ့ အနေအထားကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီရေနံဆီဟာ ကျွန်တော်တို့ မြန်မာနိုင်ငံ အလယ်ပိုင်း၊ အထူးသဖြင့် အပူပိုင်းခြောက်သွေ့ဇုန်မှာဆိုရင် ကျွန်တော်တို့ ပတ်ဝန်းကျင်နားလေး မှာတောင် မရတော့ဘဲ တောင်ကတုံးတွေ၊ တောကတုံးတွေ အကုန်ဖြစ်နေတာ ဒါ လက်တွေ့ပါ။

အဲဒါကြောင့် မို့လို့ ဘာပြောနေနေ၊ ကျွန်တော်တို့က ဒါ နိုင်ငံတော်အနေနဲ့ Subsidize အမြဲလုပ်ရမယ်လို့ ကျွန်တော်တို့ မဆိုလိုပါဘူးခင်ဗျား။ ဒီနေ့ ခေတ်ပြောင်း စနစ်ပြောင်း ကိုလည်း နားလည်ဖို့သင့်ပါတယ်လို့ ပြည်ထောင်စုဝန်ကြီးက အကြံပေးသွားပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လည်း ဒါတွေကို ထည့်သွင်းစဉ်းစားပါတယ်။ ဒီနေ့ လူတွေဟာ အဆင့်အတန်း မီလာတဲ့အလျောက်၊ လူနေမှုအဆင့်အတန်းမြင့်လာတဲ့အလျောက် လျှပ်စစ်နဲ့ကအစ ချက်ချင် ပြုတ်ချင်ပါတယ်။ ခလုတ်နှိပ်လိုက်ရင် ထောက်ကနဲ သွားချင်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော် တို့ဟာ ဒါ နိုင်ငံတော်က ကုန်းရုန်းလုပ်နေတာ ကျွန်တော်တို့ သိပါတယ်။ ဒါဟာ ကျွန်တော်တို့ ချက်ချင်း အဓိက ဆယ်စုနှစ်၊ နှစ်ဝက်အတွင်း ဒါမှမဟုတ် ကျွန်တော်တို့ (၂)နှစ်၊ (၃)နှစ်အတွင်း၊ (၄)နှစ်အတွင်း၊ (၅)နှစ်အတွင်း စသဖြင့် လက်တွေ့ ကျွန်တော်တို့ မဖြစ်နိုင်သေးမီမှာ ဒါလေးကို ကျွန်တော်တို့က ထုတ်လုပ်ပေးရင်တော့ အများစုနေတဲ့ ကျေးလက် နေပြည်သူများဟာ လူနေမှု အဆင့်အတန်း အထိုက်အလျောက် မြင့်မားမယ်လို့ ကျွန်တော် ယူဆလို့ တင်ပြခြင်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ဒါ အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံမယ် ဆိုတဲ့ အကြောင်း ဥက္ကဋ္ဌကြီးအား တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၂:၃၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ ကျေးလက်နေပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၈)၊ ကန့်ကွက်(၁၃၃)၊ ကြားနေ(၁၇)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆို အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၃၃။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေး ရပ်နားပါမယ်။ နေ့လယ်(၂)နာရီမှာ ပြန်စပါမယ်။

**အချိန်၊ ၁၂:၃၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၂:၃၃) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၄:၀၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည်ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ အာဆီယံ၏ စီးပွားရေး အသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာချမှတ်ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒေါက်တာမြင့်ကြည် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက် ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာချမှတ်ရန်နှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီစက်မှုလုပ်ငန်းဆိုင်ရာ SME နဲ့ ပတ်သက်ပြီးတော့ ဒီ လေ့လာထားတာကို ကျွန်တော် တင်ပြရမယ် ဆိုရင် ၁၉၆၂ ခုနှစ်ရှေ့ပိုင်း ကျွန်တော်တို့နိုင်ငံက အနီးအနားမှာရှိနေတဲ့ နိုင်ငံတွေဆီကို ကျွန်တော် တို့ဆီကထွက်တဲ့ တချို့ Textile ကျွန်တော် အင်္ဂလိပ်လို တချို့ဟာလေးတွေတော့ ထည့်သွင်း ပြီးတော့ ပြောကြားခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

နောက် ကျွန်တော်တို့ Biscuit, Biscuit မုန့်တွေ၊ နောက် ကျွန်တော်တို့ ထီးလို ပစ္စည်းတွေ၊ နောက် ဆေးပစ္စည်းတွေ၊ ဒါတွေ ကျွန်တော်တို့ အနီးအနားမှာရှိတဲ့ နိုင်ငံတွေကို Export လုပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဒီ ကျွန်တော်တို့ အသေးစား၊ အလတ်စား လုပ်ငန်း တွေဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ထွန်းထွန်းပေါက်ပေါက် ရှိခဲ့တယ်ဆိုတာကို ဒါ မီးမောင်း ထိုးပြတဲ့ သဘောပါပဲ။ နောက် ကျွန်တော်တစ်ချက် မနက်တုန်းက ကျွန်တော်တို့ ဆွေးနွေးသွား တာနဲ့ ပတ်သက်ပြီးတော့ ၁၉၆၀၊ ၁၉၇၀ ပတ်ဝန်းကျင်လောက်ကတည်းက ဒီစွမ်းအင်ရဲ့ သုံးစွဲမှု ဟာ သစ်တောတွေ ပြုန်းတီးရေးအတွက် ဒီဟာတွေကို လေ့လာပြီးတဲ့နောက် အသေးစိတ်လေ့လာ ထားတာတွေ ရှိပါတယ်။ ဒီဟာတွေဟာ အဲဒီနှစ်လောက်ကတည်းက လေ့လာပြီးတော့ စွမ်းအင်ကို ဘယ်လိုစွမ်းအင်တွေ၊ ကျေးလက်တောရွာတွေမှာ အသုံးချဖို့အတွက် သင့်လဲဆိုတာ မီးဖိုတွေက အစ၊ အဲဒီတုန်းက သုတေသနပြုလုပ်ခဲ့ပါတယ်။ ဒီကောက်ရိုးလေးတွေ၊ ကျွန်တော်တို့ ပြောင်းဖူး အရိုးလေးတွေကို စဥ်းပြီးတော့၊ နုတ်နုတ်စဥ်းပြီး အလုံးသေးသေးလေးတွေလုပ်၊ နောက် မီးဖို ဒီဇိုင်းကိုလုပ်၊ မီးဖိုတွေကို ကျွန်တော်တို့ ထုတ်ရောင်းဖို့၊ ဒီမီးဖိုတွေ ထုတ်ရောင်းတယ်ဆိုတာ လည်းပဲ ခုနက အသေးစားစက်မှုလုပ်ငန်းထဲမှာ ပါပါတယ်။ ဒီဟာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါတွေဟာလည်း အိန္ဒိယနိုင်ငံနဲ့တွဲပြီးတော့ ဆောင်ရွက်ခဲ့တာရှိတယ်။ အဲဒီသုတေသန စာစောင် တွေကိုလည်း လေ့လာခဲ့တယ်။ သို့သော် ဒီဟာက တဖြည်းဖြည်းနဲ့တော့ တိုးတက်မှုမရှိဘဲနဲ့ နည်းနည်း ဆုတ်ယုတ်သွားတယ်ဆိုတဲ့ သဘောတွေ တွေ့ရပါတယ်။

ဒါကြောင့် ဒီနေ့စွမ်းအင်ကဏ္ဍမှာလည်းပဲ လာပြီးတော့ မနက်တုန်းက ကျွန်တော်တို့ ဆွေးနွေးတဲ့အထဲမှာ ဒီပြဿနာလေးတွေ ပေါ်တာပါ။ ဒါတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှေးဦးမဆွကတည်းက ဆောင်ရွက်ထားတဲ့ သုတေသနလုပ်ငန်းတွေ၊ ဒီ SME ဘက်ကို တင်ဖို့၊ သမဝါယမဝန်ကြီးဌာနနဲ့ တွဲဖက်ပြီးတော့ ဆောင်ရွက်ထားတာတွေ အများကြီးရှိပါတယ်ခင်ဗျား။ အဲဒီတော့ အခုကျွန်တော်တို့ အာဆီယံ ၂၀၁၅ ကို ဝင်လာတဲ့အခါမှာ ဒီကဏ္ဍတွေမှာလည်း လာပြီးတော့ ကျွန်တော်တို့နိုင်ငံထဲကို SME က တောင့်တောင့်တင်းတင်းနဲ့ မဆောင်ရွက်နိုင်လို့ ရှိရင် ဝင်ရောက်ထိုးဖောက်လာမယ် ဖြစ်တဲ့အတွက်ကြောင့် ဒါကိုလည်းပဲ သတိပြုဖို့ လိုပါတယ်။

ဆက်လက်ပြီးတော့လည်း ၁၉၈၉ ခုနှစ်မှာစပြီး ရွှေပြည်သာစက်မှုဇုန်ကို နိုင်ငံတော်ကနေ တည်ထောင်ပါတယ်။ ဒါ ရွှေပြည်သာစက်မှုဇုန် တည်ထောင်တယ်ဆိုတာ အဲဒီအထဲမှာလည်းပဲ SME တွေ အများကြီး ပါပါတယ်။ ရွှေပြည်သာစက်မှုဇုန်နဲ့အတူ အဲဒီတုန်းက စက်မှုဇုန် (၁၈)ခု တည်ထောင်ခဲ့တဲ့ဟာ မှတ်တမ်းမှတ်ရာတွေလည်း ရှိပါတယ်။ အဲဒီတုန်းကလည်း ကျွန်တော့်အနေနဲ့ တချို့ဟာတွေမှာ ပါဝင်ခဲ့တာမို့လို့ ကျွန်တော် တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအချိန်မှာ ဆောင်ရွက်ပြီးတဲ့နောက် ကျွန်တော်တို့ ဒီ ၁၉၉၂ ခုနှစ်လောက်မှာ နိုင်ငံတော် အမျိုးသားရေးနဲ့ ပတ်သက်ပြီးတော့ အမျိုးသားရေး စက်မှုဖွံ့ဖြိုးရေးကော်မတီ၊ နောက်တစ်ခါ မြန်မာ့စက်မှုဖွံ့ဖြိုးရေးကော်မတီ ဒီဟာတွေကလည်းပဲ အသီးသီး တည်ထောင်ထားရှိပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီတော့ အဲဒီအထဲမှာ စက်မှုဇုန်အနေနဲ့ အဲဒီအထဲမှာ ပါဝင်ပြီးတော့ ရှိနေတဲ့ SME တွေဟာ (၈၀)ရာခိုင်နှုန်းကျော် ပါဝင်ပြီးတော့ ရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီတုန်းကလည်းပဲ ဒီစာရင်းဇယားတွေကို ကောက်ယူပါတယ်။ ဒီစာရင်းဇယားကလည်းပဲ အင်မတန်အရေးကြီးပါတယ်။ ဒီ ကျွန်တော်တို့ SME နဲ့ပတ်သက်တဲ့ ပေါ်လစီတွေ၊ မူဝါဒတွေကို ချမှတ်တဲ့အခါမှာ၊ အဲဒီတုန်းက ကျွန်တော် နာမည်နဲ့ဖော်ပြပြီးတော့ ဆွေးနွေးရမယ်ဆိုရင် စီးပွားရေးတက္ကသိုလ်က ဒေါ်လှလှမြင့် တို့ ဦးဆောင်တဲ့အဖွဲ့ ဒီဟာတွေ စာရင်းဇယားတွေ ပြုစုပါတယ်။ သို့သော် စာရင်းဇယားတွေဟာ အပြီးအစီးတော့ ပြုစုသွားနိုင်ခြင်း မရှိဘူးလို့ ကျွန်တော် နောက်ပိုင်းမှာတော့ သိရှိရပါတယ်။

အဲဒီတော့ ဒီ SME ရဲ့ကဏ္ဍဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရှေးဦးမဆွ ကတည်းက ရှိပြီး စက်မှုဇုန်တွေအထိ ဒါတွေဟာ ပါဝင်ပြီးတော့ ရှိနေလျက် ရှိပါတယ်။ နောက် မြန်မာနိုင်ငံရဲ့ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးကလည်း မကြာခင်တုန်းက ဒီ SME နဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမှာ အပြည့်အဝ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်တွေ၊ ညွှန်ကြားချက်တွေ ပေးသွားတာ ကျွန်တော် တွေ့ရှိသိရှိလိုက်ပါတယ်။ ဒီဟာတွေဟာလည်းပဲ လိုက်နာဆောင်ရွက် ရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ ဒါကျွန်တော့် အဆို ဟာလည်းပဲ ဒါ သမ္မတကြီး ခုနကတုန်းက ဆွေးနွေးသွားတဲ့အပေါ်မှာ အများကြီး ကျွန်တော်တို့ မူတည်နေပါတယ်။

အဲဒီတော့ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေထဲမှာ ဒီနေ့အချိန်အထိ SME ကဏ္ဍဟာ (၉၀)ရာခိုင်နှုန်းကျော် ပါဝင်ပါတယ်။ အဲဒီတော့ သမ္မတကြီးရဲ့ ဖော်ပြချက်အရ ဆိုရင်တော့ (၉၉.၄)ရာခိုင်နှုန်းဟာ SME ဒါ ပါဝင်နေပါတယ်။ ဒါကြောင့် SME ကဏ္ဍကို တိုးတက်ဖွံ့ဖြိုးအောင် ကျွန်တော်တို့ အချိန်နဲ့တစ်ပြေးညီ မဆောင်ရွက်လို့ရှိရင် ၂၀၁၅ ကျရင် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး၊ နောက်ပြီးတော့ အလုပ်အကိုင်ရရှိတဲ့ အခွင့်အရေးတွေ၊ အဲဒါတွေ အများကြီး ဆုံးရှုံး မှာပါ။ ဒီအတွက် ကျွန်တော်တို့က ဆောင်ရွက်ဖို့ လိုပါတယ်။ အဲဒီတော့ မူဝါဒတွေ၊ ဥပဒေတွေ ဟာလည်းပဲ ကျွန်တော်တို့ တိကျတဲ့မူဝါဒနဲ့ Definite and Proper SME Policy or Law ဒါတွေ ကျွန်တော်တို့ ရှိဖို့ လိုပါတယ်။ တိကျတဲ့မူဝါဒ၊ တိကျတဲ့ ဥပဒေတွေ ကျွန်တော်တို့ ရှိဖို့ လိုပါတယ်။ အရင်တုန်းကလည်းပဲ ရှိခဲ့ပါတယ်။ ရှိတဲ့ဟာတွေ ပြုပြင်ပြောင်းလဲပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဲဒီတော့ SME ကဏ္ဍအတွက် အဓိကလိုအပ်ချက်တွေကတော့ (၁) ငွေရေးကြေးရေး လိုအပ်ချက် ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ထွက်လာတဲ့ပစ္စည်းတွေ Marketing ရောင်းဝယ်ဖောက်ကားဖို့အတွက် ဈေးကွက်ရရှိအောင် ဖန်တီးပေးဖို့လည်း လိုပါတယ်။ နောက် တစ်ချက်ကတော့ နည်းပညာတွေ ပံ့ပိုးပေးဖို့ ဒီဟာ လိုပါတယ်။ ဒီအချက်တွေကို ပံ့ပိုးပေးမှ သာလျှင် SME တွေဟာ ပိုမိုပြီးတော့ ဝင်ရောက်ထိုးဖောက် ယှဉ်ပြိုင်နိုင်စွမ်း ရှိပါမယ်။ အရင်တုန်း ကလည်းပဲ ခုနက စက်မှုဇုန်တွေကို ကျွန်တော်တို့ ဖော်ထုတ်လာတဲ့အခါမှာ စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဆိုတာ ရှိပါတယ်။ အဲဒီဘဏ်ကလည်းပဲ ငွေတွေ ထုတ်ချေးပါတယ်။ သို့သော် တချို့ SME တွေကျတော့ ဒါကျွန်တော်တို့ ထုတ်ချေးဖို့ဟာ သူတို့ မရဘူးလို့ဆိုတာ ကျွန်တော် ဒါ

သူတို့ဆီကနေ သိပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီပြင်နိုင်ငံတွေမှာဆိုရင်တော့ SME ကို ကျွန်တော်တို့က ပံ့ပိုးဖို့အတွက် သူတို့ ရန်ပုံငွေထူထောင်ထားပါတယ်။ နောက် သက်ဆိုင်ရာ ဘဏ်တွေလည်းပဲ ဒါ ဖွင့်ပေးထားပါတယ်။ နောက် ကျွန်တော်စက်မှုလက်မှု အခု မူဝါဒတွေထဲမှာ ကျွန်တော် ကြည့်လိုက်တဲ့အခါကျတော့ ၂၀၁၂ ကနေပြီးတော့ (၅)နှစ်စီမံကိန်းထဲမှာ ဒီမူဝါဒလေးတွေ ရေးထားတဲ့ဟာလည်းပဲ ကျွန်တော်တွေ့ရှိပါတယ်။ အဲဒီတော့ ဒီမူဝါဒတွေကိုတော့ ကျွန်တော်တို့က တိတိကျကျ အချိန်ဇယားဆွဲပြီးတော့ ဆောင်ရွက်ရန်လိုအပ်မယ်ဆိုတာလည်းပဲ ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ SME တွေ ပိုပြီးတော့ ခိုင်မြဲဖို့အတွက် SME Centre ဒီဟာတွေ ကျွန်တော်တို့ ဖွင့်ပေးဖို့လိုပါတယ်။ မူဝါဒတွေ ရေးဆွဲတဲ့အခါမှာ၊ ဥပဒေတွေ ရေးဆွဲတဲ့အခါမှာ ဒီဟာတွေ ကျွန်တော်တို့က ခိုင်ခံ့ဖို့လိုပါတယ်။ နောက်တစ်ခုက သူတို့ ဒီ စက်မှုလုပ်ငန်း၊ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းက ထွက်လာတဲ့ ပစ္စည်းပစ္စယတွေကို စမ်းသပ်ဖို့အတွက် ကျွန်တော်တို့ အဲဒီ Testing Services Centre လိုဟာမျိုးတွေ ဒီဟာတွေဟာလည်းပဲ ကျွန်တော်တို့ ဖွင့်ပေးဖို့လိုပါတယ်။ ဒါမှလည်း သူတို့ ထွက်လာတဲ့ ပစ္စည်းတွေ ဒီမှာ စမ်းသပ်မယ်။ စမ်းသပ်ပြီးတော့မှ ဈေးကွက်ရဲ့ ရရှိနိုင်မှုကို သူတို့ ဒါ သိရှိပြီးတော့ လေ့လာနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ သူတို့တွေကိုလည်းပဲ Training ပေးပါမယ်။ Training တွေ ပေးတယ်ဆိုတာလည်းပဲ အခုကျွန်တော်တို့က ဆွေးနွေးသွားမယ်ဆိုရင် ဆင်တဲ မှာရှိတဲ့ စသည်အားဖြင့် ဒီဟာ မဟုတ်ပါဘူး။ သပ်သပ် ကျွန်တော်တို့က ဒီကြီးမားတဲ့ ကုမ္ပဏီတွေနဲ့ ဒီ SME တွေ ချိတ်ဆက်တဲ့အခါမှာ ဘယ်လိုနည်းပညာတွေက လိုအပ်တယ်။ သူတို့နဲ့ ချိတ်ဆက်ပြီးတော့၊ ပူးပေါင်းပြီးတော့ ဆောင်ရွက်ဖို့လိုပါတယ်။ မဟုတ်ဘဲနဲ့ သာမန်နည်းပညာတွေကို ပေးလိုက်မယ်။ ဒီမှာ ပြန်လာမယ်ဆိုရင် ဟိုဘက်ကို ကျွန်တော်တို့က ဈေးကွက်ကိုလည်းပဲ မမီဘူး။ ဆောင်ရွက်တဲ့ အရည်အသွေးဟာလည်းပဲ နည်းပါမယ်။ ဒါကြောင့်မို့လို့ ဒီကုမ္ပဏီကြီး တွေနဲ့ ချိတ်ဆက်ပြီးတော့ နည်းနာတွေ SME တွေကို ဘယ်လိုပေးမလဲ။ SME တွေက ထွက်လာတဲ့ဟာတွေကို ဘယ်လို ဈေးကွက်ကို ရှာမလဲ။ ဒီဟာတွေ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ဒီ SME နဲ့ပတ်သက်ပြီးတော့ အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ Data ခုနက ကျွန်တော် ဆွေးနွေးခဲ့တယ် Data အပြည့်အဝ ရှိဖို့လိုပါတယ်။ သူတို့တွေကိုလည်း Categories တွေ ကျွန်တော်တို့ ခွဲလိုက်ပါ။ ခွဲလိုက်ပြီးတော့ ဒီအုပ်စုဟာ စားကုန်၊ သောက်ကုန်နဲ့ ပတ်သက်တဲ့၊ လယ်ယာထွက်ကုန်တွေနဲ့ ပတ်သက်တဲ့ အုပ်စု၊ နောက်တစ်ခုက Textile နဲ့ ပတ်သက်တဲ့အုပ်စု၊ ဒါက သစ်နဲ့ ရော်ဘာအုပ်စု၊ ဒါကတော့ ကျွန်တော်တို့ Machinery နဲ့ ပတ်သက်တဲ့အုပ်စု အဲဒီလို Group လေးတွေ ခွဲပြီးတော့ အဲဒီ Group တွေကိုလည်းပဲ ပူးပေါင်းပြီး ဆောင်ရွက်ဖို့အတွက် ဒါ လုပ်ပေးရန် လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒါကြောင့်မို့လို့ ဒီအဆိုမှာ မြန်မာနိုင်ငံမှာ SME လုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ နိုင်ငံ့ဝင်ငွေနဲ့ အလုပ်သမားများအတွက် AEC ဝင်ရောက်လာသည့် အခါတွင် SME မူဝါဒမှာ လွန်စွာအရေးကြီးပါတယ်။ မူဝါဒတွင် လိုအပ်တဲ့ ရန်ပုံငွေ၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သားများ ရရှိရေး စသည်တို့ ပါဝင်ကြပါတယ်။ သို့သော် အနှစ်သာရ အပြည့်အဝ ပါရှိသော SME မူဝါဒမှာ အလွန်အရေးကြီးပါတယ်။ ဒါ ကျွန်တော့်အနေနဲ့ အချိန်တစ်နှစ်ထဲမှာ ကျွန်တော်တို့က ဘာတွေဆောင်ရွက်မလဲ။ ဒါတွေဟာ ပြီးလား၊ မပြီးလား။ ဒါတွေ Check and Balance ပြန်ပြီး ကျွန်တော်တို့ Review လုပ်ရပါမယ်။ ဒီဟာတွေ လုပ်ရပါမယ်။

ခုနက ကျွန်တော် ဆွေးနွေးတင်ပြခဲ့သလို SME ဟာ အရင်တုန်းက Focal Point ယူထားတာ၊ အရင်တုန်းက စက်မှု(၂)ကနေပြီးတော့ သူတို့ Focal Point ယူထားပါတယ်။ နောက်တစ်ခါကျတော့ ရွှေ့လျားသွားပါတယ်။ ကျွန်တော်တို့ National Planing က ယူတယ်။ နောက် နိုင်ငံခြားရေးဝန်ကြီးဌာနက ယူတယ်။ အဲဒီလိုပေါ့ ဒီလို အမျိုးမျိုးတွေလည်းပဲ ရွှေ့လျား သွားခဲ့တာတွေ ကျွန်တော် လေ့လာသိရှိရပါတယ်။

ဒါကြောင့်မို့လို့ အတိအကျ Focal Point ယူထားတဲ့နေရာကနေပြီးတော့ ဒီဟာကို သေချာ Review လုပ်ပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်။ ယင်းမူဝါဒအရ SME နဲ့ ဒီ Large Enterprises တွေ လုပ်ငန်းကြီးတွေ ရှေ့ဆက်ဆောင်ရွက်မှု ပုံသဏ္ဌာန် Structure ကို မူဝါဒအားဖြင့် မည်ကဲ့သို့ မူဝါဒအားဖြင့် ဖော်ပေးမည်တို့ကို ထင်ထင်ရှားရှား လက်တွေ့ကျကျ ဖော်ဆောင်ပေးရန်

လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဤအဆိုကို ကျွန်တော် တင်သွင်းခြင်း ဖြစ်ပါတယ်။ လေးစားပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၁၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ရှိပါက ဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၁၄။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွားသော အဆိုအား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် က ထောက်ခံတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ နိုင်ငံတော်နှင့် ပြည်သူ့အတွက် ပါဝင်ပတ်သက်သူအားလုံးအား တိုက်တွန်းသည့် အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က နိုင်ငံတော်နှင့် ပြည်သူ့အတွက် ပါဝင်ပတ်သက်သူ အားလုံးအား တိုက်တွန်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးခင်မောင်ရီ အဆိုတင်သွင်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၄း၁၅။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ညီအစ်ကိုမောင်နှမ အားလုံးကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အဆိုနဲ့ ပတ်သက်လို့ ကျွန်တော့်ထက် ကြီးမားတဲ့ နောင်တော်ကြီးများက မင်းအဆိုက ဘာလဲကွလို့ မေးသလို၊ ညီငယ်များကလည်း အစ်ကိုကြီး အဆို က ပွင့်လင်းမြင်သာမှု မရှိဘူးလို့ ပြောပါတယ်။ အမှန်ကတော့ အခမ်းအနား အစီအစဉ်ထဲမှာ ကျစ်ကျစ်လစ်လစ်ဖြစ်အောင် စကားတိုတိုနဲ့ ရေးလိုက်တဲ့အတွက်ကြောင့် မရှင်းတာ ဖြစ်ပါတယ်။ အခု ဆွေးနွေးလိုက်ရင် ရှင်းသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ဟာ ဒီနေ့၊ ဒီအခြေအနေရောက်အောင် နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ဘက်၊ တစ်နည်းအားဖြင့် အုပ်ချုပ်ရေးအာဏာဘက်က

တော်လှန်တဲ့ အပြောင်းအလဲမျိုးစုံကို ရဲရဲဝံ့ဝံ့နဲ့ လုပ်ခဲ့ရသလို အဲဒီလိုလုပ်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ လွှတ်တော်ကြီးများဘက်က လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းပေးတာ၊ အဟောင်းတွေကို ဖြည့်စွက် ပြင်ဆင်ပေးတာ၊ အတားအဆီးဖြစ်နေရင် ရုပ်သိမ်းပေးတာတွေကို လုပ်ပေးရပါတယ်။ ဒါတင်မက လုပ်သင့်တာတွေကိုလည်း လုပ်ဖြစ်သွားအောင် အဆိုများ တင်သွင်းတိုက်တွန်းခြင်းလည်း လုပ်ပေးရပါတယ်။ ပြည်သူ့အတွက် လိုအပ်ချက်များကိုလည်း မေးခွန်းများအဖြစ် မေးပေးရပါတယ်။ တစ်နှစ်မှာ (၇)လ၊ (၈)လအထိအောင် အချိန်ပေးပြီး ဒီမှာလာနေပြီးတော့ ကိုယ်စားလှယ်ကြီးများ ကြိုးပမ်းဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ ဥပဓိရုပ် အခုလို တိုးတက်လာတာဟာ အာဏာ(၃)ရပ်ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးပြီး အချင်းချင်းအပြန်အလှန် ထိန်းညှိပေးနိုင်ခြင်းသည် အလွန်ထင်ရှားသိသာသော အပြောင်းအလဲတစ်ခု ဖြစ်ပါကြောင်း၊ ဒီအပြောင်းအလဲကြောင့်လည်း နိုင်ငံများအလယ်မှာ တင့်တယ်ခဲ့ပါကြောင်း ကျွန်တော် နံပါတ်တစ် တင်ပြပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်နှင့် ရွေးကောက်ပွဲဝင်ခွင့်ကိစ္စ ပြင်ဆင်ခဲ့ခြင်း၊ အကျဉ်းသားများ သောင်းချီလွှတ်ပေးခဲ့ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး ရရှိပြီးသော အဖွဲ့(၁၀)ဖွဲ့နှင့် ပြည်ထောင်စုအဆင့်အထိအောင် စာချုပ်ချုပ်ဆိုပြီး ထာဝရငြိမ်းချမ်းရေးဆီ တက်လှမ်းဆောင်ရွက်နိုင်ခြင်း၊ ပြည်ပရောက် နိုင်ငံသားများ ပြန်လာအခြေချ နေထိုင်ခွင့်ပေးခဲ့ခြင်း၊ အသင်းအဖွဲ့ မှတ်ပုံတင်ခွင့်များ လွတ်လပ်စွာ ဖြေလျှော့ပေးခဲ့ခြင်း၊ နှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် စာပေစိစစ်ရေး Censorship ဖယ်ရှားပေးခဲ့ခြင်း၊ Freedom of expression အရ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ၊ မီဒီယာကို လွတ်လပ်ခွင့်ပေးခဲ့ခြင်း၊ ဗီဇာအမည်ပျက်စာရင်း ဖယ်ရှားပြီး နိုင်ငံခြားခရီးသွားများအတွက် Visa on Arrival ခွင့်ပြုခဲ့ခြင်း၊ ပြည်တွင်းခရီးစဉ် ကန့်သတ်ချက်များ ရုပ်သိမ်းပေးခဲ့ခြင်း၊ ယာဉ်သစ် တင်သွင်းခွင့်ပြုခဲ့ခြင်း၊ ကုန်သွယ်ရေးဆိုင်ရာမူဝါဒများ ဖြေလျှော့ပေးခြင်း၊ အကောက်ခွန် သက်သာခွင့် ပေးခဲ့ခြင်း၊ အငြိမ်းစားများ ပင်စင်လစာတိုးပြီး ဝန်ထမ်းများ ထောက်ပံ့ကြေး တိုးမြှင့်ခံစားခွင့်ပေးခြင်းနှင့် တောင်သူများကို မြေယာပိုင်ဆိုင်ခွဲစိတ် ရောင်းချပေါင်နှံခွင့်ရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ စပါးစိုက်စရိတ်ကို တစ်ဧက တစ်သိန်းအထိအောင် တိုးပေးခြင်းနှင့် FDI Law များ ပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်းသည် အလွန်ကြီးမား ထင်ရှားသော အပေါင်းလက္ခဏာ အပြောင်း ဖြစ်ပါတယ်။ (၂)နှစ်

မပြည့်မီ အချိန်အတွင်းမှာ ကမ္ဘာက အံ့သြလောက်အောင် မည်သည့်နိုင်ငံ ကမှ အဲဒီလောက် မလုပ်နိုင်သေးတဲ့ ခုန်ပျံကျော်လွှား အပြောင်းအလဲများဖြစ်အောင် (Changes by Leaps and Bounds) ဖြစ်လာကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံဟာ ဒီနေ့ ကမ္ဘာပေါ်မှာ စိတ်ဝင်စားမှုနဲ့ အာရုံစူးစိုက်မှု အခံရဆုံး နိုင်ငံ ဖြစ်လာပြီးတော့ နိုင်ငံတကာ အကြီးအကဲများ၊ အစိုးရပိုင်း တာဝန်ရှိသူများ၊ US, UK, EU နဲ့ အနောက်တိုင်းဘက်က စီးပွားရေးလုပ်ငန်းရှင်များစွာ လာရောက်ခဲ့ခြင်း၊ World Bank, ADB နှင့် IMF ကပုဂ္ဂိုလ်များ လာရောက်ညှိနှိုင်းခြင်း၊ Forum, Workshop, Seminar များ ကျင်းပပြီးတော့ အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ညှိနှိုင်းလာခြင်း၊ သံခင်း၊ တမန်ခင်း သာပြီး၊ သံအမတ်ကြီးအဆင့်နဲ့ တိုးမြှင့်ဆက်ဆံခဲ့မှုများဟာ ကျွန်တော်တင်ပြခဲ့တဲ့ အပြောင်းအလဲ များက ရရှိတဲ့ အသီးအပွင့်များ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အလွန်သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုကတော့ FDI တွေ ဝင်လာခြင်း ဖြစ်ပါတယ်။ ဥပမာ သီလဝါလို ကိစ္စမျိုး၊ ထားဝယ်ကိစ္စမျိုး၊ ရေနက်ဆိပ်ကမ်းလိုကိစ္စမျိုးနှင့် SEZ တွေ၊ နောက် နိုင်ငံတကာ ခရီးသွား များဟာ ရာခိုင်နှုန်း (၂)ဆကျော် တိုးတက်လာခြင်း၊ World Bank, ADB, Paris Club လို နိုင်ငံမျိုးက ကြွေးမြီတွေကို တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးခြင်းနဲ့ ဂျပန်၊ နော်ဝေ ကဲ့သို့ မိတ်ဆွေ နိုင်ငံများက ကြွေးမြီများ လျှော်ပစ်ခြင်း၊ ODA Loan များရတဲ့အတွက်ကြောင့် ကြွေးမြီကိစ္စများ ရှင်းလင်းပြီး နိုင်ငံ့သိက္ခာကို တိုးတက်အောင် မြှင့်တင်နိုင်ခဲ့ခြင်းသည် သိသာထင်ရှားတဲ့ကိစ္စများ ဖြစ်ပါတယ်။

ဒီလောက်ကြီးမားတဲ့ တိုးတက်ပြောင်းလဲမှုတွေ ဖြစ်နေတာကို ပြည်တွင်းမှာနေတဲ့ ကျွန်တော်တို့အနေနဲ့ကတော့ မသိသာဘဲ ဒါ မသိလိုက် မသိဖာသာ ပြောင်းသွားတယ်လို့ ထင်နိုင် ပေမယ့် အပြင်ကကြည့်တဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ အလွန်ထင်သာမြင်သာတဲ့ အပြောင်းအလဲ ဖြစ်ပါတယ်။ ဘောလုံးပွဲကို စင်မြင့်ပေါ်က ကြည့်ရသလို တစ်ကွင်းလုံးကို မြင်နိုင်တဲ့သဘော ရှိပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ နိုင်ငံတွင်းကတော့ ဆယ်စုနှစ်(၅)ခုလောက် တင်းတင်း ကြပ်ကြပ်နဲ့ မပွင့်လင်းတဲ့ အုပ်ချုပ်မှုအောက်မှာ နေခဲ့တဲ့အတွက်ကြောင့် အခုလို ဖြစ်လာခြင်း အပေါ်မှာ အမြင်နှစ်မျိုးနဲ့ မြင်ပါတယ်ခင်ဗျာ။ ပထမအမြင်ကတော့ တည်တည်ငြိမ်ငြိမ်နဲ့ ဒီလို ပြောင်းလဲတာကို အင်မတန် ဂုဏ်ယူတယ်၊ အင်မတန် ဝမ်းသာတယ်၊ ကျေနပ်တယ်၊ ဒီလိုပဲ

တည်တည်ငြိမ်ငြိမ် အိန္ဒြေရရနဲ့ပဲ ဆက်ပြီးဖြစ်စေချင်တယ်။ အားပေးတယ် ဆိုတဲ့ အမြင်ဟာ ပထမအမြင် ဖြစ်ပါတယ်။ ဒုတိယအမြင်ကတော့ ဖွံ့ဖြိုးပြီးသားဖြစ်တဲ့ အခြေကျနေတဲ့ ဒီမိုကရေစီ နိုင်ငံကြီးများကို ကြည့်ပြီးတော့ ပြောင်းလဲတဲ့ဟာကို အားမရသေးဘူး။ ဒီထက်ပိုပြီး ပြောင်းသင့်တယ်၊ ပိုပြင်ပေးရမယ်၊ ပိုဖြေလျှော့ရမယ်၊ ပိုပေးနိုင်ရမယ်၊ ပိုလုပ်ရမယ် ဆိုပြီးတော့ အမြင်လည်း ရှိပါတယ်။ အမြင်နှစ်မျိုး စလုံးဟာလည်း သဘာဝကျပါတယ်ခင်ဗျ။ ဒီနေရာမှာ ကိုယ့်နိုင်ငံရဲ့ အတိတ်သမိုင်းနဲ့ အခုထိ ပြောင်းလဲဖြစ်ပေါ်နေမှုနဲ့ ဒီတိုးတက်ဖြစ်ပေါ် နေတဲ့ကြားက ပေါ်လာတဲ့ စိန်ခေါ်မှုတွေဟာလည်း မေ့ထားလို့ မရဘူးဆိုတာလေး တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီစိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီးတော့ ပြည်တွင်းသာမက ပြည်ပက စိုးရိမ်သောကဖြစ်မှုလေးတွေ ရှိပါတယ်။ အဲဒါကတော့ အဓိကသွားနေတဲ့ ဒီမိုကရေစီ လမ်းကြောင်းများ တိမ်းစောင်းပြီးတော့၊ Derail ဖြစ်ပြီးတော့၊ လမ်းချော်ပြီးတော့ နောက်ကြောင်း ပြန်လှည့်ခြင်း ဖြစ်မလားဆိုတဲ့ မေးခွန်း တော်တော်မေးပါတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးတို့ တာဝန်ပေးလို့ ပြည်ပရောက်စဥ်မှာရော၊ ပြည်ပက ပုဂ္ဂိုလ်များ လာတဲ့အခါမှာရော၊ Media များနဲ့ တွေ့တဲ့အခါမှာရော အမြဲတမ်း မေးတဲ့ မေးခွန်း ဖြစ်ပါတယ်။ စင်စစ်တော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီး၊ ပြည်ထောင်စုအစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ ပြည်သူလူထု၊ တိုင်းရင်းသားလူမျိုး အားလုံးတို့က သွားမယ့်ခရီးနဲ့ ပတ်သက်လို့ မမှိတ်မသုန် လက်တွဲ မဖြုတ်စတမ်း ချီတက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်တော့ ရှိပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ဘက်ကိုယ် ယုံနေရုံနဲ့ မပြီးဘဲနဲ့ ကမ္ဘာတစ်ခုလုံးက စိတ်ချယုံကြည်ဖို့ လိုပါတယ်။ တကယ်တမ်း ဆန်းစစ်ကြည့်ရင် ဒီလို လမ်းကြောင်းသွေဖည်သွားအောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်က ပြည်ပက မလုပ်နိုင်ပါဘူး။ ပြည်တွင်း အင်အားစုများကသာလျှင် ဒါကို ဖြစ်နိုင်တဲ့အတွက်ကြောင့် ဒါကို ကျွန်တော် ဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ စိန်ခေါ်မှုကြီးထဲက အဓိက(၄)ခုပဲ ကျွန်တော် တင်ပြပါ့မယ်။ (၁)ကတော့ ရခိုင်ပြည်နယ် ပဋိပက္ခများကိစ္စနဲ့ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ ဘင်္ဂါလီများနဲ့ သူတို့ရဲ့ နိုင်ငံသားဖြစ်မှုကိစ္စ၊ ဘယ်တုန်းကမှ မရှိဘဲနဲ့ လုပ်ယူတင်ပြလာတဲ့ ရိုဟင်ဂျာကိစ္စ၊ ဒီပြဿနာဟာ ပထမဆုံး Issue ဖြစ်ပါတယ်။ ဒီကိစ္စဟာ နိုင်ငံတော်ဘက်က ပေါ့ပေါ့တန်တန် ကိုင်လို့မရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့်

ဒေသတစ်ခု တည်ငြိမ်ရေးအတွက် တပ်ရင်း(၅၁)ရင်းလောက်နဲ့ ရဲအင်အား အလုံအလောက် သုံးပြီး ထိန်းထားရတယ်ဆိုတာလည်း အားလုံးသိပါတယ်။ ရေတို၊ ရေရှည် စီမံချက်တွေ၊ အစီအမံတွေ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းသာမက နိုင်ငံတကာ စံနှုန်းနဲ့ပါ ကိုင်တွယ်ရတာတွေ ဖြစ်ပါတယ်။ လမ်းကြောင်းများ သွေဖည်သွားခဲ့ရင် အိမ်နားနီးချင်း တစ်ဖက်နိုင်ငံနဲ့ပါ ထိတွေ့မှုဖြစ်မယ်။ အဲဒီအခါမှာ ကမ္ဘာကို၊ ကုလသမဂ္ဂကို ဘာသာရေးတွေ၊ လူမျိုးရေး Issue တွေနဲ့ တင်လာမယ့်ကိစ္စတွေ ရှိပါတယ်။ ကျွန်တော်တို့ ASEAN Parliament မှာတောင် ဥက္ကဋ္ဌကြီးရဲ့ ကြိုတင်မြော်မြင်မှုကြောင့် ဒါ မတင်ဖြစ်တာ ဖြစ်ပါတယ်။ ဒီလိုသာ ဖြစ်လာမယ်ဆိုရင် ကျွန်တော်တို့ဟာ မမျှော်လင့်နိုင်တဲ့ ပဋိပက္ခတွေ ထပ်ဖြစ်ပြီးတော့ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာနိုင်ပါတယ်။ ဒီလိုများ အဲဒီ လမ်းကြောင်းဘက်ကို ဦးတည် သွားမယ်ဆိုရင် ရထားတဲ့အေးချမ်းမှုကနေပြီးတော့ အခြေခံဥပဒေအရ အရေးပေါ် ကြေညာ ထားရာကနေ ဒီထက်ပိုပြီး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်လာ ရမယ်ဆိုရင် လိုလားတဲ့လမ်းကို ရောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အဲဒီဒေသမှာ ရှိနေတဲ့ Stakeholders ပါဝင်ပတ်သက်သူ အားလုံးက မျှမျှတတ ထိန်းဖို့လိုတဲ့သဘော ဖြစ်ပါတယ်။

ဒုတိယကတော့ ကချင်ပြည်နယ် ပဋိပက္ခကိစ္စဖြစ်ပါတယ်။ အဲဒီမှာ ဆက်သွယ်ပါလာ တာကတော့ IDP လို့ခေါ်တဲ့ အိုးအိမ်တွေကို ပစ်သွားနေရတဲ့ ဒုက္ခသည်တွေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စ ဖြစ်ပါတယ်။ အစပိုင်းကတော့ အပစ်အခတ်ရပ်စဲဖို့ နိုင်ငံတော်ဘက်က ကမ်းလှမ်း တောင်းဆိုပါတယ်။ အကြောင်းကြောင်းကြောင့် တုန့်ပြန်မှုမရှိသေးတဲ့အတွက်ကြောင့် (၁၁)ကြိမ်လောက် အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်းသော်လည်း အကျိုးပေးအရာ မထင်ဘဲနဲ့ လက်နက်ကို လက်နက်ချင်းပဲ တုန့်ပြန်တဲ့အတွက်ကြောင့် ဒေသခံပြည်သူ တစ်သိန်းလောက် IDP ဖြစ်လာ ပြီးတော့ ဒုက္ခ ခံစားရတာတွေ၊ အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်း၊ တံတား၊ ဓာတ်အား လိုင်းတွေ စသည်ဖြင့် စက်ရုံတွေ သန်းထောင်ချီပြီး ပျက်စီးခဲ့တာတွေ၊ နှစ်ဖက်လက်နက်ကြောင့် ထိခိုက်သေကြေ ဒဏ်ရာရတာတွေ၊ နောက်ဆုံး UN နဲ့ နိုင်ငံတကာက ပူပင်ရတဲ့အဆင့် ရောက်လာပါတယ်။ အခုတော့ရင် အပစ်အခတ် ရပ်စဲရေးဆိုတဲ့ နိုင်ငံတကာ စံနှုန်းအရ အဓိက လိုအပ်ချက်ကို နှစ်ဖက်လုံးက အညီအညွတ် လက်ခံလိုက်တဲ့အတွက်ကြောင့် ရက်ပိုင်းအတွင်း မှာပဲ နေ့စွဲနဲ့ပြောရရင် ၄-၂-၂၀၁၃ မှာပဲ တရုတ်နိုင်ငံမှာ ရွှေလီမှာ ကျွန်တော်တို့ နှစ်ဖက် ဆွေးနွေးရေး စားပွဲမှာ ထိုင်နိုင်ပါပြီ။ ထိုင်ပြီးတဲ့အခါမှာ ပထမဆုံးသော သဘောတူညီချက်ကို

လည်း ထုတ်ပြန်နိုင်ပါပြီ။ အဲဒီနောက်မှာလည်း သေနတ်သံတွေ တိတ်ဆိတ်သွားခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့် အင်မတန် ဂုဏ်ယူဝမ်းသာဖွယ် ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ပါဝင်ပတ်သက်တဲ့ Stakeholders က နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ KIA, KIO နဲ့ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်ကြီးများ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင်ပါ။ နောက် ဒေသခံတွေအားလုံးရဲ့ ပြင်းပြတဲ့ဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်တယ်ဆိုတာကို မြင်ရမှာ ဖြစ်ပါတယ်။

တတိယစိန်ခေါ်မှုကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနဲ့ နှစ်နိုင်ငံ Multilateral and Bilateral သဘောတူညီမှုဖြင့် ယခင်အစိုးရလက်ထက်ကတည်းက စတင်လုပ်ခဲ့တဲ့ စီမံကိန်းကြီးများနဲ့ ၎င်းတို့ကြောင့် ပတ်ဝန်းကျင်ပေါ်မှာ ထိခိုက်ပါတယ်ဆိုတဲ့ EIA, HIA, SIA ကိစ္စဖြစ်ပါတယ်။ ဒီ Issue ကတော့ ယခင်အစိုးရလက်ထက်တုန်းက နိုင်ငံတော်ကို အချိန်တိုအတွင်းမှာ အရှိန်အဟုန်နဲ့ တိုးတက်ဖို့ဆိုပြီးတော့ အဓိကလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ပေါ့၊ လျှပ်စစ်ရဖို့အတွက် ကျွန်တော်တို့ ကျောက်မီးသွေး၊ ရေအား၊ သဘာဝဓာတ်ငွေ့ ဒီကိစ္စတွေ၊ နောက်တစ်ခါ စက်မှုကုန်ကြမ်းရဖို့အတွက် သတ္တုတူးဖော်တဲ့ကိစ္စတွေ၊ ဒီကိစ္စတွေ လုပ်ဖို့အတွက် ထိုအချိန်က အနောက်ကမ္ဘာက ကိုယ့်ကို ပိတ်ထားတာဖြစ်တဲ့အတွက်ကြောင့် ကိုယ်နဲ့ ပူးပေါင်းဆောင်ရွက်လိုစိတ်နဲ့ ရင်းနှီးမြှုပ်နှံလိုစိတ်ရှိတဲ့ ဆန္ဒရှိတဲ့ PRC ခေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံတစ်ခုတည်းနဲ့ အများစု ချုပ်ဆိုထားတဲ့ စာချုပ်ကြီးများအရ အကောင်အထည်ဖော်တဲ့ စီမံကိန်းတွေ ဖြစ်ပါတယ်။ အခုလို ပွင့်လင်းမြင်သာလာတဲ့ နိုင်ငံတော်ခေတ်ကျတော့ ဒါကြီးတွေနဲ့ ပတ်သက်ပြီးတော့ တစ်ချိန်တုန်းက လိုအပ်တဲ့ EIA, HIA, SIA စူးစမ်းမှုတွေ မပြည့်စုံဘူး။ ကြိုတင် ကာကွယ်မှုအစီအစဉ် မရှိဘူးဆိုတဲ့ Development and Environment ဒီကိစ္စနှစ်ခုဟာ ရင်ဆိုင်တွေ့ပါတယ်။ ကျွန်တော် အရင်တုန်းက တင်ပြဖူးတဲ့ Economy Versus Ecology ဆိုတဲ့ Issue တစ်ခု ဖြစ်ပါတယ်။ ဒါတွေကို ချက်ချင်းရပ်ပစ်လိုက်လို့ ပြောရင်တော့ နိုင်ငံတကာ သဘောတူညီချက်ကို ချိုးဖောက်ရာရောက်ပါတယ်။ နစ်နာကြေးတွေ နင့်နေအောင် ပေးရမယ့်သဘော ရှိပါတယ်။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတွေ ထိခိုက်ပါမယ်။ မကောင်းတဲ့ အကျိုးဆက်တွေ ပေါ်လာပါ့မယ်။ အဆိုးဆုံးကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမှာ ကြီးစွာသော အဟန့်အတား ဖြစ်ပြီးတော့ နောင်ဝင်လာနိုင်တဲ့ FDI များအတွက် ယုံကြည်မှု ပျက်ပြားကာ အနုတ်လက္ခဏာ ဆောင်ဖို့ရှိပါတယ်။ ကိုယ့်တိုင်းပြည်က Gas တွေ ထွက်တာပဲ။ သူများ ရောင်းပစ်တယ်။ ဒါကြောင့်မို့လို့ Gas Turbine တွေနဲ့ လည်ပါလားလို့

မေးရင် တစ်နေ့ကပဲ လျှပ်စစ်ပြည်ထောင်စုဝန်ကြီး ရှင်းသွားတာ ရှိပါတယ်။ Gas Turbine နဲ့ ထုတ်ရင် တစ်ယူနစ် (၁၅ဝိ/-) ဆိုရင် ပြည်သူလူထု မခံနိုင်ပါဘူး။ အဲဒါကို Subsidize လုပ်ပါဆိုရင် နိုင်ငံ့ဘဏ္ဍာလည်း မခံနိုင်ပါဘူး။ ဒါကြောင့် Gas ကိုရောင်းပြီး ရေအားလျှပ်စစ် ထုတ်တယ်ဆိုတာလည်း အားလုံး သိပြီး ဖြစ်ပါတယ်။ ရေအားလျှပ်စစ် စီမံကိန်းဟာ စောစောက Issue တွေကြောင့် ကြန့်ကြာမှု ဖြစ်ရင်လည်း လျှပ်စစ် လုံလောက်ရေးနဲ့ တစ်ခါ ထပ်ပြီးဝေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒင်္ဂါး တစ်ခုရဲ့ မျက်နှာပြင် နှစ်ဘက်လိုပဲ နေရာတိုင်းမှာ၊ ကိစ္စတိုင်းမှာ အမြင်နှစ်ခုရှိတယ်ဆိုတာ သဘာဝကျပါတယ်။ ဒါတွေကို ဖြေရှင်းဖို့ကတော့ Stakeholders ဖြစ်တဲ့ နိုင်ငံတော်နဲ့ ပြည်သူပဲ လုပ်နိုင်မှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှု၊ ဖြေလျှော့မှု တွေလုပ်၊ အများပြည်သူ နစ်နာမှုရှိရင် ဖြေရှင်းပေး၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို အနည်းဆုံးဖြစ်သွားအောင် ပြန်လည် ဖြေရှင်းနိုင်ပါမှ အစစပြေလည် ချောမောမှာ ဖြစ်ပါတယ်။

နောက်ဆုံး စိန်ခေါ်မှုကြီးကတော့ စက်ရုံ၊ အလုပ်ရုံ၊ စီမံကိန်းကြီးတွေမှာ လုပ်သားများ ဆန္ဒပြမှု၊ နိုင်ငံအနှံ့ အကြောင်းကြောင်းနဲ့ ဆန္ဒဖော်ထုတ်မှု၊ ပြဿနာဖြစ်ရင် အုပ်စုနဲ့ဖြေရှင်းလိုတဲ့ ဦးတည်ချက်ဖြစ်ပါတယ်။ ဒီလိုလုပ်တာဟာ အခြေခံဥပဒေကပေးထားတဲ့ နိုင်ငံသားရဲ့ မူလ အခွင့်အရေးလို့ ပြောရင်လည်း မှန်ပါတယ်။ ဒီမိုကရေစီ အလေ့အထလို့ ပြောရင်လည်း မှန်ပါတယ်။ သို့သော် အဲဒီအခြေခံဥပဒေအရ ထုတ်ပြန်ထားတဲ့ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုတဲ့ ဥပဒေ၊ နည်းဥပဒေကိုလည်း တိကျစွာ လိုက်နာဖို့လည်း ပြည်သူမှာ တာဝန်ရှိပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ တစ်ဖက်ဖက်က လွန်ကဲသွားရင် ဥပဒေအရ Law Enforcement ထိန်းသိမ်းရတဲ့ အဖွဲ့အစည်းတွေနဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ တွေ့ပြီးတော့ မလိုလားအပ်တဲ့ အကျိုးဆက်တွေ ပေါ်လာရင် ဒီမိုကရေစီ ဖြစ်ထွန်း ခိုင်မာရေး လမ်းကြောင်းမှာ အဖုအထစ် ထပ်ပေါ်မှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်ခဲ့ရင် ရင်းနှီးမြှုပ်နှံမယ့် သူတွေက မဝင်ရဲ ဖြစ်မယ်။ ကိုယ့်တိုင်းရင်းသားလုပ်ငန်းရှင်တွေက မဝံ့မရဲဖြစ်တဲ့ အချိန်မှာ ၂၀၁၅ AFTA အရ အာဆီယံက ရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်လာမယ်ဆိုရင်လည်း ကိုယ့်နိုင်ငံသား လုပ်ငန်းရှင်ပဲ နစ်နာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရယူလိုတဲ့ တောင်းဆိုမှု တစ်ဖက်ရှိပါတယ်။ ပေးရန်တာဝန်ရှိတဲ့ အစိုးရနဲ့ လုပ်ငန်းရှင်ဆိုတာ တစ်ဖက် ရှိပါတယ်။ အဲဒီလို ပါဝင်ပတ်သက်တဲ့ Stakeholders နှစ်ဖက်ဟာ သူ့ဘက်ကိုယ့်ဘက်ကို မျှမျှတတအမြင်နဲ့ ကြည့်ပြီးတော့ ပြဿနာကို ချဉ်းကပ်ပြီးတော့ ညှိနှိုင်းပူးပေါင်း အပေးအယူ လုပ်မှသာလျှင် Win Win Solution

ဖြစ်မယ်လို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ အဲဒီ Stakeholders လို့ပြောခဲ့တဲ့ ပါဝင်ပတ်သက်သူဆိုတဲ့ ခေါင်းစဥ်ထဲမှာ အကြီးဆုံးကတော့ လွှတ်တော်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များဟာ နိုင်ငံတော်အစိုးရနဲ့ ထိတွေ့ပြီးတော့ ကျွန်တော့်တို့က ဒီလိုဘေးတိုက် ဆက်ဆံပြီးတော့ ကျွန်တော်တို့က လိုအပ်သလို ညှိနှိုင်းခွင့်ရှိတယ်။ ကိုယ် ကိုယ်စားပြုတဲ့ နိုင်ငံရေး ပါတီကို ပြန်ညှိနှိုင်းလို့ရတယ်။ ကိုယ် ကိုယ်စားပြုထားတဲ့ မဲဆန္ဒရှင် ပြည်သူတွေနဲ့ ထိတွေ့ခွင့် ရှိတယ်။ Civil Societies တွေ၊ NGO, INGO တွေနဲ့လည်း ညှိနှိုင်း ဆွေးနွေးခွင့်တွေ ရှိပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများသည် Stakeholders ထဲမှာ အရေးအကြီးဆုံး Stakeholders ဖြစ်တယ်ဆိုတာကို တင်ပြလို ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် နိုင်ငံတော်အစိုးရရဲ့ အခြေအနေကိုလည်း အရှိအတိုင်း၊ အမှန်အတိုင်း မြင်ထားဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ လက်ရှိနိုင်ငံတော် အစိုးရသစ်မှာ ယခင်အစိုးရများရဲ့ Legacy လို့ခေါ်တဲ့ အမွေခံထားရတဲ့၊ ဆက်ခံထားရတဲ့ တာဝန်ပိုင်းများစွာ ရှိပါတယ်။ ပထမတစ်ခုက အရင်တုန်းက အခြေအနေအရ လုံခြုံရေး တင်းကြပ်တာ၊ သတင်း ထိန်းချုပ်တာ၊ နိုင်ငံရေးလွတ်လပ်ခွင့်ပိတ်ထားတာ၊ အသင်းအဖွဲ့လှုပ်ရှားမှု ကန့်သတ်တာ၊ Media ချုပ်ကိုင်မှုနှင့် အမိန့်အာဏာနဲ့ အုပ်ချုပ်ခဲ့တဲ့ အခြေအနေများ၊ အဲဒီအခြေအနေများ အပေါ်မှာ ဒီနေ့ပြန်လည်တုန့်ပြန်မှုတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေကို ဖြေရှင်းနေရခြင်း၊ ဒုတိယက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်ခုတည်းကိုပဲကြည့်ပြီး အမြန်လုပ်ခဲ့တဲ့ကိစ္စတွေ၊ အဲဒီကိစ္စတွေ ကနေ သဘာဝဝန်းကျင်နဲ့ ဒေသခံပြည်သူတွေပေါ်မှာ သက်ရောက်မှုတွေကို သေချာစွာ မကြည့် နိုင်ခဲ့တာ၊ Transparency မရှိတဲ့ စီမံကိန်းတွေနဲ့ စီမံခန့်ခွဲမှု အားနည်းတာ၊ ထပ်ဆင့်ပြီး တာဝန်ရှိသူအချို့ရဲ့ ကိုယ်ကျိုးရှာတဲ့ကိစ္စတွေလည်း ဖြေရှင်းပေးနေရပါတယ်။ တတိယအချက် ကတော့ တရားစီရင်ရေးအပေါ်မှာ အုပ်ချုပ်ရေးအာဏာက လွှမ်းမိုးခဲ့တာ၊ ဥပဒေကဲ့သို့ အာဏာ တည်တဲ့ အမိန့်တွေ ထုတ်ပြန်ပြီး အုပ်ချုပ်ခဲ့ရတာ၊ လုံခြုံရေးအရ အကျဥ်းနည်းနဲ့ စီရင်စစ်ဆေးခဲ့ ရတာတွေအပေါ်မှာ တုန့်ပြန်ချက်တွေကိုလည်း အခုဖြေရှင်းနေရတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ UMEHL နဲ့ MEC ကဲ့သို့ တပ်မတော်ရဲ့ စီးပွားရေးလုပ်ငန်းကြီး များအပေါ်မှာ အမြင်မရှင်းတာနဲ့ အခွင့်ထူးခံစီးပွားရေးစနစ်ဆိုတဲ့အပေါ်မှာ အမြင်မရှင်းတဲ့ ပြဿနာလည်း ဖြေရှင်းနေရပါတယ်။ နောက်တစ်ချက်က ဝန်ထမ်းအပေါ်မှာ သံမဏိစည်းကမ်းနဲ့

ကွပ်ကဲရခြင်းနဲ့ အထက်အရာထမ်းပိုင်းနေရာတွေကို တိုက်ရိုက်ဝင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဝန်ထမ်းများ စိတ်ဓာတ်ပျက်ပြားတဲ့ကိစ္စလည်း ရှင်းနေရပါတယ်။

နောက်ဆုံးအချက်ကတော့ အစိုးရဟောင်းလက်ထက်က ဘတ်ဂျက်လိုငွေ ကြီးစွာဖြစ်ပေါ်နေမှုနဲ့ ၁၉၈၈ ခုနှစ်ရှေ့ပိုင်းကတည်းက တင်တဲ့ကြွေးမြီကိစ္စများ၊ အဲဒီငွေကြေးပြဿနာများနဲ့ ပတ်သက်ပြီး ငွေစက္ကူရိုက်ထုတ်ပြီး ဖြေရှင်းတဲ့အတွက်ကြောင့် ငွေကြေးဖောင်းပွမှုပြဿနာများကိုလည်း နိုင်ငံတော်အစိုးရက ဖြေရှင်းရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအစိုးရ ဘယ်လိုဖြေရှင်းနေပါသလဲ။ လွှတ်တော်ကြီးများရဲ့ ဥပဒေ အကာအကွယ်နဲ့ ကျားကန်ထောက်ပံ့ထားမှုဖြင့် နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အုပ်ချုပ်ရေးအာဏာပိုင်ဘက်က အထက်ပါ ပြဿနာအစုံကို အပြုသဘောနဲ့ ရှုမြင်ချဉ်းကပ်ပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲဖြေရှင်းပေးနေပါတယ်။ လုပ်ရန်လည်း များစွာ ကျန်နေတာ အားလုံးသိပါတယ်။ လုပ်တာကိုလည်း ကမ္ဘာက အသိအမှတ်ပြုပါတယ်။ တည်ငြိမ်စွာ အဆင့်ဆင့် ပြောင်းလဲမှုဖြစ်တဲ့ Evolution ဖြစ်စဉ်မျိုးနဲ့ ချဉ်းကပ်နေခြင်း ဖြစ်ပါတယ်။ Revolution လို အချိန်တိုအတွင်းမှာ လုံးဝပြောင်းပြန်လှန်ပြောင်းမယ်ဆိုရင် အလွန်အန္တရာယ်ကြီးကြောင်း တင်ပြလိုပါတယ်။ လွှတ်တော်ရဲ့သက်တမ်း ကျန်တဲ့(၃)နှစ်က အလွန်အရေးကြီးပါတယ်။ အခု ဆွေးနွေးနေကြတဲ့ တတိယ(၅)နှစ်စီမံကိန်း၊ ကာလတိုစီမံကိန်းရဲ့ ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဖြည့်ဆည်းနိုင်ပါမှ စီးပွားရေးအခြေခိုင်ပြီး နောင်သက်တမ်းများအတွက် စိတ်ချရမှာဖြစ်ပါတယ်။ ဒါလေးကိုလည်း ရှင်းလင်းပြတ်သားစွာ မြင်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ လွှတ်တော် အတွင်း/အပြင် တင်ပြတောင်းဆိုမှု အခြေအနေတွေကို ပြန်ကြည့်ရင် ကိုယ်စားလှယ်ကြီးတွေကလည်း ကိုယ်စားပြုထားတဲ့ မဲဆန္ဒရှင်များရဲ့ အလိုအရ၊ ဆန္ဒအရ ပြည်သူ့အသံကို နားထောင်၊ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပြီးတော့ မိမိတာဝန်အတိုင်း လွှတ်တော်ထဲမှာ ဖြည့်ဆည်း၊ ပြုပြင်၊ ထောက်ပံ့၊ ဖြေလျှော့ရမယ့် ကိစ္စမျိုးစုံကို တင်သွင်းတောင်းခံပါတယ်။ အခု အမျိုးသားစီမံကိန်း ဆွေးနွေးတာကိုကြည့်ရင် သိနိုင်ပါတယ်။

လွှတ်တော် ပြင်ပမှာလည်း ပြည်သူတွေက မပြည့်စုံမှုနဲ့ လိုအပ်ချက်မျိုးစုံကို တောင်းပါတယ်။ တန်ဖိုးနည်း လက်ကိုင်ဖုန်းမှသည် တန်ဖိုးနည်းအိမ်ရာထိအောင် တောင်းဆိုမှုတွေ ရှိပါတယ်။ ချုပ်ကြည့် လိုက်ရင် (၄)ချက်ပဲ မြင်ပါတယ်။ (၁) နိုင်ငံတော်ဘက်က ပေးစရာရှိတာတွေ

ဒီထက် ပိုပေးဖို့၊ (၂) ကိုယ့်ဘက်က ပေးရမယ့် တာဝန်ပိုင်းကို ဒီထက်ပိုပြီး လျှော့ပေးဖို့၊ တတိယ အချက် ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းစည်းမျဉ်းတွေကို ဖြေလျှော့ပေးဖို့နဲ့ နောက်ဆုံး အစစ အရာရာမှာ အစိုးရဘက်ကပဲ သည်းခံစိတ်ရှည် ခွင့်လွှတ်ဖို့ဆိုတဲ့ အချက်(၄)ချက်ကို သွားတွေ့မှာ ဖြစ်ပါတယ်။ ဒါဖြင့်ရင် စဉ်းစားရမယ့်အချက်တော့ ရှိလာပါပြီ။ အဲဒီအချက်က နိုင်ငံတော်အနေနဲ့ ဒီလို အနုတ်ပြ၊ လိုငွေ ပြနေတဲ့အမွေကို ကိုင်ပြီးလုပ်ရတဲ့အခါမှာ အဲဒီက ရှိခဲ့တဲ့ အကြွေးတွေ၊ လက်ရှိ ဖွံ့ဖြိုးရေး ရည်မှန်းချက်နဲ့ ရေးဆွဲထားတဲ့ Ambitious အဖြစ်နဲ့ ရည်မှန်းထားတဲ့ စီမံကိန်းကြောင့် ထပ်ပေါ်လာမယ့် လိုငွေတွေ၊ အဲဒီပေါ်မှာမှ ထပ်ပြီး အခွန်အကောက်တွေ လျှော့ပေးပြီး ပေးစရာရှိတာတွေ ပိုပေးရင် နောက်ထပ် လိုငွေပြနိုင်မယ်ဆိုတဲ့ အချက်တစ်ချက်၊ ပြည်ပကြွေးမြီ ဟာလည်း လုံးဝကြေသွားတာ မဟုတ်ပါဘူးခင်ဗျ။ အချိုးအစားတစ်ခုကို ပေးဆပ်ဖို့ ဂျပန် လို၊ နော်ဝေ လို မိတ်ဆွေနိုင်ငံတွေက လျှော့ပေးတာနဲ့ ODA Loan ရလို့ World Bank, ADB နဲ့ Paris Club ကျွန်တော်တို့ ရာနှုန်းတစ်ခု ပေးဆပ်နိုင်ရုံပဲ ရှိပါသေးတယ်။ အဲဒီ အတွက်လည်း အကြွေး ထပ်ယူထားပါတယ်။ အကြွေးပေါ် အကြွေးထပ်နေတာရှိပါတယ်။ နောက်တစ်ခါ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း မလိုက်နာဘူးဆိုရင်လည်း အရေးယူမှု ပြုရတာတွေ ရှိပါတယ်။ ဒါ အစိုးရရဲ့ တာဝန်ပါ။ Freedom of Expression ကိုလည်း Ethic တို့ Code of Conduct တို့နဲ့ ထိန်းထိန်းသိမ်းသိမ်း မကျင့်သုံးရင် ဥပဒေအရ အရေးယူရတာတွေ ရှိပါတယ်။ လူအုပ်စုနဲ့ ဖြေရှင်းတာမျိုးတွေဖြစ်လာရင်လည်း တည်ငြိမ်အေးချမ်းမှုအတွက် မဖြစ်မနေ နှိမ်နင်းရတာတွေလည်း ရှိပါတယ်။ ဒါတွေ ရှိမယ်ဆိုတဲ့ အကြောင်းနဲ့ အကျိုးကို ကြိုသိထားမယ်ဆိုရင် မဖြစ်စေချင်တာကို မဖြစ်ဖို့အတွက်ဆိုရင် Stakeholders အားလုံး ကျွန်တော်ပြောခဲ့တဲ့ Stakeholders ပါဝင်ပတ်သက်သူအားလုံးဟာ ကိုယ့်ဘက်ကကိုယ် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်မယ်။ အိမ်နားနီးချင်း၊ ဒေသတွင်း၊ နိုင်ငံတကာ နားလည်မှုပျက်ပြားမယ့်ကိစ္စတွေ၊ နိုင်ငံ့သိက္ခာ ထိမယ့် Issue တွေ ပါမလာအောင် ရှောင်ရှားဖို့လိုတယ်ဆိုတဲ့ အမြင်ရှိဖို့ စဉ်းစားစေချင်ပါတယ်။

အဓိက ဦးထိပ်ထားရမှာ (၅)ခုပဲ ရှိပါတယ်။ (၁) နိုင်ငံတော် (၂) သန်း(၆၀)သော ပြည်သူလူထု (တိုင်းရင်းသားပေါင်းစုံ ပါဝင်ပါတယ်)။ (၃) အမျိုးသားရေးအကျိုးစီးပွားနဲ့ လုံခြုံရေး၊ (၄) အခြေခံဥပဒေရေးနဲ့ (၅) က တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးပဲ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဆိုရင် အဲဒီလို ဦးထိပ်ထားရမယ့် အလွန်ကျယ်ပြန့်ကြီးမား

မွန်မြတ်တဲ့ အမြင်နဲ့ ကြည့်လိုက်မယ်ဆိုရင် ကိုယ့်ရဲ့ပြဿနာလေးဟာ အလိုလိုနေရင်း သေးငယ်သွားတယ် ဆိုတာလေးကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ ကျွန်တော် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ တစ်ဒေသကို ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော်တင်ပြခဲ့သလို နိုင်ငံတော်အပါအဝင် Stakeholders အားလုံးကို ဆိုလိုခြင်းဖြစ်ပါတယ်။

ဒီလိုကြည့်လိုက်တဲ့အခါမှာ နောက်ကြောင်းပြန် ကိစ္စတွေ၊ အာဃာတတွေ၊ ပုဂ္ဂိုလ်ရေး မကျေနပ်မှုတွေ၊ ပြည်ပထိုးနှက်မှုတွေ၊ အဖျက်လုပ်ငန်းတွေ ပါမလာအောင် သတိထားရှောင်ရှားပြီးတော့ အားလုံးပါဝင်တဲ့ All Inclusive ဖြစ်မယ့် အစီအစဥ်များ ပေါ်ထွန်းလာရေးအတွက် အားလုံးက စိတ်ရှည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ မိသားစုစိတ်ဓာတ်၊ သွေးစည်းညီညွတ်မှု၊ အသိတရား သတိတရားကြီးစွာနဲ့ တည်တည်ငြိမ်ငြိမ် ချဥ်းကပ်ဖြေရှင်းဖို့ လိုပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလိုဖြစ်ဖို့အတွက် Stakeholders အားလုံးရဲ့ အချုပ်ဖြစ်တဲ့ လွှတ်တော်ကြီးက ကျန် Stakeholders များကို ထိတွေ့ညှိနှိုင်း စည်းရုံးသွားဖို့ လိုပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့ အဆိုဖြစ်သော နိုင်ငံတော်ကြီးရဲ့ ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်၊ ပြည်သူ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လူမျိုးစုများ၊ မီဒီယာများ၊ အရပ်ဖက် အဖွဲ့အစည်းများ စသော ပါဝင်ပတ်သက်သူ အားလုံးက နိုင်ငံတော်နဲ့ ပြည်သူအတွက် ဟူသော အမြင့်မားဆုံးရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကာ သတိတရားကြီးစွာနဲ့ ချီတက်သွားကြပါရန် ပါဝင်ပတ်သက်သူ Stakeholders အားလုံးအား အလေးအနက် တိုက်တွန်းပါကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၄။**

**ဦးသက်လင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခင်မောင်ရီ တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော် ဦးသက်လင်း က ထောက်ခံပါတယ်။

**အချိန်၊ ၁၄း၃၅။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ရီ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံတော်နှင့်ပြည်သူ့အတွက် ပါဝင်ပတ်သက်သူ အားလုံးအား တိုက်တွန်းတဲ့ အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါ သလားခင်ဗျား။

**အချိန်၊ ၁၄း၃၅။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခင်မောင်ရီ ရဲ့ အဆို တင်သွင်းခြင်းဟာ ကျယ်ပြန့်လှစွာ ဆွေးနွေးတဲ့အပေါ် မှာတော့ အင်မတန် ကောင်းပါတယ်။ သို့သော် ကျွန်တော်တို့ ဒီဥစ္စာကို ဘယ်ခေါင်းစဉ်ကို ဆွေးနွေးရမယ်ဆိုတာ သဲသဲကွဲကွဲဖော်ပြရင် ကျွန်တော်တို့ ထောက်ခံဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ ပါဝင်ပတ်သက်နေသူ အားလုံး အားဆိုတဲ့ တိုက်တွန်းတဲ့အခါမှာ ဘာတစ်ခု စကားလုံးကြားထဲမှာ ဘာကို တိုက်တွန်း သလဲ ဆိုတာ ယေဘုယျအားဖြင့် ဆွေးနွေးသွားပါတယ်။ ဒါပေမယ်လို့ အကြောင်းပြတစ်ခုခု မပါဘဲနဲ့ ဘာကို ဆွေးနွေးရမလဲဆိုတာ ကျွန်တော်တို့ ထောက်ခံဆွေးနွေးရင်လည်း ဘာကို ဆွေးနွေးရမှာ တိတိကျကျ ဖော်ပြသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။

နောက်တစ်ခုက သူက အားလုံးခြုံ ပြောတဲ့အခါမှာ ရခိုင်ကိစ္စ၊ KIA ကိစ္စလည်း ပါဝင် ပတ်သက်လာတဲ့အတွက် ဒီဥစ္စာကို ဖွင့်ဆွေးနွေး တဲ့အခါမှာ ကျွန်တော်တို့ အားလုံးကလည်း ဒီဥစ္စာကို ကိုယ်လိုချင်ရာကို ဆွေးနွေးကြမှာ ဖြစ်တဲ့အတွက် ဒီအရင်က ဒေါက်တာအေးမောင် အဆို တင်သွင်းသွားတဲ့ စီမံခိုင်မာတဲ့ နိုင်ငံတော်မှာ မဟာဗျူဟာမြောက်စီမံချက် ရှိပါသလား ဆိုတာဟာမျိုးတွေလည်း နည်းနည်းဆက်နွယ်နိုင်တယ်။ ဒါကြောင့် ဒီအဆိုဟာ သဲသဲကွဲကွဲ

ဖြစ်အောင် ဒီခေါင်းစဉ်ကို သဲသဲကွဲကွဲဖြစ်အောင် ပြန်လည်ပြုပြင်သင့်ပါကြောင်း ကျွန်တော် တင်ပြပါတယ်။

**အချိန်၊ ၁၄း၃၇။**

**ဥက္ကဋ္ဌ။** ။ မှန်ပါတယ်။ ခေါင်းစဉ်ကို နည်းနည်းချုံ့နိုင်သမျှ ချုံ့ပြီး ပြန်ဆွဲလေ။ ဒီခေါင်းစဉ်ကို၊ အဲဒီတော့ နောက်ဆုံးဖတ်သွားတဲ့ ခေါင်းစဉ်ရှိတယ် မဟုတ်လား။ နိုင်ငံတော်နှင့် ပြည်သူအတွက် ပါဝင်ပတ်သက်သူအားလုံးအား၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုး တစ်ခုတည်းကိုသာ ဦးတည်၍ဟုတ်လား။ အဆို ဖတ်ပြလေ။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဟုတ်ကဲ့။ ကျွန်တော် နောက်ဆုံးတင်တဲ့ အချက်ကလေးက အဓိကပါခင်ဗျ။ နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးနိုင်သော -----

**ဥက္ကဋ္ဌ။** ။ ခဏနေဦးဗျ။ စာစီစာကုံး ကျနေတာပဲ။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ----- ဖန်တီးနိုင်သော နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်အပါ ကျွန်တော် အဲဒီတစ်ခုပဲ ပြောပါတယ်။ အကုန်ပေါ့ဗျာ။ နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူ အားလုံးလို့ ပြောင်းလိုက်ပါမယ်။ တိုသွားအောင်။ နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်ကြ ရန်နှင့် နိုင်ငံတော်နဲ့ ပြည်သူအတွက်ဟူသော အမြင့်မားဆုံး ရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူ အားလုံးအား အလေးအနက် တိုက်တွန်းအပ် ပါကြောင်း၊ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြုရှောင်ရှားရန် ပါဝင်ပတ်သက်သူ အားလုံးအား အလေးအနက် တိုက်တွန်းအပ်ပါကြောင်း၊ ဥက္ကဋ္ဌကြီး လိုအပ်သလို ပြုပြင်ပေးဖို့ ကျွန်တော် ပန်ကြားအပ်ပါတယ်ခင်ဗျ။ ဥက္ကဋ္ဌကြီး လိုအပ်သလို ပြင်မေးဖို့ ကျွန်တော် ပန်ကြား ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံခိပ် ရေးခိုင်းတာပေါ့။ (၂)နှစ်အတွင်းမှာ အရှည်ဆုံး အဆိုဆု ပေးပါ့မယ်။ ဒီအတိုင်းပဲထားတာ ကောင်းပါတယ်။ နော် ဒီအတိုင်းပဲထားတာ ကောင်းပါတယ်။ အဲဒီတော့ ဦးပေါ်လျှံလွင် ဖတ်ပြမယ်နော်။ ခင်ဗျား လိုက်ကူးလိုက်သေးလား။ မကူးပါနဲ့။ ပြီးလို့ ရှိရင် ဦးခင်မောင်ရီ က သူ့ရဲ့ ဆွေးနွေးချက်ကို အကုန်လုံး ဖြန့်ပေးလိုက်ပေါ့။ ဟုတ်ပြီလား။ အဆို နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင် ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက် တစ်ခုတည်း ကိုသာ အာရုံရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သောကိစ္စရပ် များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူအားလုံးကို အလေးအနက် တိုက်တွန်း အပ်ပါကြောင်း အဆို ဖြစ်ပါတယ်။ ရှင်းပြီနော်။ ခင်ဗျားတင်မဟုတ်ဘူး။ ကျွန်တော်လည်း မျက်စိ လည်နေတာပဲ။ အခု သူဆွေးနွေးပြီးမှပဲ သြော် ဒါဆိုလိုတာလို့ အောက်မေ့တာ။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါ သလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရီ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစည်းအဝေးကို ၁၄း၄၃ နာရီအချိန်တွင် ရပ်နားပါသည်။]